# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ တန်ခူးလဆန်း (၁၀)ရက် ၊ သောကြာနေ့ ၊ (27-3-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၃၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ၈၁ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကျင်းပ



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**နေပြည်တော် မတ် ၂၆**

၂၀၂၆ ခုနှစ် ၈၁ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်ဥပစာရင်ပြင်၌ ကျင်းပပြုလုပ်သည်။

ဂုဏ်ပြုညစာစားပွဲ စတင်ကျင်းပချိန်တွင် ၈၁ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ် တပ်မတော်နေ့စစ်ရေးပြကွင်းနှင့် ဘုရင့်နောင်ရိပ်သာတို့မှ မီးရှူးမီးပန်းများ ပစ်ဖောက်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် ၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာကြသည့် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊

စာမျက်နှာ ၁၆ ကော်လံ ၁ 🏳




ရတနာပုံ
၂၀၂၆ ခုနှစ် မတ် ၂၇ ရက်
အယ်ဒီတာ့အာဘော်

# ခေတ်မီစွမ်းရည်ထက်မြက်သော တပ်မတော်ဆီသို့

နိုင်ငံတော်၏အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနှင့် အမျိုးသားအကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့တွင် အဓိကကျသောအခန်းကဏ္ဍမှ ပါဝင်နေသည်မှာ ခေတ်မီစွမ်းရည်ထက်မြက်သော တပ်မတော်ပင်ဖြစ်သည်။ မြန်မာ့တပ်မတော်သည် မိမိတို့၏ သမိုင်းကြောင်းတစ်လျှောက်ခိုင်မာလှသော ရိုးရာအစဉ်အလာကောင်းများကို အခြေခံလျက်ခေတ်မီစွမ်းရည်ထက်မြက်သောတပ်မတော်တစ်ရပ်အဖြစ် ကူးပြောင်းတည်ဆောက်နေသည့် အရေးကြီးသောအချိန်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။

ကမ္ဘာ့အခြေအနေအရပ်ရပ်သည် ဘက်စုံစစ်ဆင်ရေးနှင့် နည်းပညာအသာစီးရယူမှုများဆီသို့ဦးတည်ပြောင်းလဲနေသည်နှင့်အညီ မြန်မာ့တပ်မတော်သည်လည်း သမားရိုးကျစစ်ဆင်ရေးများအပြင် အဆင့်မြင့်နည်းပညာ၊ အီလက်ထရွန်နစ်နှင့် ဆိုက်ဘာစစ်ဆင်ရေးဆိုင်ရာစွမ်းပကားများကို ပေါင်းစပ်ဖြည့်တင်းလျက်ရှိပေသည်။ ထိုသို့တည်ဆောက်ရာတွင်လည်း "တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်"ဟူသည့် ခိုင်မာသောစိတ်ဓာတ်အစဉ်အလာကိုအရင်းခံ၍ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုနှင့်ဖွံ့ဖြိုးတိုးတက်မှုကို အာမခံချက်ပေးနိုင်သောအဖွဲ့အစည်းတစ်ခုအဖြစ် ခေတ်သစ်သမိုင်းကို ရေးထိုးနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံသည် ၁၈၈၅ ခုနှစ်တွင် နယ်ချဲ့လက်အောက်ကျရောက်ခဲ့ရသည်။ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးအတွက် အခက်အခဲမျိုးစုံကို ရင်ဆိုင်ကျော်ဖြတ်၍ ဗမာ့တပ်မတော်ကိုဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။ ရဲဘော်သုံးကျိပ်မှအစပြု၍ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ဗမာ့ကာကွယ်ရေးတပ်မတော်၊ ဗမာ့အမျိုးသားတပ်မတော်၊ မျိုးချစ်ဗမာ့တပ်မတော်ဟူ၍ အဆင့်ဆင့်ပြောင်းလဲခဲ့ပြီး နယ်ချဲ့ဖက်ဆစ်တို့ကို ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် တော်လှန်တိုက်ထုတ်နိုင်ခဲ့သည်။ မြန်မာ့လွတ်လပ်ရေးအတွက်ကြိုးပမ်းခဲ့သော ထိုနေ့ကို မြန်မာ့သမိုင်းမှတ်တိုင်တွင် တပ်မတော်နေ့အဖြစ် ဂုဏ်ပြုသတ်မှတ်ခဲ့သည်။ မတ် ၂၇ ရက်(ယနေ့)ကျရောက်သည့် ၈၁ နှစ်မြောက်တပ်မတော်နေ့သည် တပ်မတော်၏စွမ်းဆောင်ရည်ကို ထုတ်ဖော်ပြသရုံသာမက အနာဂတ်တွင် ပိုမိုတောင့်တင်းခိုင်မာသော ကာကွယ်ရေးစွမ်းအားစုအဖြစ် အသွင်ကူးပြောင်းမှု၏ ပြယုဂ်တစ်ခုလည်းဖြစ်ပေသည်။

တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူတို့၏အကျိုးစီးပွားကို အစဉ်ရှေ့ရှုပြီး ဒို့တာဝန်အရေးသုံးပါး ဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိပါးလာမည့်ကိစ္စရပ်မှန်သမျှကို လွတ်လပ်ရေးကြိုးပမ်းမှုကာလမှစ၍ ယနေ့အချိန်ထိ ကာကွယ်စောင့်ရှောက်ပေးနေသကဲ့သို့ အနာဂတ်ကာလတွင်လည်း ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။

နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များ အောင်မြင်စေရန်နှင့် ခိုင်မာသောဒီမိုကရေစီစနစ်ဖော်ဆောင်ရာတွင်လည်း တပ်မတော်သည်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှ တာဝန်သိစွာပါဝင်ထိန်းကျောင်းပေးလျက်ရှိသည်။ ထို့ပြင် တပ်မတော်သည် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့်ကာကွယ်ရေးတွင် ပြည်သူတစ်ရပ်လုံးပါဝင်ရေးအတွက် ပြည်သူ့စစ်မဟာဗျူဟာကို ဖော်ဆောင်လျက်ရှိပေသည်။

ခေတ်မီတပ်မတော်၏အခြေခံမှာ မျိုးဆက်သစ်လူငယ်များဖြစ်သည်။ ခေတ်မီနည်းပညာများ ကျွမ်းကျင်စွာတတ်မြောက်ပြီး နိုင်ငံချစ်စိတ်ထက်သန်သည့် မျိုးဆက်သစ်စစ်သည်တော်များကို ပြုစုပျိုးထောင်ခြင်းဖြင့် နောင်နှစ်ပေါင်းများစွာထိ နိုင်ငံတော်ကိုအကာအကွယ်ပေးနိုင်မည့် အင်အားစုကြီးအဖြစ် အာမခံချက်ပေးထားခြင်းဖြစ်သည်။ သို့ဖြစ်ပါ၍ တပ်မတော်သည် ခိုင်မာသည့်အစဉ်အလာကောင်းများကိုအရင်းပြုလျက် ခေတ်မီစွမ်းရည်ထက်မြက်သောတပ်မတော်ဆီသို့ပြတ်သားသောခြေလှမ်းများဖြင့် လျှောက်လှမ်းလျက်ရှိသကဲ့သို့ ပြည်သူတို့၏အသက်အိုးအိမ်စည်းစိမ်ကိုလည်း အစဉ်ထာဝရစောင့်ရှောက်သွားမည့်တပ်မတော်ဖြစ်ပါကြောင်း ၈၁ နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုရေးသားလိုက်ရပေသည်။

# မလှိုင်မြို့နယ် ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မလှိုင် မတ် ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ဒဟတ်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို မတ် ၂၅ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၅ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ဒဟတ်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦးကို ငွေကျပ် ၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၇ ဦးကို ငွေကျပ် ၁၁ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၈၀ ကို ရန်ပုံငွေကျပ် ၅၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ရေဦး မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲ ၂၅၇၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၉၈ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မတ်ပဲ ၂၅၇၈၆ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာမှာလ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရေဦးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးပြေမ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ကျိုက်လတ် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးပြေမ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ရန်ကုန်ဈေးကွက်သို့ ငါးမျိုးစုံ တင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဇန်နဝါရီလအတွင်း ငါးပြေမ ပိဿာချိန် ၇၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ငါးပြေမ ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း သိရသည်။

"ဒေသထွက် ငါးပြေမတွေကို ရန်ကုန်ဈေးကွက်ကို ပိဿာချိန်အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လတွေကထက် ဖေဖော်ဝါရီလအတွင်း ပိဿာချိန် ၇၂၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်ကနေ ရေထွက်ကုန်မျိုးစုံကို ရန်ကုန်ဈေးကွက်ကိုပဲ အများဆုံးတင်ပို့ရောင်းချခဲ့ရာ ငါးပြေမကတော့ အများဆုံး တင်ပို့ခဲ့ရောင်းချခဲ့ရတဲ့ ငါးဖြစ်ပါတယ်"ဟု ကျိုက်လတ်မြို့နယ် ငါးမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ငါးပြေမ ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ မှ ၂၂၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးပြေမသည် ဈေးကွက်အခိုင်အမာရှိခြင်းကြောင့် ငါးမွေးမြူသူများအနေဖြင့် ငါးပြေမကို ထပ်တိုး မွေးမြူလာကြကြောင်း သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၃၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၈၉၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လှိုင်လင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်လင် မတ် ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လှိုင်လင်ခရိုင် လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်နောက်ကျေးရွာနှင့် နောင်ဟင့်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ ငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက တောင်နောက်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်မင်းထိုက်က တောင်နောက်ကျေးရွာနှင့် နောင်ဟင့်ကျေးရွာတို့ရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်ရန်ပုံငွေကို ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တောင်နောက်ကျေးရွာနှင့်နောင်ဟင့်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၃ သိန်း ထုတ်ချေးပေးခဲ့ကြောင်း လှိုင်လင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**

# အမရပူရမြို့နယ် တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**အမရပူရ မတ် ၂၆**

မန္တလေးတိုင်းဒေသကြီး အမရပူရခရိုင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ယာဉ်ပုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် လုပ်ငန်းများအောင်မြင် ဖြစ်ထွန်းနေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဒေါ်ပပအေးနှင့်မြို့နယ် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့်ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ခုနစ်ဦးကို ငွေကျပ် ၄ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ် ၂ ဒသမ ၉ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၃၄ ဦးကို ငွေကျပ် ၁၄ ဒသမ ၄၅ သန်း၊ အခြား အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၆၆ ဦးကို ငွေကျပ် ၁၅ ဒသမ ၅၅ သန်း၊ အသေးစား စက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ လုပ်ကိုင်သူ ၅၈ ဦးကို ငွေကျပ် ၁၉ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၃ ဦးကို ရန်ပုံငွေကျပ် ၅၇ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

# ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ကေအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ထီးချိုင့် မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စားတော်ပဲ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထီးချိုင့်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားတော်ပဲ ဧက ၄၇၁၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စားတော်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၂၄ တင်း ထွက်ရှိကြောင်း သိရသည်။

"ထီးချိုင့်မြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားတော်ပဲဧက ၄၇၁၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့စားတော်ပဲခင်းတွေ လက်ရှိအချိန်မှာ ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ စားတော်ပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းနေပါတယ်" ဟု ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

ထီးချိုင့်မြို့နယ်တွင် စားတော်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အထွက်နှုန်းကောင်းမွန်ရေး၊ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့် ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေးခဲ့ကြောင်း သိရသည်။

စားတော်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စားတော်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုကိုအောင်က ပြောပြသည်။

(၂၀၆)

# မင်းလှမြို့နယ် ချောင်းသစ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မင်းလှ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ချောင်းသစ်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်ထွန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ချောင်းသစ်တန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၁၆၀ ကို ငွေကျပ် ၄၀ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို ငွေကျပ် ၇ ဒသမ ၁ သန်း၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ငွေကျပ် သုည ဒသမ ၁ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၃၂ ဦးကို ငွေကျပ် ၄၇ ဒသမ ၉ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးစည်ဖောင်းခြောက်ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်းက ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်တွေကို ပင်လယ်ငါးတွေဖြစ်တဲ့ ငါးရွှေငါး၊ နတ်ကတော်ငါး၊ ငါးရောင်ငါး၊ ငါးပုတ်သင်ငါးစတဲ့ငါးတွေကနေ ဝမ်းဗိုက်ခွဲပြီးရရှိတဲ့ ငါးစည်ဖောင်းတွေကို စနစ်တကျသန့်စင်နေပူလှန်းအခြောက်ခံပြီး ပြုလုပ်ထားတာဖြစ်ပါတယ်။ ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဖေဖော်ဝါရီလတတိယပတ်ကစတင်ပြီး ဝယ်ယူအားတက်ခဲ့တာပါ။ ဘိုကလေးမြို့နယ်ကနေ ငါးစည်ဖောင်းခြောက်တွေ အပါအဝင် အခြားရေထွက်ကုန်တွေကိုပါ ရန်ကုန်ဈေးကွက်ကို အဓိကထားတင်ပို့ရောင်းချနေတာဖြစ်ပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ဘိုကလေးမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက်များသည် တစ်ပိဿာချင်း ဈေးနှုန်းအနေဖြင့် ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင်ငွေကျပ် ၂၇၀၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀၊ ငါးရောင် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၈၀၀၀၀ စသည်ဖြင့် အမျိုးအစားအပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အတာကူးတဲ့လတန်ခူးမှာ ရွှင်မြူးကျန်းမာမင်္ဂလာရှိကြပါစေ

မောင်ငြိမ်းသူ (ကြို့ပင်ကောက်)

**"ဒေသစာလှမ်း၊ လှည့်လည်ငယ်မြန်းလို့**
**နှစ်ဆန်းငယ်သင်္ကြန်၊ သစ်သစ်သာ ဖန်တော့တယ်**
**နိုင်ငံကြော့ပြည်သူမှာ၊ ပန်ဆုယူတာ ရေသွန်းချိန်မို့**
**လွှမ်းလှတယ်လေး။ ။"**

**(မဟာအတုလမင်းကြီးဖွဲ့-လွမ်းချင်း)**

"ဩော်...ဘာလိုလိုနဲ့ နှစ်သစ်ကူးတော့မှာပါလား"

တစ်နှစ်တစ်နှစ် တွက်စစ်ကြည့်ရင် ဘာမှမကြာလိုက်ပါလား။

တူးပို့တူးပို့အသံတွေက သင်္ကြန်ရောက်ခါနီးမှာ ဝေစည်နေကြလေ့ရှိကြသည်။ နားဝင်ပီယံရှိလှသည်။ ဘယ်သောအခါမျှ ရိုးအီ၍မသွား သင်္ကြန်သီချင်းတွေကိုကြားရလေတိုင်း အရွယ်အိုကြသော်လည်း စိတ်ကနုပျိုလာကြလေ့ရှိသည်။ အတိတ်ကို သတိရတမ်းတမိကြသည်။

လူကြီးများက သံဝေဂတရားဖြင့် တစ်နှစ်ကြီးလာပါပကောလားရယ်လို့ ဆင်ခြင်သုံးသပ်တရားမှတ်နေကြသည်။ လူငယ်များက နှစ်သစ်ကူးအခါသမယ ရွှင်မြူးပျော်ပါးရေကစားနေကြသည်။ နှစ်သစ်ကူးတန်ခူးလ၏ ပိတောက်ပန်းနှင့် သင်္ကြန်ပွဲတော်ကိုကား မြန်မာလူမျိုးအများစုက အနှစ်သက်ဆုံးပင်ဖြစ်သည်။

**နှစ်သစ်ကူးသည့် လတန်ခူး**

**"တန်ခူး"**၏အဓိပ္ပာယ်မှာ **တန်=တ="ထန်း" (တာလ)**ဖြစ်သည်။ တပို့တွဲလတွင် ထန်းလက်များကိုနှိမ်၍ တွဲလျားဖြစ်စေခဲ့သောကြောင့် **(ထန်းပို့တွဲ= တပို့တွဲ)**ဟူ၍လည်းကောင်း၊ တပေါင်းလတွင် ထန်းရည်များခံယူကြပြီး ထန်းလျက်ဖြစ်အောင် ပေါင်းကျိုချက်လုပ်ခဲ့ကြရသောကြောင့် **(ထန်းပေါင်း= တပေါင်း)**ဟူ၍လည်းကောင်း၊ တန်ခူးလတွင် ထန်းသီးများကို ဆွတ်ခူးခဲ့ကြသောကြောင့် **(ထန်းခူး-တန်ခူး)**ဟူ၍လည်းကောင်း ခေါ်ဆိုသတ်မှတ်ခဲ့ကြသည်။

**"တာကူး၊ တံကူး၊ တန်တန်ခူး၊ ထူးထူးဝါဒပြား။**
**ရာသီခေါ်ရန်၊ မိဿမှန်၊ သင်္ကြန်ပွဲတော်ထား။**
**စိတ်တြကြယ်၊ ပန်းနှင့်ဆွယ်၊ ပန်းဝယ်အင်ကြင်းများ၊**
**ဝတ်မှုံရနံ့၊ မွှေးပျံ့ပျံ့၊ ကံ့ကော်ပွင့်ဖားဖား"**

**(အမည်မသိရှေးစာဆိုတစ်ဦးဖွဲ့ သံပေါက်)**

တန်ခူးလသည် နှစ်ဟောင်းမှ နှစ်သစ်သို့ကူးပြောင်းသည့် အခါသမယဖြစ်သဖြင့် **"တာကူးလ" (တန်ခူးလ)**မည်ကြောင်း၊ တနင်္ဂနွေဂြိုဟ်မင်း နေစကြာသည် တစ်နှစ်တာရာသီစက်ဝန်းကြီး၏ ခရီးအဆုံးဖြစ်သည့် မိန်ရာသီမှ စက်ဝန်း၏ခရီးအစ မိဿရာသီသို့ အသစ်တစ်ကြိမ် ကူးပြောင်းသည့်အခါဖြစ်သောကြောင့် **"တာကူးလ=တန်ခူးလ"**ဟုခေါ်ဆိုခဲ့ကြကြောင်း မှတ်တမ်းတင်ထားကြသည်။

ရှေးဟောင်းပညာရှင်ကြီး **"သီဟိုဠ် ဋီကာဆရာတော်-အရှင်မောဂ္ဂလန်"**က သူ၏အဘိဓာန်ဋီကာ၌ "နာနာပုပ္ဖလဝီထိတြိတာယ၊ လောကနံ-ရမ္မနံ" ဟူ၍မိန့်ဆိုခဲ့သည်။ အဓိပ္ပာယ်မှာ "စိတြနက္ခတ်စန်းယှဉ်ခြင်းပြုသော တန်ခူးလသည် အမည်မည်သောအင့်၊ အဖုံဖုံသောအဖူး၊ အထူးထူးသော အနုအထွတ်၊ အပွင့်နှင့်အသီးမျိုးစုံတို့ဖြင့် ဆန်းကြယ်ထူးခြားထွေပြားလှသည်။ ထို့ကြောင့် လူတို့၏ စိတ်နှလုံးကိုမွေ့လျော်၊ ပျော်ရွှင်ကြည်နူးစေသော လမြတ်ဖြစ်သည်"ဟူ၏။

တန်ခူးလကို ပုဂံခေတ်ကျောက်စာများတွင် ခေတ်ရေးထုံးအတိုင်းပင် **"တန်ခူး"**ဟု ရေးသားထားသကဲ့သို့ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်များတွင်လည်း **"တန်ခူး"**ဟုပင် ရေးသားထားကြသည်။

**နှစ်သစ်ကူးသင်္ကြန်ပွဲတော်**

သင်္ကြန်ဟူသောစကားသည် **"သင်္ကြန္တ"**ဟူသော သက္ကတပုဒ်မှ ပြောင်းလဲလာသည့် မြန်မာဝေါဟာရဖြစ်သည်ဟု "ဝေါဟာရလိနတ္ထဒီပနီ"တွင် ဖွင့်ဆိုထားသကဲ့သို့ **"သင်္ကန္တ"**ဟူသော ပါဠိပုဒ်မှဆင်းသက်လာသော ဝေါဟာရဖြစ်သည်ဟုလည်း ယူဆခဲ့ကြသည်။ **"ပြောင်းရွှေ့ခြင်း၊ ကူးပြောင်းခြင်း"**ဟု အဓိပ္ပာယ်ရသည်။

ဗေဒပညာရှင်များကမူ မိန်ရာသီ၏နဝင်းအဆုံးဖြစ်သော ရေဝတီနက္ခတ်မှ မိဿရာသီ၏အစနဝင်းဖြစ်သော အဿဝနီနက္ခတ်သို့ ကူးပြောင်းကျရောက်နေချိန်ဖြစ်သည်။ ထိုသို့တနင်္ဂနွေဂြိုဟ်မင်း မိန်ရာသီမှ မိဿရာသီသို့ကူးပြောင်းချိန်ကျရောက်သည်ကို သင်္ကြန်ကျရောက်သည်ဟု ဗေဒရှုထောင့်အရ ယူဆခဲ့ကြသည်။

အမြင်ကြီးမားစွာဖြင့် တီထွင်စီစဉ်ခဲ့ကြခြင်းဖြစ်သည်။

သင်္ကြန်တွင်း ရေပက်ကစားခြင်းအလေ့အထသည် မြန်မာမှုသမိုင်း၌ ရှေးပဝေသဏီကတည်းကပင်ရှိခဲ့ကြောင်း ကောလိယပြည်နှင့် မြတ်ဗုဒ္ဓဖွားမြင်တော်မူရာဒေသ ကပိလဝတ်ပြည်ကြား၌ ဒေဝဒဟပြည်ဟူ၍ မပေါ်ထွန်းမီက ဒေဝဒဟအမည်ဖြင့် မင်္ဂလာကန်တော်ကြီးတစ်ကန်ရှိခဲ့ရာ ထိုရေကန်ကြီး၌ နှစ်ပြည်ထောင်သော မင်းညီမင်းသားတို့ပေါင်းဆုံ၍ ရေပက်ကစားကြရင်း ချစ်ကြည်ရင်းနှီးခဲ့ကြကြောင်း၊ ထိုအချိန်မှစ၍ ရေပက်ကစားခဲ့ကြကြောင်း **"ဥပရိပဏ္ဏာသ အဋ္ဌကထာဒေဝဒဟသုတ်"**တွင်း ဖွင့်ဆိုထားခဲ့သည်။

**❖ သင်္ကြန်တွင်း ရေပက်ကစားခြင်းအလေ့အထသည် မြန်မာမှုသမိုင်း၌ ရှေးပဝေသဏီကတည်းကပင်ရှိခဲ့ကြောင်း ကောလိယပြည်နှင့် မြတ်ဗုဒ္ဓဖွားမြင်တော်မူရာဒေသ ကပိလဝတ်ပြည်ကြား၌ ဒေဝဒဟပြည်ဟူ၍ မပေါ်ထွန်းမီက ဒေဝဒဟအမည်ဖြင့် မင်္ဂလာကန်တော်ကြီးတစ်ကန်ရှိခဲ့ရာ ထိုရေကန်ကြီး၌ နှစ်ပြည်ထောင်သော မင်းညီမင်းသားတို့ပေါင်းဆုံ၍ ရေပက်ကစားကြရင်း ချစ်ကြည်ရင်းနှီးခဲ့ကြကြောင်း၊ ထိုအချိန်မှစ၍ ရေပက်ကစားခဲ့ကြကြောင်း "ဥပရိပဏ္ဏာသ အဋ္ဌကထာဒေဝဒဟသုတ်"တွင်း ဖွင့်ဆိုထားခဲ့သည်။ ❖**

အခါတစ်ပါး၌ သိကြားမင်းနှင့် အာသီမည်သော ဗြဟ္မမင်းတို့ ဗေဒင်ဆိုင်ရာပြဿနာ အငြင်းပွားခဲ့ကြရာ လူ့ပြည်မှ ဗေဒင်ပညာရှင် ကဝိလမိုင်းဆရာ၏ အဆုံးအဖြတ်ကို ခံယူခဲ့ကြပြီး နိုင်သူက ရှုံးသူကို ဦးခေါင်းဖြတ်ကြစတမ်းဟု သဘောတူညီခဲ့ကြသည်။ ကဝိလမိုင်းဆရာကြီးက သိကြားမင်း၏ အယူအဆမှန်ကန်ကြောင်း အဆုံးအဖြတ်ပေးခဲ့သည်။ သို့သော် သိကြားမင်းက ဗြဟ္မာမင်း၏ဦးခေါင်းကို မဖြတ်ပေ။ ဗြဟ္မာမင်းကသာ သူ့အဓိဋ္ဌာန်ဖြင့် သူ့ဦးခေါင်းကိုဖြတ်ခဲ့သည်။ ပြတ်ကျသွားသော ဗြဟ္မာမင်း၏ဦးခေါင်းကို သမုဒ္ဒရာထဲသို ပစ်ချခဲ့သော် ရေများခန်းခြောက်သွားမည်။ မြေပြင်တွင် ပစ်ချခဲ့သော် တစ်လောကလုံး မီးဟုန်းဟုန်း တောက်လောင်သွားမည်ဆို၏။ ထို့ကြောင့် သိကြားမင်းက နတ်သမီးခုနစ်ဖော်အား ဗြဟ္မာမင်းကြီး၏ဦးခေါင်းကို အလှည့်ကျပွေ့ချီထားစေခဲ့ကြောင်း၊ နတ်သမီးတစ်ဦးလက်မှ တစ်ဦးလက်သို့ ပြောင်းရွှေ့သောကာလမှာ လူတို့အရေအတွက်အားဖြင့် တစ်နှစ်ပြည့်မြောက်သောအချိန်နှင့်ညီမျှသည်ဆိုကြောင်း၊ ထိုသို့ပြောင်းလွှဲပေးသည်ကို သက္ကရာဇ်ဦးခေါင်းပြောင်းသည်ဟုခေါ်ကာ **"အတာကူး သင်္ကြန်ပွဲတော်"**များ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းပြုစုထားခဲ့ကြသည်။

**ရေကစားခဲ့ကြသည့်သင်္ကြန်**

**"တန်ခူးရေကုန်၊ ကဆုန်ရေခန်း"**ဟူသော စကားနှင့်အညီ တန်ခူးလသည် ပူပြင်းလှသဖြင့် ရေများခန်းခြောက်ကုန်ကြလေ့ရှိသည်။ ထို့ကြောင့် **"ချိန်ခါနွေ၊ ဣန္ဒြာဆွေ ဘူပတိသော်မျှ ပူမိလျှင် ဘယ်ဖြေနိုင်လိမ့်"**ဟူ၍ တန်ခူးလ၏ပူလောင်ပုံကို နတ်တို့သနင်း သိကြားမင်း ကိုယ်တိုင်သော်မှ ဖြေသိမ့်နိုင်စွမ်းမရှိကြောင်း တင်စားရေးစပ်ခဲ့ကြသည်။ ထိုသို့ပူပြင်းခြောက်သွေ့ချိန်တွင် ရေစင်များ ပက်ဖျန်းကြခြင်းအားဖြင့် ပြည်သူအများ ချမ်းမြေ့အေးချမ်းလန်းဆန်းသာယာစေသည်ဟု ရှေးမြန်မာလူမျိုးများက အမြော်

သင်္ကြန်နှင့်ပတ်သက်၍ ပျားဖယောင်းနံ့စွဲအောင် အခိုးသတ်၍ထားသောအိုး၌ ဆန်ကိုထည့်ပြီး ရေခန်းချက်ထားသော ဖယောင်းနံ့သင်းသည့် ထမင်းကို **"သင်္ကြန်ထမင်း"**၊ ထိုကာလတွင် အတာအိုးမှာထိုးစိုက်၍ သိကြားမင်းအဆင်းကိုကြိုဆိုသည့် ခုနစ်နေ့နံသင့်ပန်းကို **"သင်္ကြန်ပန်း၊** ထိုကာလတွင် ရွာသွန်းသောမိုးကို **"သင်္ကြန်မိုး"**၊ သင်္ကြန်တွင်းမှာ အချင်းချင်းရေသွန်းလောင်းပက်ဖျန်းကစားသောရေကို **"သင်္ကြန်ရေ၊** သင်္ကြန်ကာလလွန်မြောက်ပြီးစမှာ ရွာသွန်းသောမိုးကို **"သင်္ကြန်လက်ဆေးမိုး"** ထိုရက်အတွင်း တစ်ဖက်ဖွင့် ဝါးပိုးဝါးအဆစ်အတွင်းသို့ လောင်စာစွတ်ထားသောအဝတ်ဖြင့် သုတ်လိမ်းထားပြီး ကိုယ်ထည်၏နောက်ဘက်မှ ဖောက်ထားသောအပေါက်ကို မီးတို့ခြင်းဖြင့် ပြင်းထန်သောပေါက်ကွဲသံဖြစ်စေအောင် ပစ်ဖောက်လေ့ရှိသော ဝါးပိုးအမြောက်ကို **"သင်္ကြန်အမြောက်"** (ကြွားဝါပြောကြားကြသူများကို၊ အဆန်မရှိတဲ့ သင်္ကြန်အမြောက်ဟု တင်စားကြလေ့ရှိ) ဗေဒင်နက္ခတ်ပညာရှင်တို့က နှစ်သစ်ကာလအတွက် ထုတ်ဖော်ဟောကိန်းစာများကို **"သင်္ကြန်စာ"**စသည်ဖြင့် သင်္ကြန်အမှတ်တရစကားများလည်းရှိသည်။

နှစ်သစ်ကူးလတန်ခူး၏ ရာသီအမည်က **"မိဿ"**၊ စန်းပြည့်နက္ခတ်က **"စိတြ"**၊ ယှဉ်တာရာက **"တံငါတာရာ"**၊ ရာသီရုပ်က **"ဆိတ်ကုလား(သိုး)"**၊ ရာသီပန်းက **"ကံ့ကော်ပန်း"**၊ ရာသီပွဲက **"သင်္ကြန်ပွဲ"**၊ လပြည့်သန်းခေါင် နတ်ပေါင်းခပင်က **"နဂါးစက်ပင်"**၊ ရက်ရာဇာက **"ဗုဒ္ဓဟူး၊ သောကြာ**၊ ပြဿဒါးက **"ကြာသပတေး၊ စနေ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါး ကအစ အသေးစိတ် ဖော်ထုတ်မှတ်တမ်းတင်ထားကြသည်။

**"ဆယ့်နှစ်လဒွါဒရမှာ၊ ခါမိဿရာသီ၊ ရင်းအစ ဦးချီသည်၊ လတွင်မည်တန်ခူး။ ။**

**စိတ်တြကြယ်ပြောင်ငယ်၊ ညဥ့်သန်းခေါင် ကျော်ခါမြူး။ ။**

**နှစ်သစ်ဦးအခါ၊ ပန်းကံ့ကော်ရွှေရင်ခတ်ကယ်လို့ ဖူးပွင့်ချပ်စီလို့သာဖြာ။ x x x တူမကွာ မောင်မယ်နွဲ့လို့၊ မြတ်သည့်ပွဲသင်္ကြန်တော်၊ တီးခြိမ့်ခြိမ့်ကြော်၊ ထီးကမ္ဘူရိပ်ပျော်ငယ်၊ ခေါင်းလျှော်တော်မူမြဲထင့်လေး...။ ။"**

**(ဦးပုညဖွဲ့-တေးထပ်)**

မြန်မာတစ်ဆယ့်နှစ်လရာသီတွင် အစဦးဆုံးလ (ပထမ)လဖြစ်သော လတန်ခူး၏ ရိုးရာယဉ်ကျေးမှုပွဲတော်ဖြစ်သော သင်္ကြန်သည် မြန်မာစကားစစ်စစ်ဖြစ်ပြီး ကောင်းကျိုးမင်္ဂလာအဖြာဖြာ တိုးပွားကြစေရန် ဆေးကြောသန့်စင်ခြင်းဟုခံယူထားကြသည်။ ထိုခံယူချက်ကို သက်သေထူသည့်သမိုင်းမှတ်တမ်းမှာ ရှေးမြန်မာဘုရင်များသည် ဦးခေါင်းဆေးလျှော်ကြခြင်းကို သင်္ကြန်ဟုခေါ်ဆိုခဲ့ကြကြောင်း ဘုရင်တို့သည် တစ်ပတ်လျှင် တစ်ကြိမ်ခေါင်းလျှော်သော **"ပကတိ သင်္ကြန်"**၊ ဂြိုဟ်စီးဂြိုဟ်နင်း ညှို့ဖျင်းသောအခါ အန္တရာယ်ပျောက်၍ ဘုန်းတော်တောက်ရန် ခေါင်းလျှော်လေ့ရှိသော **"သင်္ကြန်လတ်"**၊ ဘိသိတ်ခံယူသည့်အခါ ခေါင်းလျှော်လေ့ရှိသော **"မဟာသင်္ကြန်"**ဟူ၍ သင်္ကြန်သုံးမျိုးရှိကြောင်း ရေပက်ကစားခြင်းသည် မကောင်းမှုမှန်သမျှကို ဆေးကြောသန့်စင်သည့်သဘောပင်ဖြစ်ကြောင်း သမိုင်းမှတ်တမ်းထင်ထားခဲ့ကြသည်။

**ရိုးရာယဉ်ကျေးမှုအစဉ်ရှေးရှု**

တကယ်တော့ သင်္ကြန်ပွဲတော်ဆိုတာက နှစ်ဟောင်းကနေ နှစ်သစ်ကို ကူးပြောင်းသည့်အချိန် နှစ်သစ်ကူးကာလ မင်္ဂလာအခါသမယ။

ထို့ကြောင့် နှစ်ဟောင်းက အညစ်အကြေးများကို ဆေးကြောသည့်အနေဖြင့် တစ်ဦးကိုတစ်ဦး ရေစင်ပက်ဖျန်းကြလေ့ရှိသည်။

ရှေးအခါက ရေစင်ပက်ဖျန်းကြရာတွင် နံ့သာရည်ကို သပြေခက်ကလေးဖြင့် ဆွတ်ပျံ့မွှေးကြူရယူပြီး ပက်ဖျန်းခံလိုသူ၏ခွင့်ပြုချက်ကို တောင်းခံပြီးမှ ရိုးသားသည့် စိတ်ရင်းအမှန်ဖြင့် ညင်ညင်သာသာ ယဉ်ယဉ်ကျေးကျေး၊ လေးစားသမှုဖြင့် ပက်ဖျန်းခဲ့ကြသည်။

ထိုသို့ သန့်စင်သည့်ရေဖြင့် ပက်ဖျန်းမှုပြုခဲ့ကြသည့် မြန်မာ့ယဉ်ကျေးမှုသင်္ကြန်ကို မြန်မာလူမျိုးတိုင်း အရိုးစွဲအောင် လက်ခံယုံကြည်တန်ဖိုးထားခဲ့ကြသည်။

ထို့ပြင် နှစ်သစ်ကူးသင်္ကြန်အခါသမယမှာ ရဟန်းခံရှင်ပြုပွဲ၊ သက်ကြီးပူဇော်ပွဲ၊ တရားပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ ဆွမ်းဆန်စိမ်းလှူဒါန်းပွဲ၊ တိရစ္ဆာန်ဘေးမဲ့လွှတ်ပွဲ၊ တရားစခန်းများဖွင့်ပွဲ၊ အဘိုးအဘွားများအား တရော်ကင်ပွန်းခေါင်းလျှော်ရည် လှူဒါန်းပွဲ၊ ခြေသည်းလက်သည်း လှီးဖြတ်ဒါနခံယူပွဲ၊ နှစ်ဆန်းတစ်ရက်နေ့မှာ အန္တရာယ်ကင်းပရိတ်ရွတ်ပွဲ စသည်ဖြင့် ကောင်းမှုကုသိုလ်အစုစုကို ပြုမူကျင့်ကြံကြလေ့ရှိခဲ့ပါသည်။

ထို့ကြောင့် အမျိုးသားစာဆိုကြီး "ဆရာဇော်ဂျီ"က

**"ထိန့်လိုက်တဲ့အိုးစည်**
**နဲ့ကလည်းပီသနဲ့**
**သီသူကသီကြ**
**ကသူက ကလာ**
**နွားကြီးလည်း ပါသပေ့ါ**
**ကျောပေါ်မှာ ကော်ဇော**
**အမွှေးရော သနပ်ခါး**
**ချိုဖျားမှာ ပိတောက်ပန်းတွေက**
**တလျှမ်းလျှမ်း ရွှေအဆင်**
**နွားစိတ်ထဲ အခဲသာဝင်လိုက်ရ**
**ရွှင်လိုက်မယ့်ဖြစ်ခြင်း"**ဟူ၍ ဘေးမဲ့လွှတ်ခံရသည့် တိရစ္ဆာန်များ၏ကိုယ်စား ခံစားရေးဖွဲ့ခဲ့သည်။

စာမျက်နှာ ၅ သို့ á

# ၂၀၂၆ ခုနှစ်၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး ၃ ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန်အရေး ၃ ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအပေါ်အခြေခံ၍ ဖြစ်နိုင်သမျှ အလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့် လိုက်နာဆိုသည့် တပ်မတော်၏လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည် ၃ ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာအသုံးပြုတတ်စေရေး စဉ်ဆက်မပြတ် တိုးတက်အောင် ဆောင်ရွက်ရေး။

# မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**စစ်ကိုင်း မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကြီးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၄၈၈၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ပဲကြီးစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၁၅ ဒသမ ၄၈ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"မြင်းမူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကြီး ၄၈၈၈ ကေထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲကြီးစိုက်ခင်းတွေ လက်ရှိမှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကြီးအထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့ လိုအပ်တဲ့မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေကို တောင်သူတွေနဲ့ပူးပေါင်းပြီး ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

မြင်းမူမြို့နယ်တွင် ပဲကြီးစိုက်တောင်သူများအနေဖြင့် ပဲကြီးစိုက်ကေများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့် မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

á စာမျက်နှာ ၄ မှအဆက်

ကျွန်တော်တို့ မြန်မာလူမျိုးများသည် ဘယ်အရပ်မှာရောက်နေစေကာမူ သင်္ကြန်ကာလရောက်လာသောအခါ မွေးရပ်ဇာတိမြေကို ပြန်ချင်ကြလေ့ရှိသည်။ ငယ်ဘဝ၊ သင်္ကြန်ကာလကို လွမ်းမောတမ်းတစွာဖြင့် ဇာတိမြေမှာပဲ နားခိုချင်ကြသည်။ အထူးသဖြင့် ပြည်ပရောက်မြန်မာလူမျိုးတိုင်းသည် အမိဇာတိမြေ၏သင်္ကြန်ကာလကို ပိုမို၍လွမ်းမောတမ်းတနေကြလေ့ရှိသည်။

ယခုအခါ မြန်မာ့ယဉ်ကျေးမှုသင်္ကြန် မူလဘူတရင်းစစ်မှန်နှင့် သွေဖယ်လာခဲ့လေပြီ။ အမျိုးချစ်သူတွေက ယဉ်ကျေးမှုကို ထိန်းသိမ်းနေကြသော်လည်း အမျိုးမစစ်၊ မျိုးမချစ်သူများက မြန်မာနှစ်သစ်ကူးပွဲတော်ကို ဟက်ပီးနယူးယီးယားလောက်မှ တန်ဖိုးမထားဖြစ်နေလေသည်။

အကြောင်းမှာမူ ချစ်စရာကောင်းပျော်ရွှင်ကြည်နူးစရာကောင်းမင်္ဂလာအဖြာဖြာနှင့် ကုသိုလ်ကောင်းမှုအစုစုရှိလှသည့် ဣဋ္ဌာရုံ နှစ်သစ်ကူးပွဲတော်ကို အနိဋ္ဌာရုံတွေ လွှမ်းမိုးလာသောကြောင့်ပင်တည်း။

သင်္ကြန်အခါကြီးရက်ကြီးအတွင်း သရုပ်ပျက်ဝတ်စားဆင်ယင်ပြောဆိုရိုင်းပျမှုများ၊ အရက်၊ ဘီယာ၊ မူးယစ်ဆေးဝါးသောက်စားပျော်ပါးမှုများကြောင့် မှုခင်းကြီးငယ်အသွယ်သွယ် ဖြစ်ပွားမှုများကို နှစ်စဉ် ကြုံတွေ့နေကြရသည်။

ပုဂံခေတ်က ချစ်လင်ဘုရင်က မိဖုရားစောလုံကို ကျီစယ်သည့်အနေဖြင့် လူပုံအလယ်မှာ ရေကစားမိသောကြောင့် စောလုံကအထင်လွဲပြီး ချစ်လင်ကို အဆိပ်ခတ်လုပ်ကြံခဲ့သည်။ ချစ်လင်က သိသွားတော့ စောလုံကို မီးပုံမှာ မီးရှို့သတ်ခဲ့သည့် သာဓကတစ်ရပ် သမိုင်းအစဉ်အလာမှာ ကမ္ပည်းတင်ထားခဲ့သည်ကို အားလုံးသိထားခဲ့ကြသည်။

သင်္ကြန်ပွဲတော်မှာ နွှဲပျော်ကြည့်ရင်းက အပျော်လွန်သဖြင့် ရင်နင့်ကြေကွဲစရာဖြစ်ရပ်မျိုးစုံတွေ့ခဲ့ရပုံကို တင်ပြရမည်ဆိုလျှင် ပြောမဆုံးပေါင် တောသုံးထောင်ပင်။

ကျွန်တော်တို့ မြန်မာ့ရိုးရာယဉ်ကျေးမှုမင်္ဂလာသင်္ကြန်၊ မင်္ဂလာနှစ်သစ်ကူးကာလမှာ အရုပ်ဆိုးအကျည်းတန်စေသည့် သရုပ်ပျက်တွေကို ကာကွယ်တိုက်ဖျက်ကြဖို့ လိုနေလေပြီ။

မင်္ဂလာဆိုတာ တိုးတက်ကြီးပွားကြောင်းတရား။ ကောင်းမြတ်ခြင်း။ တင့်တယ်ခြင်း။ ကျက်သရေရှိခြင်းဟူ၍ မြန်မာအဘိဓာန်မှာ ဖွင့်ဆိုထားလေရာ ရိုးရာမဟာသင်္ကြန်ကို နှောင့်ယှက်ဖျက်ဆီးနေကြသော သရုပ်ပျက်များသည် အ မင်္ဂလာများပင်ဖြစ်ကြသည်။ ဆွမ်းဆန်ထဲ ကြွက်ချေးရောနေသည့် သဘောပင်ဖြစ်နေသည်။

သို့ဖြစ်ရာ မင်္ဂလာအဖြာဖြာနှင့် ကျက်သရေရှိလှသော မြန်မာ့ရိုးရာမဟာသင်္ကြန်အခါသမယတွင် မင်္ဂလာအပေါင်း ခညောင်းစေရေးအတွက် အ မင်္ဂလာသရုပ်ပျက်တွေကို ကျွန်တော်တို့ပြည်သူများက ထာဝစဉ်တားဆီးကာကွယ်ကြရန်နှင့် ဖယ်ရှားနှိမ်နင်းဖြိုခွင်း ရှင်းလင်းပစ်ကြရန် အထူးလိုအပ်နေပြီဟုသာ ကျွန်တော်ဆန္ဒမွန်ပြုလိုက်ချင်ပါတော့သည်။

**"မြန်မာ့ယဉ်ကျေးမှု အစဉ်ရှေးရှု နွှဲကြပျော်ရွှင်၊ အတာသင်္ကြန်"။ ။**

**ကျမ်းကိုး:**

- **တစ်ဆယ့်နှစ်ရာသီဖွဲ့ပေါင်းချုပ်**
- **ဝိသဇ္ဇက(ပဲခူး)၏ မြန်မာ့တစ်ဆယ့်နှစ်လရာသီဘွဲ့**
- **ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**

# လယ်ယာကဏ္ဍ နွေဦးအလှ

- ပဲ ပြောင်း ဝါ နေကြာရင့်လို့
ရိတ်သိမ်းသင့် ခွင့်ခါပေ၊
မျှော်တခေါ် ရော်ဝါလွှမ်းသည့်
ဂျုံခင်းတန်းရှည်၊
မြေပဲ နှမ်း အောင်ပန်းဝေ
ဆီထွက်စေလို့ ဝင်ငွေရ၊
တစ်ရက်မနားပါဟု
စက်အများတွေနှင့်၊
လက်စားကူ တူညီမျှသည့်
နွေဦးသမယ။

- ရိတ်သိမ်းခြွေ ရွှေငွေစနှင့်
တောင်သူဘဝ အလှဆင်၊
ရာသီပင် တွင်တွင်စိုက်ဖို့
အားတိုက်လို့နှင်၊
ဆည်မြောင်းက ရေစရှင်
တသွင်သွင် စီးအလျှဉ်မို့၊
လယ်ယာမြေ ရွှေသခွါးနှင့်
နွေစပါးစိုက်စို့။

- ဂျုံရိတ်မြေ ရေကိုသွင်းလျက်
ရေဆင်းတက် ချိတ်ဆက်ရှာ၊
မျိုးသန့်ရာ သေချာရွေးနှင့်
ဆေးနွေးလျက်သာ၊
ညွှန်ကြားမှု ခံယူကာ
စံနမူနာဖြင့် စိုက်ကာပျိုး၊
မတ်ပဲလေ ရွှေနေကြာနှင့်
ပြောင်းကြက်စာ နှမ်းဝါနက်ရယ်
ပဲတီထွက်တိုး။

- သီးနှံအစုံ ထုတ်ကုန်မျိုးမို့
ဖွံ့ဖြိုးလို့ တိုးတက်နေ၊
ပြည်ပငွေ ဝင်ငွေစွမ်းနှင့်
ကြိုးပမ်းဝန်ကျေ၊
စက်မှုခေတ် စနစ်သစ်အဖြေ
လယ်ယာမြေမှ မသွေဆောင်စွမ်း၊
ပြည်အကျိုးကိုလ
သည်(သယ်)ပိုးကာ ကျရာအခန်းကရယ်၊
ဦးပဲ့ရွက်ထမ်း။ ။

**ကိုမောင်လှသိန်း(ညီုမြတ်တို့ရွာ)**


ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ထိန်းချုပ်နိုင်ရန်

နှာချေ၊ ချောင်းဆိုးရာတွင် ပါးစပ်နှင့် နှာခေါင်းတို့ကို ပဝါ၊ တစ်ရှူးတို့ဖြင့် လုံအောင်ဖုံးအုပ်ပါ (သို့မဟုတ်) တံတောင်ဆစ်ကွေးနှင့် ဖုံးအုပ်ပြီး နှာချေချောင်းဆိုးပါ။



## နိုင်ငံတကာ သတင်းများ

# လာမည့်မေလအတွင်း တရုတ်နိုင်ငံသို့ အမေရိကန်သမ္မတ သွားရောက်မည်

ဝါရှင်တန် မတ် ၂၆

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုနှစ် မေလအတွင်း တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မိမိအနေဖြင့် လာမည့် မေ ၁၄ ရက်မှ ၁၅ ရက်ထိ တရုတ်နိုင်ငံသို့ သွားရောက်၍ တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က မတ် ၂၅ ရက်တွင် ၎င်း၏လူမှုကွန်ရက်စာမျက်နှာ၌ သတင်းထုတ်ပြန်ထားသည်။

အဆိုပါခရီးစဉ်သည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အတွက် ရှစ်နှစ်တာကာလအတွင်း ပထမဆုံး တရုတ်ခရီးစဉ် ဖြစ်လာမည်ဖြစ်သည်။

လက်ရှိတွင် မိမိ၏တရုတ်ခရီးစဉ်အတွက် တရုတ်နှင့်အမေရိကန်နှစ်ဖက်တာဝန်ရှိသူများအနေဖြင့် ပြင်ဆင်မှုများ အပြီးသတ်လုပ်ဆောင်နေပြီဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

တရုတ်သမ္မတ ရှီကျင့်ဖျင်ကလည်း အပြန်အလှန်အနေဖြင့် ယခုနှစ်အတွင်း အမေရိကန်နိုင်ငံသို့ တရားဝင်ခရီးစဉ်အဖြစ်လာရောက်မည် ဖြစ်ကြောင်းလည်း သမ္မတ ဒေါ်နယ်ထရမ့်က အတည်ပြုထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်သည် မူလက လာမည့် ဧပြီလအစောပိုင်းတွင် တရုတ်နိုင်ငံသို့သွားရောက်ရန် စီစဉ်ထားသော်လည်း အီရန်စစ်ရေးပဋိပက္ခကြောင့် ခရီးစဉ်ကို ဆိုင်းငံ့ထားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# စစ်ရေးအရှုံးကိုလက်မခံပါက အီရန်ကိုပိုမိုပြင်းထန်စွာ တိုက်ခိုက်မည်ဟု အမေရိကန် သတိပေးပြောကြား




ဝါရှင်တန် မတ် ၂၆

အီရန်နိုင်ငံအနေဖြင့် စစ်ရေးအရ အရေးနိမ့်မှုကိုလက်ခံခြင်းမရှိပါက ပို၍ပြင်းထန်သောတိုက်ခိုက်မှုများ ရင်ဆိုင်ရမည်ဖြစ်ကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးအဖွဲ့ အတွင်းရေးမှူး ကာရိုလိုင်းလီဗစ်က မတ် ၂၅ ရက်တွင် ပြောကြားထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဖေဖော်ဝါရီ ၂၈ ရက်တွင် စတင်ခဲ့သည့် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခ လေးပတ်တာကာလအတွင်း ဝင်ရောက်လာချိန်တွင် အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူက ထိုသို့သတိပေးပြောကြားထားခြင်းဖြစ်သည်။

စစ်ရေးအရ အရေးနိမ့်မှုကို လက်မခံနိုင်ခဲ့ပါက အီရန်ကိုပိုမိုပြင်းထန်စွာတိုက်ခိုက်ရေးအတွက် သမ္မတဒေါ်နယ်ထရမ့်က ပြင်ဆင်ထားကြောင်း ကာရိုလိုင်းလီဗစ်က ပြောကြားထားသည်။

အီရန်စစ်ပွဲကို အဆုံးသတ်ရေးအတွက် အချက် ၁၅ ချက်ပါအဆိုပြုချက်ကို အမေရိကန်အစိုးရက အီရန်အစိုးရထံပေးပို့ထားရာ ယင်းအဆိုပြုချက်ကို သုံးသပ်နေဆဲဖြစ်ကြောင်း အီရန်အစိုးရထိပ်တန်းတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် အီရန်စစ်ရေးပဋိပက္ခကို အဆုံးသတ်နိုင်ရေးအတွက် သံတမန်ရေးအရ ကြိုးပမ်းရာတွင် အီဂျစ်၊ တူကီယဲ၊ ပါကစ္စတန်နိုင်ငံတို့လည်း ပါဝင်လာကြောင်း သိရသည်။

အမေရိကန်အစိုးရ၏ အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအဆိုပြုချက်သတင်းကြောင့် မတ် ၂၅ ရက်တွင် ကမ္ဘာ့ရေနံဈေးကွက်များ၌ ရေနံဈေးနှုန်းများပြန်လည်ကျဆင်းခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# မြောက်ကိုရီးယားခေါင်းဆောင်နှင့် ဘယ်လာရုစ်သမ္မတတို့ နှစ်နိုင်ငံချစ်ကြည်ရေးစာချုပ် လက်မှတ်ရေးထိုး



ပြုံယမ်း မတ် ၂၆

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုတို့သည် ယနေ့တွင် နှစ်နိုင်ငံချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးစာချုပ် လက်မှတ်ရေးထိုးခဲ့ကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုတို့သည် ပြုံယမ်းမြို့၌ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီးနောက် အဆိုပါစာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုသည် မတ် ၂၅ ရက်တွင် မြောက်ကိုရီးယားနိုင်ငံ ပြုံယမ်းမြို့သို့ တရားဝင်ခရီးစဉ်အဖြစ် စတင်ရောက်ရှိခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယနေ့တွင် ပြုံယမ်းမြို့၌ ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုအား အမြောက် ၂၁ ချက် ပစ်ဖောက်ကြိုဆိုခဲ့ကြောင်း မြောက်ကိုရီးယားအစိုးရ မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုတို့ ဆွေးနွေးခဲ့ကြသည့် အကြောင်းရင်းများကို မြောက်ကိုရီးယား မီဒီယာများက ထုတ်ဖော်ပြောကြားခြင်း မရှိခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ဘယ်လာရုစ် သမ္မတ လူကာရှန်ကိုတို့သည် တရုတ်နိုင်ငံ ပေကျင်းမြို့၌ ၂၀၂၅ ခုနှစ်တွင် တွေ့ဆုံခဲ့ဖူးကြောင်း သိရသည်။

Ref : RT
Trs : KKO

# အာဖဂန်နစ္စတန်ကို စစ်ရေးအရတိုက်ခိုက်မှုများ ပါကစ္စတန်တပ်မတော် ဆက်လက်ပြုလုပ်

အစ္စလာမ္မာဘတ် မတ် ၂၆

အီးဒ်ပွဲတော် ကာလအတွင်း စစ်ရေးအရတိုက်ခိုက်မှုများ ယာယီရပ်ထားခဲ့ပြီးနောက် ပါကစ္စတန်နိုင်ငံက အာဖဂန်နစ္စတန်ကို စစ်ရေးအရ တိုက်ခိုက်မှုများ ဆက်လက် ပြုလုပ်နေကြောင်း ယနေ့သတင်းများတွင် ရေးသားတင်ပြထားသည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

အာဖဂန်နစ္စတန် နိုင်ငံအား စစ်ရေးအရ တိုက်ခိုက်နေမှုများ ဆက်လက် ပြုလုပ်နေမှုကို ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် အတည်ပြုသတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် အိမ်နီးချင်းနှစ်နိုင်ငံကြား စစ်ရေးပဋိပက္ခများမှာ ပြီးခဲ့သည့်လက စတင်ဖြစ်ပွားခဲ့သည်။

ပါကစ္စတန်ပြည်တွင်း၌ အကြမ်းဖက် တိုက်ခိုက်မှုများပြုလုပ်နေသော စစ်သွေးကြွများကို အာဖဂန်တာလီဘန်အဖွဲ့က လက်ခံနေရာပေးထားကြောင်း ပါကစ္စတန်အစိုးရက စွပ်စွဲထားပြီး ယင်းစွပ်စွဲချက်ကို အာဖဂန်တာလီဘန်အဖွဲ့က ငြင်းပယ်ထားသည်။

အာဖဂန်နစ္စတန်၌ ၂၀၂၁ ခုနှစ်အတွင်း တာလီဘန်အဖွဲ့အာဏာပြန်ရခဲ့ပြီးနောက်ပိုင်း ပါကစ္စတန် တာလီဘန်အုပ်စုသည် ပါကစ္စတန်ပြည်တွင်း၌ အကြမ်းဖက်တိုက်ခိုက်မှုများ မြှင့်တင်ပြုလုပ်ခဲ့ကြသည်။

ပါကစ္စတန် တာလီဘန်အုပ်စုသည် အာဖဂန်တာလီဘန်အဖွဲ့နှင့် မဟာမိတ်ဖွဲ့ထားသော အကြမ်းဖက်အုပ်စုဖြစ်သည်ဟု ပါကစ္စတန်အစိုးရတာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT
Trs : KKO

# ကျွန်ကုန်သွယ်ရေးလုပ်ငန်း ဆုံးဖြတ်ချက်မူကြမ်း ကုလသမဂ္ဂအထွေထွေညီလာခံ အတည်ပြု

နယူးယောက် မတ် ၂၆



ကျွန်ကုန်သွယ်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ဂါနာနိုင်ငံက အဆိုပြုတင်သွင်းထားသော ဆုံးဖြတ်ချက်မူကြမ်းတစ်ရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံက မတ် ၂၅ ရက်တွင် အတည်ပြုခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂါနာနိုင်ငံ၏ ဆုံးဖြတ်ချက်မူကြမ်းတွင် အတ္တလန္တိတ်ကျွန်ကုန်သွယ်မှုလုပ်ငန်းကို လူသားမျိုးနွယ်အပေါ် ကျူးလွန်ခဲ့သော အကြီးကျယ်ဆုံး ရာဇဝတ်မှုအဖြစ် အသိအမှတ်ပြုရန် တောင်းဆိုထားသည်။

ထို့ပြင် အတ္တလန္တိတ်ကျွန်ကုန်သွယ်ရေး လုပ်ငန်းကြောင့် အာဖရိကနိုင်ငံများ ထိခိုက်နစ်နာခဲ့သမျှအတွက် လျော်ကြေးပေးရန်လည်း တောင်းဆိုထားကြောင်း သိရသည်။

အဆိုပါဆုံးဖြတ်ချက်မူကြမ်းကို အမေရိကန်နှင့် ဥရောပနိုင်ငံများက ကန့်ကွက်ခဲ့ကြသည့်တိုင် ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုနိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၁၅ ရာစုခေတ်မှ ၁၉ ရာစုခေတ်ထိ ထွန်းကားခဲ့သော အတ္တလန္တိတ်သမုဒ္ဒရာဖြတ် ကျွန်ကုန်သွယ်ရေးလုပ်ငန်းအတွင်း အာဖရိကတိုက်သား ၁၂ ဒသမ ၅ သန်းမှာ ကျေးကျွန်များအဖြစ် ရောင်းစားခံခဲ့ရပြီး ယင်းလုပ်ငန်း၏ အကျိုးသက်ရောက်မှုများမှာ ယနေ့ထိရိုက်ခတ်နေဆဲဖြစ်ကြောင်း ဂါနာအစိုးရက ပြောကြားထားသည်။

ဂါနာနိုင်ငံ၏ ကျွန်ကုန်သွယ်ရေးလုပ်ငန်းဆိုင်ရာဆုံးဖြတ်ချက်မူကြမ်းကို ကုလသမဂ္ဂအထွေထွေညီလာခံအဖွဲ့ဝင် နိုင်ငံ ၁၂၃ နိုင်ငံတို့က ထောက်ခံမဲပေးခဲ့ကြကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## လကမ္ဘာပတ်လမ်းပေါ်၌ Lunar Gateway မစ်ရှင်လပတ်လမ်း အာကာသစခန်းယာဉ်တည်ဆောက်ရေးအစီအစဉ်ကို နာဆာဖျက်သိမ်း



ဝါရှင်တန် မတ် ၂၆

လကမ္ဘာပတ်လမ်းပေါ်၌ Lunar Gateway မစ်ရှင်လပတ်လမ်း အာကာသစခန်းယာဉ် တည်ဆောက်ရေးအစီအစဉ်ကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က ဖျက်သိမ်းလိုက်ကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

နာဆာအဖွဲ့သည် မူလက လအပေါ်သို့ လူသားများပြန်လည်ပို့ဆောင်မည့် အားတီးမစ် မစ်ရှင်အရ လပတ်လမ်းပေါ်တွင် Lunar Gateway လပတ်အာကာသစခန်းကို တည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

သို့ရာတွင် အားတီးမစ် မစ်ရှင်အပြောင်းအလဲများအရ Lunar Gateway လပတ်လမ်းအာကာသစခန်းတည်ဆောက်ရေးအစီအစဉ်ကို ဖျက်သိမ်းလိုက်ကြောင်း နာဆာအကြီးအကဲ ဂျရတ်အိုင်ဆက်မင်းက မတ် ၂၅ ရက်တွင် ထုတ်ဖော် ပြောကြားထားသည်။

Lunar Gateway လပတ်လမ်းအာကာသစခန်းတည်ဆောက်ရေးအတွက်အသုံးပြုမည့် အစိတ်အပိုင်းများကို လမျက်နှာပြင်သုတေသနအခြေစိုက်စခန်း တည်ဆောက်ရာတွင် အစားထိုးအသုံးပြုရန် နာဆာက စီစဉ်ထားကြောင်း သိရသည်။

Lunar Gateway လပတ်လမ်းအာကာသစခန်းယာဉ်ကို နေ့ဒသ်ရော့ဂလူးမင်းကုမ္ပဏီနှင့် Intuitive Machines ကုမ္ပဏီတို့က တည်ဆောက်နေခြင်းဖြစ်သည်။

Lunar Gateway လပတ်လမ်းအာကာသ စခန်းယာဉ်အတွက် လိုအပ်သည့် အစိတ်အပိုင်းများ ဖြည့်ဆည်းပေးရန် ဂျပန်၊ ကနေဒါနှင့် ဥရောပအာကာသအေဂျင်စီတို့ကလည်း ကတိပြုထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဂြိုဟ်သိမ်လမ်းကြောင်း ရွှေ့ပြောင်းမှုနည်းပညာ စမ်းသပ်မှုမစ်ရှင်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် တရုတ်စီစဉ်ထား

ပေကျင်း မတ် ၂၆

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ၎င်း၏ပထမဆုံး ဂြိုဟ်သိမ်လမ်းကြောင်းရွှေ့ပြောင်းမှုနည်းပညာ စမ်းသပ်မစ်ရှင်ကို ၂၀၂၇ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

အဆိုပါဂြိုဟ်သိမ်လမ်းကြောင်း ရွှေ့ပြောင်းမှု နည်းပညာစမ်းသပ်မစ်ရှင်အတွင်း တရုတ်အမျိုးသားအာကာသအေဂျင်စီသည် 2016 wp8 အမည်ရှိဂြိုဟ်သိမ်ကိုအာကာသယာဉ်တစ်စင်းဖြင့် ဝင်တိုက်၍ ဂြိုဟ်သိမ်၏ပတ်လမ်းကို ပြောင်းလဲရန် ကြိုးပမ်းမည်ဖြစ်သည်။

၎င်းမစ်ရှင်တွင် အာကာသယာဉ်နှစ်စင်းပါဝင်မည်ဖြစ်ပြီး အာကာသယာဉ်တစ်စင်းက 2016 wp8 ဂြိုဟ်သိမ်ကိုဝင်တိုက်၍ ကျန်တစ်စင်းက နောက်ဆက်တွဲပေါ်ထွက်လာမည့်ဖြစ်စဉ်များကို စောင့်ကြည့်မှတ်တမ်းတင်မည်ဖြစ်သည်။

ဂြိုဟ်သိမ် လမ်းကြောင်း ရွှေ့ပြောင်းမှု နည်းပညာစမ်းသပ်မှု မစ်ရှင် အာကာသယာဉ်နှစ်စင်းကို စီချမ်ပြည်နယ် ရှီချန်းဂြိုဟ်တုလွှတ်တင်ရေး စခန်းမှတစ်ဆင့် ၂၀၂၇ ခုနှစ် ဒီဇင်ဘာလတွင် လွှတ်တင်ရန် တရုတ်အမျိုးသားအာကာသအေဂျင်စီက စီစဉ်ထားသည်။



2016 wp8 ဂြိုဟ်သိမ်သည် ကမ္ဘာ၏နေပတ်လမ်းကို ဖြတ်ကျော်တတ်သည့် အက်တမ်ဂြိုဟ်သိမ်အုပ်စုဝင် ဂြိုဟ်သိမ်တစ်စင်းဖြစ်သည်။

ဂြိုဟ်သိမ် ပတ်လမ်းကို အာကာသ ယာဉ်တစ်စင်းနှင့် အရှိန်ပြင်းစွာ ဝင်တိုက်၍ ဂြိုဟ်သိမ်လမ်းကြောင်း ပြောင်းလဲမှုနည်းပညာကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသ စီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)ကလည်း ၂၀၂၂ ခုနှစ်တွင် DART အမည်ရှိ မစ်ရှင်ဖြင့် စမ်းသပ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## ပရိုဂရက်စ်-၉၄ အာကာသကုန်တင်ယာဉ် နိုင်ငံတကာအာကာသစခန်းနှင့် ချိတ်ဆက်နိုင်ခဲ့

ဝါရှင်တန် မတ် ၂၆

ရုရှားအာကာသအေဂျင်စီ၏ ပရိုဂရက်စ်-၉၄ အာကာသကုန်တင်ယာဉ်သည် မတ် ၂၅ ရက်တွင် နိုင်ငံတကာအာကာသစခန်းနှင့်အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

ပရိုဂရက်စ်-၉၄ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်ရှိ ရုရှားအာကာသယာဉ်မှူး ဆာဂေးကတ်ဆဗာရှကော့ဗ်၏ ထိန်းကျောင်းမှုဖြင့် နိုင်ငံတကာအာကာသစခန်း၌ ဆိုက်ကပ်ခဲ့ခြင်းဖြစ်သည်။

ရုရှားအာကာသအေဂျင်စီသည် ပရိုဂရက်စ်-၉၄ အာကာသကုန်တင်ယာဉ်ကို မတ် ၂၂ ရက်တွင် ဆိုယုဂ်ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနောအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်မှုအောင်မြင်ခဲ့သော်လည်း ပရိုဂရက်စ်-၉၄ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းနှင့် အလိုအလျောက် ဆိုက်ကပ်ရာတွင် လိုအပ်သည့် အင်တင်နာတစ်ခုကို အပြည့်အဝ ဖြန့်ထုတ်နိုင်မှုမရှိခဲ့ကြောင်း သိရသည်။

သို့ဖြစ်ရာ ပရိုဂရက်စ်-၉၄ အာကာသကုန်တင် ယာဉ်သည် ရုရှားအာကာသယာဉ်မှူး ဆာဂေးကတ်ဆဗာရှကော့ဗ်၏ ထိန်းကျောင်းမှုဖြင့် အာကာစခန်းနှင့် ချိတ်ဆက်ခဲ့ရခြင်းဖြစ်သည်။

ပရိုဂရက်စ်-၉၄ အာကာသကုန်တင်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းအတွက် စားနပ်ရိက္ခာ၊ လောင်စာရည်နှင့် အခြားအထောက်အပံ့ပစ္စည်း သုံးတန် သယ်ဆောင် ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ရိုးရှင်းသည့်ဆီးစစ်နည်းတစ်မျိုးဖြင့် ဖြစ်ခါစ ရင်သားကင်ဆာကို ဖော်ထုတ်နိုင်

လန်ဒန် မတ် ၂၆

ရိုးရှင်းသည့် ဆီးစစ်နည်းတစ်မျိုးသည် ဖြစ်ခါစရင်သားကင်ဆာကို ရောဂါလက္ခဏာများ မပေါ်မီ ဖော်ထုတ်ပေးနိုင်ကြောင်း သုတေသန ပညာရှင်များ၏ အဆိုကိုကိုးကား၍ မတ် ၂၅ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါဆီးစစ်နည်းကို ဗြိတိန်နိုင်ငံ အက်ဘာစဝက်စ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ဖန်တီးထားခြင်းဖြစ်သည်။

အထက်ပါ ဆီးစစ်ချက်သည် ဆီးအတွင်းရှိ ရင်သားကင်ဆာရောဂါနှင့်ဆက်စပ်နေသော ဇီဝတွင်း ဓာတုပြောင်းလဲမှုများကို ရှာဖွေပေးခြင်းဖြင့် ရင်သားကင်ဆာကို ရောဂါလက္ခဏာမပေါ်မီ ဖော်ထုတ်ပေးနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

လက်ရှိတွင် ဗြိတိန်သုတေသနပညာရှင်များသည် အဆိုပါဆီးစစ်နည်းကို လက်တွေ့စမ်းသပ်မှုများ စတင်နေပြီဖြစ်သည်။

ရင်သားကင်ဆာရောဂါသည် အမျိုးသမီးများကြား အဖြစ်များပြီး ရောဂါကို စောစောစီးစီးဖော်ထုတ်နိုင်ခဲ့ပါက အသက်ရှင်ရန် အခွင့်အလမ်းများသည့် ကင်ဆာရောဂါတစ်မျိုးဖြစ်သည်။

သို့ရာတွင် ရင်သားကင်ဆာကို ကင်ဆာဆဲလ်များ အခြားကိုယ်တွင်းအင်္ဂါများသို့ ပျံ့နှံ့ချိန်မှ စစ်ဆေးတွေ့ရှိခဲ့ပါက ကုသရန် အလွန်ခက်သည့် ကင်ဆာရောဂါမျိုးဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးတစ်မျိုးက ပါကင်ဆန်ရောဂါဖြစ်ပွားနိုင်ခြေနှင့်ဆက်စပ်နေ

နယူးယောက် မတ် ၂၆

Chlorpyrifos ခေါ် စိုက်ပျိုးရေးလုပ်ငန်းသုံး ပိုးသတ်ဆေးတစ်မျိုးသည် ပါကင်ဆန်ရောဂါဖြစ်ပွားမှုနှင့်ဆက်စပ်နေနိုင်ကြောင်း သုတေသနပညာရှင်အဆိုကို ကိုးကား၍ မတ် ၂၅ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်။

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားတက္ကသိုလ် (လော့စ်အိန်ဂျလိစ်)မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Chlorpyrifos ပိုးသတ်ဆေးနှင့်ထိတွေ့မှုကြောင့် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမြင့်တက်လာနိုင်သည်။

Chlorpyrifos ပိုးသတ်ဆေးသည် ပဲပိစပ်၊ သစ်သီးဝလံ၊ အစေ့အဆန်ပင်များ၊ ပန်းဂေါ်ဖီနှင့် ဂေါ်ဖီပင်များ စိုက်ပျိုးရာတွင် အသုံးပြုသည့် ပိုးသတ်ဆေးတစ်မျိုးဖြစ်ကြောင်း သိရသည်။

အမေရိကန်သုတေသနပညာရှင်များသည် ပါကင်ဆန်ရောဂါလူနာဦးရေ ၈၀၀ ကျော်နှင့် ၎င်းရောဂါမရှိသူဦးရေ ၈၀၀ ကျော်တို့၏ Chlorpyrifos ပိုးသတ်ဆေးနှင့် ထိတွေ့မှုအဆင့်တို့ကို အချိန်ယူလေ့လာမှုများ ပြုလုပ်ခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Chlorpyrifos ပိုးသတ်ဆေးနှင့် ရေရှည်ထိတွေ့ခဲ့ရသူများသည် ထိတွေ့မှုနည်းသူများနှင့်နှိုင်းယှဉ်ပါက ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ၂ ဒသမ ၅ ဆထိ ပိုမြင့်မားနေတတ်သည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သည့် စမ်းသပ်မှုတွင်လည်း Chlorpyrifos ပိုးသတ်ဆေးနှင် ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေ ဆက်စပ်နေမှုကို အတည်ပြုနိုင်ခဲ့ကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



နိုင်ငံတကာ
အားကစားသတင်းများ

# Miami Open တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ကို အာသာဖီးလ် တက်ရောက်

**မီယာမီ မတ် ၂၆**

အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် မီယာမီမြို့တွင်ကျင်းပနေသည့် Miami Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်တစ်ပွဲအဖြစ် ပြင်သစ်တင်းနစ်ကစားသမားအာသာဖီးလ်နှင့် အမေရိကန်တင်းနစ်ကစားသမား တွမ်မီပေါလ်တို့ယှဉ်ပြိုင်ခဲ့ရာ အာသာဖီးလ်က (၆-၇၊ ၇-၆၊ ၇-၆) ရလဒ်ဖြင့်အနိုင်ရပြီး ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း RFI သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အကြိတ်အနယ်ရှိသည့်ပွဲစဉ်တစ်ပွဲဖြစ်ခဲ့ပြီး အာသာဖီးလ်သည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် နှစ်ပွဲဆက်အနိုင်ရခဲ့ပြီးနောက် ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

အာသာဖီးလ်က "ကစားသမားဘဝ သက်တမ်းတစ်လျှောက် အခက်အခဲဆုံး ပွဲစဉ်ဖြစ်ပါတယ်။ နှစ်ယောက်စလုံးက တိုက်ပွဲတစ်ပွဲဆင်နွှဲသလို ရေကုန်ရေခမ်းကစားခဲ့ရတယ်။ ဒီပွဲစဉ်မှာ ကျွန်တော့်အနေနဲ့ ရှုံးနိမ့်ခဲ့မယ်ဆိုရင်တောင် ဝမ်းမနည်းပါဘူး။ ဘာလို့လဲဆိုတော့ ကျွန်တော်လုပ်နိုင်သမျှ အကောင်းဆုံး လုပ်ဆောင်နိုင်ခဲ့တဲ့အတွက်ကြောင့်ပါ။ နှစ်ယောက်စလုံးကလဲ အနိုင်ရလဒ်နဲ့ထိုက်တန်ခဲ့ပါတယ်။ ကျွန်တော့်ကစားသမားဘဝ သက်တမ်းတစ်လျှောက် အကောင်းဆုံး ပွဲစဉ်တစ်ပွဲလို့ သတ်မှတ်နိုင်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RFI
Trs : AZL



# IBF လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ခွင့်အတွက် အယ်ဘတ်ဘဲလ်နှင့် အန်ဒီခရုဇ်တို့ သဘောတူညီချက်ရရှိ

**နယူးယောက် မတ် ၂၆**

IBF လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ စိန်ခေါ်ခွင့်အတွက် အမေရိကန် လက်ဝှေ့သမား အယ်ဘတ်ဘဲလ်နှင့် ကျူးဘားလက်ဝှေ့သမား အန်ဒီခရုဇ်တို့ကို ဆွေးနွေးညှိနှိုင်းမှု ပြုလုပ်ရန် IBF အဖွဲ့ချုပ်က ညွှန်ကြားခဲ့ပြီးနောက် ယနေ့တွင် စိန်ခေါ်ပွဲအတွက် သဘောတူညီချက်ရရှိခဲ့ကြောင်း အယ်ဘတ်ဘဲလ်က ကြေညာခဲ့သည်ဟု Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ဘတ်ဘဲလ်သည် NABO စူပါဖယ်သာဝိတ်တန်း၏ လက်ရှိချန်ပီယံဖြစ်ပြီး IBF လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်လိုသည့်အတွက် IBF အဖွဲ့ချုပ်၏ ညွှန်ကြားချက်အတိုင်း အန်ဒီခရုဇ်နှင့် ဆွေးနွေးညှိနှိုင်းမှုပြုလုပ်ခဲ့သည်။ ယင်း ဆွေးနွေးညှိနှိုင်းမှုမှာ ကာလတစ်ခုထိ ကြာမြင့်ခဲ့ပြီး ၎င်းတို့နှစ်ဦးကြား ညှိနှိုင်းရခက်နေသည့် အချက်အလက်များကို ယနေ့တွင် အပြီးသတ်ဆွေးနွေးကာ သဘောတူညီချက်ရရှိခဲ့ခြင်း ဖြစ်သည်။

အယ်ဘတ်ဘဲလ်က "NABO စူပါဖယ်သာဝိတ်တန်း လက်ရှိချန်ပီယံကို ကာလရှည်ထိန်းသိမ်းနိုင်ခဲ့တာနဲ့ ပတ်သက်ပြီးဂုဏ်ယူတယ်ဆိုပေမဲ့ အခုချိန်မှာတော့ IBF လိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရဖို့က ကျွန်တော့်ရဲ့ အိပ်မက်ဖြစ်ပါတယ်။ ဒါ့ကြောင့် ကမ္ဘာ့ချန်ပီယံစိန်ခေါ်ခွင့်အတွက် အန်ဒီခရုဇ်နဲ့ ဆွေးနွေးညှိနှိုင်းခဲ့တာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Boxing Scene
Trs : AZL

# ၂၀၂၇ အာရှဖလား ခြေစစ်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက အာဖဂန်နစ္စတန်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရ



**ရန်ကုန် မတ် ၂၆**

၂၀၂၇ အာရှဖလား ခြေစစ်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့ညနေ ၅နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ကစားခဲ့ရာ မြန်မာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းလုံးအပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် မြန်မာအသင်း ခံစစ်ကစားသမားများ၏အမှားမှတစ်ဆင့် ပိုပယ်ဇေက အာဖဂန်နစ္စတန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သော်လည်း ပွဲချိန် ၄၅ မိနစ်ပြည့်ပြီး အချိန်ပိုတစ်မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် သန်းပိုင်က မြန်မာအသင်းအတွက် ချေပဂိုးသွင်းယူခဲ့သည့်အတွက် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် အာဖဂန်နစ္စတန်အသင်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားခဲ့ကာ ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း မြန်မာအသင်းမှ ဂိုးသမား ဆန်းဆက်နိုင်က လက်စွမ်းပြကာကွယ်နိုင်ခဲ့မှုများကြောင့် အာဖဂန်နစ္စတန်အသင်း ဦးဆောင်ဂိုးရရှိရန်ခက်ခဲခဲ့ပြီး ပွဲချိန်ကြာလာသည်နှင့် မြန်မာအသင်းက ပြန်လည်ဖိအားပေးကစားခဲ့ရာ ပွဲချိန် ၇၄ မိနစ်တွင် ခွန်ကျော်ဇင်ဟိန်းက မြန်မာအသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းယူခဲ့ပြီး ပွဲပြီးဆုံးချိန်တွင် မြန်မာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

၂၀၂၇ အာရှဖလား ခြေစစ်ပွဲ အုပ်စု (E)တွင် အုပ်စုပွဲစဉ်ငါးပွဲကစားပြီးချိန်၌ ဆီးရီးယားအသင်းက ငါးပွဲနိုင် ရမှတ် ၁၅ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး မြန်မာအသင်းက သုံးပွဲနိုင်၊ နှစ်ပွဲရှုံး ရမှတ် ကိုးမှတ်ဖြင့် ဒုတိယ၊ ပါကစ္စတန်အသင်းက နှစ်ပွဲသရေ၊ သုံးပွဲရှုံး ရမှတ်နှစ်မှတ်ဖြင့် တတိယ၊ အာဖဂန်နစ္စတန်အသင်းက နှစ်ပွဲသရေ၊ သုံးပွဲရှုံး ရမှတ်နှစ်မှတ်ဖြင့် စတုတ္ထနေရာတွင် ရပ်တည်ခဲ့ကြသည်။

မြန်မာအသင်းသည် မတ် ၃၁ ရက်တွင် ပါကစ္စတန်အသင်းနှင့် ဆက်လက် ကစားရမည်ဖြစ်ကြောင်း သိရသည်။

STA

# ၂၀၂၆အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း၏ ပဏာမကစားသမား ၁၇ ဦးစာရင်းထုတ်ပြန်

**ရန်ကုန် မတ် ၂၆**

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းနည်းပြ Mr.Pattaya Piemkum က ၂၀၂၆ အာဆီယံဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲအတွက် ပဏာမကစားသမား ၁၇ ဦး စာရင်းကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

နည်းပြ Mr.Pattaya Piem-kum ရွေးချယ်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ပဏာမ ကစားသမားစာရင်း၌ ဂိုးသမားများအဖြစ် မိုင်စိုးမြတ်ထွေး၊ ကျော်ရဲသွေး၊ ညီညီသန့်၊ ကစားသမားများအဖြစ် သိုင်းဘွဲ့အောင်၊မင်းချစ်သူ၊ ကိုကိုလွင်၊ ထွဋ်ဝေထွန်း၊ ဆက်ဝေယံ၊ သက်ထွန်း၊ မင်းခန့်သူ၊ မျိုးမင်းလှိုင်၊ ထွန်းထွန်းလွင်၊ ဝေယံဖြိုး၊ ဟေးမာဌေး၊ နိုင်ထွန်းလူ၊ ထွန်းအောင်ကျော်၊ ကျော်ဇောသိန်းတို့ ပါဝင်ခဲ့ကြသည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် လာမည့် မတ် ၂၉ ရက်တွင် ထိုင်းနိုင်ငံသို့သွားရောက်ကာ ၂၀၂၆ အာဆီယံဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲအတွက် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်သွားမည်ဖြစ်ပြီး ခြေစမ်းပွဲစဉ်များကိုလည်း ကစားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ၂၀၂၆ အာဆီယံဖူဆယ်ချန်ပီယံရှစ် ပြိုင်ပွဲတွင် အုပ်စု(A)၌ အိမ်ရှင်ထိုင်းအသင်း၊ ဗီယက်နမ်အသင်း၊ တီမောလက်စ်တေအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ဧပြီ ၆ ရက်တွင် ဗီယက်နမ်အသင်း၊ ဧပြီ ၇ ရက်တွင် အိမ်ရှင်ထိုင်းအသင်း၊ ဧပြီ ၈ ရက်တွင် တီမောလက်စ်တေအသင်းတို့နှင့် အသီးသီးယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# ဘိုင်ယန်မြူးနစ်အသင်းက အိုလီဆီအတွက် ကမ်းလှမ်းမှုများကိုပယ်ချသွားမည်ဟု အတည်ပြု

**ဘာလင် မတ် ၂၆**

ဘိုင်ယန်မြူးနစ် အသင်းက ယခုနှစ်နွေရာသီ ကစားသမား အပြောင်းအရွှေ့ ကာလတွင် အသင်းမှ တိုက်စစ်ကစားသမား အိုလီဆီအတွက် ကမ်းလှမ်းမှုအားလုံးကိုပယ်ချပြီး အသင်းတွင် ဆက်လက် ထိန်းသိမ်းမည်ဟု အတည်ပြုခဲ့ကြောင်း Bild သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အသက် ၂၄ နှစ်ရှိ အိုလီဆီသည် ၂၀၂၄ ခုနှစ်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက ပဲလေ့စ်အသင်းမှ ဘိုင်ယန်မြူးနစ်အသင်းသို့ပြောင်းရွှေ့ခဲ့ပြီး အသင်းနှင့်အတူ ဘောလုံးရာသီနှစ်ရာသီအတွင်း ပြိုင်ပွဲစုံ ၉၄ ပွဲတွင် သွင်းဂိုး ၃၆ ဂိုး သွင်းယူထားပြီး ဂိုးဖန်တီးမှု ၄၃ ကြိမ်ပြုလုပ်ထားသူဖြစ်သည်။

အိုလီဆီနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့ စာချုပ်သက်တမ်းမှာ ၂၀၂၉ ခုနှစ်ထိ ကျန်ရှိနေသေးသော်လည်း ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ရီးရဲလ်မက်ဒရစ် အသင်းနှင့် လီဗာပူးအသင်းတို့က အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်မှုများလုပ်ဆောင်နေသည့်အတွက် ဘိုင်ယန်မြူးနစ်အသင်းကလည်း ကမ်းလှမ်းမှုများကိုပယ်ချသွားမည်ဟု အတည်ပြုကြေညာခဲ့ခြင်းဖြစ်သည်။



ဘိုင်ယန်မြူးနစ် အသင်း အားကစားဒါရိုက်တာက "အိုလီဆီရဲ့အနာဂတ်အတွက် ကျွန်တော်တို့ စိတ်မပူပါဘူး။ သူက ဘိုင်ယန်မြူးနစ်အသင်းရဲ့ ကစားသမားပါ။ အသင်းနဲ့ စာချုပ်သက်တမ်းကလဲ ကာလရှည် ကျန်ရှိနေပါသေးပါတယ်။ ဘိုင်ယန်မြူးနစ်အသင်းမှ မဟုတ်ပါဘူး အခြားအသင်းတွေလဲ သူ့လိုကစားသမားပိုင်ဆိုင်ထားရင် လက်လွှတ်ခံမှာ မဟုတ်ပါဘူး။ ကျွန်တော်တို့လဲ အိုလီဆီအတွက် ဘယ်လိုကမ်းလှမ်းမှုမျိုးမဆို ပယ်ချသွားမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Bild
Trs : STA

## ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ထား



ဆာရာဂျေဗို မတ် ၂၆

ဘော့စ်နီးယားနှင့် ဟာဇီဂိုးဗီးနားနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ယနေ့တွင် လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ထားကြောင်း သိရသည်။ နိုင်ငံ၏နေရာအတော်များများတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်နေပြီး ပိုမိုပြင်းထန်လာနိုင်သဖြင့် ဒေသအာဏာပိုင်များသည် ယနေ့တွင် လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိ နိုင်ငံ၏ အနောက်မြောက်ပိုင်းဒေသဖြစ်သော Una-Sana Canton တွင် မိုးရွာသွန်းမှုအများဆုံးဖြစ်နေပြီး နယ်စပ်မြို့များနှင့် အနီးတစ်ဝိုက်ဒေသများတွင် ယနေ့မှ မတ် ၂၈ ရက်အတွင်း မိုးရေချိန်မြင့်မားလာနိုင်သည်ဟု Federal Hydrometeorological Institute က ခန့်မှန်းထားကြောင်း သိရသည်။

လက်ရှိတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ၊ ရေကြီးရေလျှံမှုများဖြစ်ပေါ်ကာ ဒေသခံများ၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို အနှောင့်အယှက်ဖြစ်စေကြောင်း သိရသည်။

မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုများကြောင့် လိမ္မော်ရောင်သတိပေးချက် ထုတ်ပြန်ထားခြင်းကို ပြည်သူများအနေဖြင့် သတိပြုလိုက်နာပြီး အရေးပေါ် အခြေအနေများအတွက် ကြိုတင် ပြင်ဆင်ထားရန်လိုကြောင်း အာဏာပိုင်များက အကြံပြုထားသည်။

Ref : Russia Today
Trs : KZ

## ဗီယက်နမ်နိုင်ငံ၌ မတ်လကုန်ပိုင်းတွင် အပူချိန်စံချိန်တင်မြင့်တက်လာနိုင်

ဟနွိုင်း မတ် ၂၆

ဗီယက်နမ်နိုင်ငံ မြောက်ဘက်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် အပူလှိုင်းဖြတ်သန်းမှု ဖြစ်ပေါ်နေပြီး မိုးလေဝသခန့်မှန်းချက်အရ မတ်လကုန်ပိုင်းတွင် အပူချိန်စံချိန်တင် မြင့်တက်လာနိုင်ကြောင်း ဗီယက်နမ် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မတ်လကုန်ပိုင်းတွင် ဗီယက်နမ်နိုင်ငံ မြောက်ဘက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မြင့်တက်လာနိုင်သည့် အပူချိန်ပမာဏမှာ ၃၈ ဒီဂရီစင်တီဂရိတ်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုနှင့်အတူ တောမီးလောင်ကျွမ်းမှုများလည်း ဖြစ်ပေါ်လာနိုင်သည့်အတွက် တောမီးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်လည်း မီးသတ်ဦးစီးဌာနများကို ညွှန်ကြားထားကြောင်း၊ အပူချိန်မြင့်တက်နိုင်သော ဒေသများမှာ တန်ဟောင်ဒေသနှင့်ဟွေဒေသတို့ဖြစ်ပြီး အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နိုင်သော ဒေသများဖြစ်ကြောင်း သိရသည်။

"မြောက်ဘက်ပိုင်းဒေသတွေနဲ့ အလယ်ပိုင်းဒေသတွေမှာ အပူလှိုင်းဖြတ်သန်းနေပါတယ်။ အပူလှိုင်းဖြတ်သန်းမှုကြောင့် မတ်လအကုန်ပိုင်းမှာ အပူချိန်စံချိန်တင် မြင့်တက်လာနိုင်ပါတယ်။ လက်ရှိဝင်ရောက်နေတဲ့ အပူလှိုင်းကတော့ ၂၀၂၆ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံကို ပထမဆုံးဝင်ရောက်ခဲ့တဲ့ အပူလှိုင်းဖြစ်ပါတယ်။ မတ် ၂၈ ရက်လောက်က စတင်ပြီးတော့ အပူချိန်မြင့်တက်မှုတွေ စတင်ဖြစ်ပေါ်လာနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုဟာ ဧပြီလ ပထမပတ်ထိ ကြာမြင့်သွားနိုင်ပါတယ်။ အပူချိန်မြင့်တက်မှုနဲ့အတူ တောမီးလောင်ကျွမ်းမှုတွေလဲ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု ဗီယက်နမ်မိုးလေဝသညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## အိန္ဒိယနိုင်ငံက လေထုညစ်ညမ်းမှုလျှော့ချရေးကို စီမံချက်ဖြင့် ဆောင်ရွက်နေပြီဖြစ်ကြောင်း ထုတ်ပြန်

နယူးဒေလီ မတ် ၂၆

အိန္ဒိယနိုင်ငံသည် လေထုညစ်ညမ်းမှုနှုန်းမြင့်မားသည့် ကမ္ဘာ့နိုင်ငံများစာရင်းတွင် ပါဝင်နေပြီး လေထုညစ်ညမ်းမှု လျှော့ချရေးအတွက် စီမံချက်များဖြင့် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း Energy and Clean Air သုတေသနစင်တာက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့ သတင်းများတွင် ဖော်ပြထားသည်။

လေထုညစ်ညမ်းမှု လျှော့ချရေးစီမံချက်အရ ၂၀၀၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သော လေထုညစ်ညမ်းမှုပမာဏမှာ ၂၀၃၅ ခုနှစ် အရောက်တွင် ၅၇ ရာခိုင်နှုန်းထိ လျှော့ချနိုင်ရန် ပစ်မှတ်ထားနေကြောင်း၊ အိန္ဒိယနိုင်ငံမှ ဆောင်ရွက်သွားမည့် လေထုညစ်ညမ်းမှုလျှော့ချရေးစီမံချက်သည် ပဲရစ်ညီလာခံသဘောတူညီချက်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံတွင် ဖြစ်ပေါ်နေသော လေထုညစ်ညမ်းမှုသည် ဖန်လုံအိမ်အာနိသင် ဓာတ်ငွေ့ ထုတ်လွှတ်မှုကြောင့် ဖြစ်ပြီး ရုပ်ကြွင်းလောင်စာသုံးစွဲမှုကို စီမံချက်ဖြင့် လျှော့ချသုံးစွဲနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Energy and Clean Air သုတေသနစင်တာက ထုတ်ပြန်ကြေညာခဲ့သည်။



"အိန္ဒိယနိုင်ငံဟာ လေထုညစ်ညမ်းမှုနှုန်းမြင့်မားတဲ့ ကမ္ဘာ့နိုင်ငံတွေစာရင်းမှာပါဝင်နေပါတယ်။ ဒီစာရင်းကနေ လွတ်မြောက်နိုင်ဖို့နဲ့ ပြည်သူတွေရဲ့ ကျန်းမာရေးလုံခြုံမှုအရ လေထုညစ်ညမ်းမှုလျှော့ချဖို့ကို ပဲရစ်ညီလာခံသဘောတူညီချက်အတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရည်မှန်းချက်အနေနဲ့ကတော့ ၂၀၃၅ ခုနှစ်အရောက်မှာ ၂၀၀၅ ခုနှစ်က ဖြစ်ပေါ်တဲ့ လေထုညစ်ညမ်းမှုအဆင့်ရဲ့ ၅၇ ရာခိုင်နှုန်းထိ လျှော့ချနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု Energy and Clean Air သုတေသနစင်တာမှ သုတေသီတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

## ဩစတြေးလျနိုင်ငံ အနောက်မြောက်ပိုင်းတွင် အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း Narelle တိုက်ခတ်နိုင်သဖြင့် အရေးပေါ်သတိပေးချက်ထုတ်ပြန်

ကင်ဘာရာ မတ် ၂၆

ဩစတြေးလျနိုင်ငံ အနောက်မြောက်ပိုင်းတွင် အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း Narelle ဝင်ရောက်တိုက်ခတ်နိုင်သဖြင့် အရေးပေါ် သတိပေးချက် ထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

အပူပိုင်းဆိုင်ကလုန်းမုန်တိုင်း Narelle သည် ဩစတြေးလျနိုင်ငံ၏ အနောက်မြောက်ကမ်းရိုးတန်းသို့ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်းအဖြစ် ဝင်ရောက်တိုက်ခတ်နိုင်ကြောင်း၊ ယနေ့နံနက် အစောပိုင်းထိ မုန်တိုင်းအဆင့် (၃) အဆင့်သာ သတ်မှတ်ထားသော အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း Narelle သည် နိုင်ငံ၏မြောက်ဘက်ကမ်းရိုးတန်းမှ ကီလိုမီတာ ၂၄၀ ခန့်အကွာတွင် တည်ရှိနေပြီး လက်ရှိတွင် အဆင့် (၄) သို့တိုးမြင့်ကာ အရေးပေါ် သတိပေးချက် ထုတ်ပြန်ထားကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရို (BoM) ၏ နောက်ဆုံး ထုတ်ပြန်ချက်အရ သိရသည်။

အပူပိုင်း ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်ချိန်တွင် လေတိုက်နှုန်း တစ်နာရီလျှင် ၂၇၅ ကီလိုမီတာထိ တိုက်ခတ်နိုင်ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုများနှင့်အတူ ရေကြီးရေလျှံမှုများ၊ ပြင်းထန်သော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဒေသခံပြည်သူများကို ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရို (BoM) က ကြိုတင်သတိပေးထားသည်။

ဒေသမီးသတ်နှင့် အရေးပေါ်ဝန်ဆောင်မှုဌာန (DFES) က ကမ်းရိုးတန်းတစ်လျှောက် ကီလိုမီတာ ၆၀၀ ခန့်ထိ အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားပြီး ဒေသခံများကို ရေကြီးရေလျှံမှုများနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ယာယီကယ်ဆယ်ရေး စခန်းများသို့ ရွှေ့ပြောင်းနေထိုင်ကြရန် တိုက်တွန်းထားပြီး အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်လည်း တပ်ဖွဲ့ဝင်များ တပ်ဖြန့်ချထားကြောင်း သိရသည်။

အရေးပေါ် သတိပေးချက် ထုတ်ပြန်ထားသော ဧရိယာများထဲတွင် လူဦးရေ ၂၂၀၀၀ ခန့် နေထိုင်သည့် Pilbara ဒေသရှိ Karratha မြို့နှင့် Port Hedland ဆိပ်ကမ်းမြို့တို့ ပါဝင်ကြောင်း ဩစတြေးလျနိုင်ငံ မိုးလေဝသဗျူရို (BoM)၏ ထုတ်ပြန်ချက်အရ သိရသည်။

Ref : Sputnik News
Trs : KZ

## ဆီးရီးယားနိုင်ငံ ဟာဆာကာစီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းရန် သတိပေးထား

ဒမတ်စကတ်စ် မတ် ၂၆

ဆီးရီးယားနိုင်ငံ ဟာဆာကာစီရင်စုတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံများကိုဘေးလွတ်ရာ ရွှေ့ပြောင်းရန် ဆီးရီးယားအရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟုယနေ့ သတင်းများတွင် ဖော်ပြထားသည်။

ဆီးရီးယားနိုင်ငံသည် ရေဘေးအန္တရာယ်ဖြင့် မကြာခဏရင်ဆိုင်နေရသည့်နိုင်ငံဖြစ်ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရေကြီးရေလျှံမှုကြောင့် ဘေးလွတ်ရာရွှေ့ပြောင်းခဲ့ရသောဒေသခံများကို ဆီးရီးယား အရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ ကယ်ဆယ်ရေးဝန်ထမ်းများက ကူညီပေးလျက်ရှိကြောင်း၊ ဆီးရီးယားအရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စီမံအုပ်ချုပ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများကလည်း ရေဘေးသင့်ပြည်သူများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးရာတွင် ကူညီပေးလျက်ရှိကြောင်း သိရသည်။

"ဟာဆာကာစီရင်စုမှာ ရေဘေးအန္တရာယ်တွေနဲ့ ရင်ဆိုင်နေရပါတယ်။ ရေဘေးအန္တရာယ်ကြောင့် ဘေးလွတ်ရာ ရွှေ့ပြောင်းနေရသူ အမြောက်အမြားရှိပါတယ်။ ရေဘေးအန္တရာယ် ပိုပြီးတော့ဆိုးရွားလာနိုင်တဲ့အတွက် ဘေးလွတ်ရာရွှေ့ပြောင်းရသူ ပိုမိုများပြားလာနိုင်ပါတယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ လူနေအိမ်ခြေပေါင်း ၄၀၀ ကျော်ထိရှိနေပါတယ်။ ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရတဲ့ ပြည်သူတွေကို ဆီးရီးယားအရေးပေါ် စီမံခန့်ခွဲရေးဝန်ကြီးဌာနက ဝန်ထမ်းတွေနဲ့ စီမံအုပ်ချုပ်ရေး ဝန်ကြီးဌာနက ဝန်ထမ်းတွေ ပူးပေါင်းပြီးတော့ ပြည်သူတွေကို ကူညီပေးနေပါတယ်"ဟု ဆီးရီးယား အရေးပေါ်စီမံခန့်ခွဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

ခရီးသွားဆောင်းပါး

# ပင်လယ်အော်အစပ်အထပ်ထပ် လှလှပပကျောက်ကလပ်

သက်နိုင်(ပြင်ဦးလွင်)

မိမိရဲ့မောင်နှမအများစုတို့ ရောက်ဖူးကြသေးခြင်းမရှိသေးတဲ့ ပုသိမ်မော်တင်စွန်း၊ ဟိုင်းကြီးကျွန်း၊ ဂေါ်ရန်ဂျီကျွန်းခရီးစဉ်မှာ ပုသိမ်မြစ် ခေါ် ငဝန်မြစ်ပြင်ကျယ်ကြီးကို စက်လှေတစ်စီးနဲ့ အချိန်တစ်နာရီနီးပါးလောက် ခုတ်မောင်းဖြတ်သန်းခဲ့ကြပြီး ဘင်္ဂလားပင်လယ်အော်ဝကို ရောက်ရှိနေကြပါပြီ။ ဒ့ါပြင်ပင်လယ်ဝကြီးကနေ မျက်စိတစ်ဆုံး၊ အလွန်ကျယ်ဝန်းလှတဲ့ ပင်လယ်ပြင်ကြီးကိုလဲ မြင်တွေ့နေကြရပါပြီ။ ဒီခရီး၊ ဒီနေရာ၊ ဒီအရပ်ဒေသကိုရောက်အောင်ပြင်ဦးလွင်မြို့ကနေ နှစ်ရက်၊ နှစ်ညအဆင့်ဆင့်ခရီးဆက်ခဲ့ပြီးမှ ရောက်ရှိလာခဲ့ကြရတာပါ။

ဒီနေရာကနေ သဘာဝကျောက်မှိုပွင့်ကြီးတွေရှိတဲ့နေရာတွေနဲ့ မြန်မာနိုင်ငံရဲ့မြေပိုင်နက်အဆုံးထိပ်စွန်းကို သွားရောက်လေ့လာလည်ပတ်ကြဖို့အတွက် မိမိတို့စီးလာတဲ့စက်လှေက ချောင်းဝဆိုတဲ့ရွာလေးရဲ့ဆိပ်ခံတံတားတစ်ခုမှာ ဆိုက်ကပ်ပေးတယ်။ ချောင်းဝရွာလေးက ပုသိမ်မြစ်နဲ့ပုသိမ်မြစ်ကြီးစီးဝင်သွားခဲ့တဲ့ ဘင်္ဂလားပင်လယ်အော်၊ ပင်လယ်ဝအနီးမှာ တည်ရှိနေတယ်။ ကျောက်မှိုပွင့်ကြီးတွေရှိတဲ့နေရာကို ပင်လယ်ထဲကနေ စက်လှေတွေနဲ့သွားရောက်နိုင်သလို ချောင်းဝရွာကနေတစ်ဆင့်ကားနဲ့သွားရောက်လို့ရနေတယ်။ ဒါပေမဲ့ ပင်လယ်ထဲကနေ စက်လှေနဲ့သွားမယ်ဆိုရင် ခရီးရေမိုင်ကလဲပိုမိုဝေးကွာ၊ လှိုင်းလေတွေကလဲ ကြမ်းတမ်း၊ ကျောက်ဆောင်တွေကလဲ များပြားတာကြောင့် အလွန်အန္တရာယ်များပြားပါတယ်။ ဒါကြောင့် ပင်လယ်ထဲကနေ သွားရောက်ကြသူတွေမရှိဘဲ ချောင်းဝရွာကနေ ကုန်းလမ်းခရီးကားနဲ့သာ သွားရောက်လေ့ရှိနေကြတယ်။

စက်လှေက ဆိပ်ခံတံတားမှာ ဆိုက်ကပ်လိုက်ပြီး မိမိတို့တစ်တွေ ကုန်းပေါ်ကိုရောက်တာနဲ့အသင့်စောင့်ကြိုနေပြီဖြစ်တဲ့ကားကို တွေ့မြင်လိုက်ရတယ်။ ကနုကမာရွာက ညီဝမ်းကွဲဖြစ်သူက ဒီခရီးစဉ်အတွက်လိုအပ်တာမှန်သမျှကို ကြိုတင်ဖုန်းဆက်အကြောင်းကြားပြီး စီစဉ်ထားတာပါ။ ဒ့ါပြင် ညီဝမ်းကွဲဖြစ်သူရဲ့ငယ်သူငယ်ချင်း ကနုကမာရွာသား ကိုအောင်စိုးဆိုသူတစ်ယောက်ကလဲ ဒီဒေသမှာ အိမ်ထောင်ရက်သားတွေကျ၊ ငါးပုစွန်နဲ့ ပင်လယ်ထွက်ကုန်အဝယ်ဒိုင်ကြီးတစ်ခု ဖွင့်လှစ်ထားရှိပြီး စီးပွားရေးကောင်းကောင်းမွန်မွန်နဲ့ အခြေကျနေပြန်တယ်။ ခရီးအစီအစဉ်တွေအားလုံးကို ညီဝမ်းကွဲ ကိုဖိုးစိန်နဲ့ကိုအောင်စိုးတို့နှစ်ဦးက တိုင်ပင်စီစဉ်ထားကြတယ်။

စီစဉ်ထားတဲ့ခရီးစဉ်အရ ဆိပ်ခံတံတားကနေကိုအောင်စိုးရဲ့နေအိမ်ရှိရာကို ကုန်းလမ်းခရီးကားနဲ့ဆက်လက်သွားရောက်ကြရတယ်။ သူ့ရဲ့အိမ်ကလပ္ပတ္တာမြို့ကို သွားတဲ့ကားလမ်းဘေးမှာ တည်ရှိနေတယ်။ မိမိတို့ရောက်တာနဲ့ ခဏတာနှုတ်ဆက်စကားပြောကြရင်း မနက်စာကောင်းကောင်းမစားရသေးတဲ့မိမိတို့ကို ကြာဆံကြော်တွေနဲ့ ဧည့်ခံကျွေးမွေးတယ်။ စကားပြောကြရင်း၊ မနက်စာ စားကြသောက်ကြရင်းတစ်ဆက်တည်းမှာပဲ ကိုအောင်စိုးက နေ့လယ်စာစားသောက်ကြဖို့အတွက် စားသောက်ဆိုင်ကြီး တစ်ဆိုင်ကို ဖုန်းဆက်အကြောင်းကြားစီစဉ်ပေးပြန်တယ်။ အစီအစဉ်က နေ့လယ်စာအတွက် ဟင်းလျာတွေကိုသူ့ဆိုင်မှာရှိနေတဲ့ငါး၊ ပုစွန်၊ ကဏန်း၊ ခရု၊ ရေဘဝဲစတာတွေကို စားသောက်ဆိုင်က လာရောက်ယူဆောင်ပြီး ဖွယ်ဖွယ်ရာရာဖြစ်အောင် ချက်ပြုတ်ဧည့်ခံကျွေးမွေးပေးဖို့ဖြစ်ပါတယ်။ ဒေသခံမိတ်ဆွေနဲ့ ညီဝမ်းကွဲတို့က ဒီလိုစီစဉ်ပြီးမှ ကျောက်မှိုပွင့်ကြီးတွေရှိတဲ့ ပင်လယ်ကမ်းခြေကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။

ကိုအောင်စိုးရဲ့ နေအိမ်ရှိရာကနေ မကျီးချိုင်ရွာ၊ အဆင်းချိုင်ရွာ၊ ကြက်လျှာရွာ၊ ဖိုးကုလားကုန်းရွာ၊ ဒီဒူးကုန်းရွာ၊ ကျောက်ကလပ်ရွာ စတဲ့ရွာစဉ်ရွာတန်းလေးတွေကို ဖြတ်သန်းခဲ့ပြီး ကျောက်ကလပ်ရွာနယ်မြေအတွင်းက ကျောက်မှိုပွင့်ကြီးတွေရှိတဲ့ နေရာကိုရောက်လာခဲ့ကြတယ်။ ခရီးမိုင်အကွာအဝေးကချောင်းဝရွာဆိပ်ခံတံတားကနေ ကျောက်ကလပ်ရွာကျောက်မှိုပွင့်ကြီးတွေထိ ၁၂ မိုင်ကွာဝေးနေတယ်။ ဒီလမ်းက ဒေသခံကျေးရွာတွေနဲ့ လပ္ပတ္တာမြို့ကိုဆက်သွယ်ထားတဲ့ အဓိကလမ်းမကြီးလဲဖြစ်နေတယ်။ အဓိကလမ်းမကြီးဆိုပေမဲ့ ကတ္တရာခင်းလမ်းကျဉ်းလေးသာဖြစ်နေသေးပြီး ကားတစ်စီးနဲ့တစ်စီးသတိထားရှောင်တိမ်းမောင်းနှင်နေရတာကို တွေ့မြင်နေရတယ်။

မိမိတို့ကို တင်ဆောင်မောင်းနှင်လာတဲ့ခွေးဘီလူးကားလေးက ရွာစဉ်ရွာတန်းတွေကို အဆင့်ဆင့် တစ်ရွာပြီးတစ်ရွာ ဖြတ်ကျော်လာခဲ့သလို ကျောက်မှိုပွင့်ကြီးတွေရှိတဲ့နေရာကို ရောက်တဲ့အခါ လှိုင်းရေတွေတဝုန်းဝုန်းနဲ့ ပင်လယ်ရေပြင်ကျယ်ကြီး၊ ပင်လယ်ပြင်ကမ်းအနီး ပင်လယ်တိမ်အတွင်းမှာ ငါးဖမ်းနေကြတဲ့၊ ယာယီရပ်တန့်ထားကြတဲ့ ငါးဖမ်းစက်လှေအမျိုးမျိုးအထွေထွေကိုလဲ ထပ်မံတွေ့မြင်ကြရပြန်တယ်။ ဒါပေမဲ့ ကျောက်မှိုပွင့်ကြီးတွေကိုတော့ မတွေ့မြင်ရသေးပါဘူး။ ကားလေးက ပင်လယ်ကမ်းနဲ့အနီးဆုံးကုန်းထိပ်နေရာတစ်ခုမှာ ရပ်ပေးလိုက်ပြီး ကုန်းထိပ်ပေါ်ကနေ ကျောက်ဆောင်ကျောက်ကမ်းပါး အုတ်လှေကားလေးတွေအတိုင်း အောက်ကိုဆင်းလာကြတဲ့အခါ ကျောက်မှိုပွင့်ကြီးတွေကို ပင်လယ်ရေပြင်ကမ်းစပ်မှာ ဘွားခနဲတွေ့မြင်လိုက်ကြရတယ်။ လှေကားထစ်လေးတွေက ကျောက်မှိုပွင့်ကြီးတွေကြားထဲကနေ ဖောက်လုပ်ထားကြတာပါ။ ကျောက်မှိုပွင့်ကြီးတွေနဲ့အတူ အဆင်း၊ အတက်လှေကားလေး၊ ငါးခုလောက်ရှိနေကြတယ်။ တကယ်တော့ ကားရပ်ပေးလိုက်တဲ့ ကုန်းထိပ်နေရာအနီးက ကျောက်ဆောင်ကြီးတွေ၊ ကျောက်ကမ်းပါးကြီးတွေ၊ ကျောက်စွန်းနေရာတွေက ကျောက်မှိုပွင့်ကြီးတွေရဲ့ အပေါ်ပိုင်းကျောက်ပွင့်ကြီးတွေသာ ဖြစ်ပါတယ်။ နှစ်ပေါင်းများစွာ ပင်လယ်ရေလှိုင်းကြီးတွေက အရှိန်အဟုန်ပြင်းပြင်းနဲ့ တိုက်စားလာကြတဲ့အခါ ကျောက်ဆောင်၊ ကျောက်ကမ်းပါးတွေက မှိုပွင့်ပုံသဏ္ဍာန်ဖြစ်တည်လာကြတယ်။ ထူးခြားတာက ကျောက်ဆောင်၊ ကျောက်ကမ်းပါးကြီးတွေရဲ့ အတွင်းပိုင်းက အဖြူရောင်၊ အပေါ်ပိုင်းက အမည်းရောင်ဖြစ်နေတာကြောင့် ကျောက်မှိုပွင့်ကြီးတွေကို အတွင်းပိုင်းက အဖြူရောင်၊ အပေါ်ပိုင်းအမိုးနေရာက အမည်းရောင်တွေအဖြစ်နဲ့ တွေ့မြင်နေရတယ်။



ဘင်္ဂလားပင်လယ်အော်ကမ်းစပ်ရှိ ကျောက်မှိုပွင့်များကို တွေ့ရစဉ်။

ဒါတွေကို ပထဝီသဘောတရားနဲ့ကြည့်မယ်ဆိုရင် ပင်လယ်ရေလှိုင်းတွေနဲ့ ရေစီးကြောင်းတွေရဲ့လုပ်ဆောင်ချက်တွေကြောင့် ပင်လယ်၊ သမုဒ္ဒရာကမ်းရိုးတန်းတွေမှာ ကမ်းရိုးတန်းမြေပြင်သဏ္ဍာန်တွေဖြစ်ပေါ်လာရတယ်။ ပင်လယ်ရေလှိုင်းတွေရဲ့ တိုက်စားမှုကြောင့်လဲ ပင်လယ်ဂူတွေ၊ သဘာဝပေါင်းကူးတွေ၊ ပင်လယ်ကျောက်တိုင်တွေ၊ ကျောက်မှိုပွင့်ကြီးတွေဖြစ်လာခဲ့ကြရတယ်။ ဒ့ါပြင် ပင်လယ်ကမ်းခြေအနီးမှာစီးဆင်းနေတဲ့ရေစီးကြောင်းတွေရဲ့ သယ်ဆောင်မှု၊ ပို့ချမှုတွေကြောင့် ပင်လယ်ကမ်းရိုးတန်းတွေ၊ ပင်လယ်အော်ထိပ်ဝတွေမှာ သဲခုံတန်းတွေကို ဖြစ်ပေါ်စေပြီး သဲခုံတန်းတွေရဲ့ထိပ်မှာလဲ သဲခုံဆွယ်တွေဖြစ်ပေါ်လာရတော့တယ်။ အခု မိမိတို့ရောက်ရှိနေတဲ့နေရာက ဘင်္ဂလားပင်လယ်အော်ထိပ်ဝမှာဖြစ်ပေါ်နေတဲ့ သဲခုံတန်းတွေ၊ သဲခုံဆွယ်တွေသာဖြစ်ပါတယ်။ ဒါက ပင်လယ်ရေစီးကြောင်းတွေ၊ ရေတိုက်စားမှုတွေ၊ ပင်လယ်ရေရဲ့လုပ်ဆောင်မှုတွေကြောင့်ဖြစ်ပေါ်လာခဲ့ကြရသလို ခြောက်သွေ့ပူပြင်းတဲ့ သဲကန္တာရဒေသတွေမှာလဲ ကြီးမားကျယ်ပြန့်တဲ့လေမှုတ်စားချိုင့်တွေ၊ ကျောက်တုံးကြီးတွေရဲ့ အောက်ခြေကို တိုက်စားမှုကြောင့် မှိုပွင့်သဏ္ဍာန်ကျောက်တုံးကြီးတွေ ဖြစ်ပေါ်နေတာဖြစ်ပါတယ်။

ကျောက်မှိုပွင့်ကြီးတွေရှိတဲ့နေရာကို မိမိတို့မောင်နှမတွေက အုတ်လှေကားထစ်လေးတွေအတိုင်း ဆင်းလာကြတဲ့အချိန်မှာ ပင်လယ်ရေပြင်က ပေနှစ်ရာကျော်၊ သုံးရာလောက်မှာရှိနေတယ်။ ဒါကြောင့် ပင်လယ်ရေပြင်နဲ့ ကျောက်မှိုပွင့်ကြီးတွေကြားမှာရှိနေတဲ့ သဘာဝမြင်ကွင်းတွေကိုလဲ ထပ်မံမြင်တွေ့ကြရတယ်။ ဒီမြင်ကွင်းတွေကိုတော့ ကျောက်မှိုပွင့်ကြီးတွေဆီမှာ လေ့လာကြည့်ရှု၊ ဓာတ်ပုံတွေရိုက်ကြပြီးမှ ဆက်လက်သွားရောက်ကြည့်ရှုကြရမှာပါ။ ပင်လယ်ကမ်းစပ်မှာရှိနေတဲ့ ကျောက်မှိုပွင့်ကြီးတွေက တစ်ပွင့်၊ နှစ်ပွင့်တည်းမဟုတ်ဘဲ အများအပြားတန်းစီပြီးရှိနေကြတယ်။ တချို့က မှိုပွင့်ပုံသဏ္ဍာန် ပီပီပြင်ပြင် ထင်ထင်ရှားရှားဖြစ်ပေါ်တည်ရှိနေကြသလို တချို့ကလဲ ကုန်းမြေသဲခုံတန်းတွေနဲ့ထိစပ်နေပြီး မပီမပြင် မထင်မရှားဖြစ်နေကြရတယ်။ တချို့ကျောက်မှိုပွင့်ကြီးတွေကတော့ အလွန်ပြင်းထန်တဲ့ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကျိုးကျပျက်စီးပြီး အပေါ်ခေါင်းပိုင်းတွေကို ကမ်းခြေနေရာတွေမှာ တွေ့မြင်နေရတယ်။ တချို့ကျန်ရစ်ခဲ့ကြတဲ့ ကျောက်မှိုတိုင်ကြီးတွေပေါ်မှာ ရေသူမအရုပ်တွေကို ထုဆစ်ဖန်တီးထားတာကိုလဲ တွေ့မြင်နေရတယ်။

ကျောက်မှိုပွင့်ကြီးတွေအားလုံးက သဘာဝအလျောက်လှပနေတဲ့အပြင် ရှုထောင့်အမျိုးမျိုး၊ နေရာအမျိုးမျိုး၊ ဘယ်နေရာဘယ်ရှုထောင့်က ဓာတ်ပုံရိုက်ရိုက် လှလှပပဖြစ်နေတာကြောင့် အချိန်တွေကြာမြင့်နေရတယ်။ တစ်ပွင့်တည်းဖြစ်ပေါ်တည်ရှိနေတဲ့ နေရာ၊ အတန်းလိုက် စုစုဝေးဝေးနေရာ၊အနီး၊အဝေး၊အပေါ်၊ အောက်နေရာမျိုးစုံကနေ ဓာတ်ပုံတွေ ရိုက်ယူနေကြရတယ်။ ဒီကျောက်မှိုပွင့်ကြီးတွေကို ကားလမ်းပေါ်ကနေ၊ သဲခုံတန်းတွေပေါ်ကနေ မမြင်မတွေ့ရဘဲ ပင်လယ်ကမ်းစပ်အောက်ခြေထိဆင်းလာကြမှသာ မြင်တွေ့ကြရမှာပါ။ လာရောက်လေ့လာကြတဲ့ တချို့ခရီးသွားဧည့်သည်တွေက ပင်လယ်ကမ်းခြေချင်းအတူတူ ဘာမှမထူးခြားပါဘူး။ အောက်ကို မဆင်းတော့ဘဲ အပေါ်ကနေ ရှုခင်းတွေကို တဝကြီးကြည့်တော့မယ်ဆိုပြီးမှ အကြောင်းတစ်စုံတစ်ရာကြောင့် အောက်ကို ရောက်လာကြတဲ့အခါ တော်သေးတာပေါ့၊ အောက်ကို ဆင်းလိုက်မိလို့၊ မဆင်းခဲ့မိရင် ဒီကျောက်မှိုပွင့်ကြီးတွေကို မြင်တွေ့ကြရမှာမဟုတ်ဘူး။ ကျောက်မှိုပွင့်တွေရှိနေတာကို မသိဘူး။ အောက်ကို ဆင်းလိုက်မိတာ ကံကောင်းသွားတယ်ဆိုတဲ့ ဧည့်သည်တွေကိုလဲကြုံတွေ့နေရတယ်။ အခုမိမိတို့ ရောက်ရှိနေတဲ့ ကျောက်မှိုပွင့်ကြီးတွေရှိတဲ့နေရာကိုလာရောက်လေ့လာလည်ပတ်ကြသူအလွန်နည်းပါးပါတယ်။ ငွေဆောင်ကမ်းခြေ၊ ချောင်းသာကမ်းခြေတွေနဲ့ နှိုင်းယှဉ်လိုက်ရင် ဒီနေရာက အလွန်တိတ်ဆိတ်ခြောက်ကပ်နေတယ်။ ဒ့ါပြင် လာရောက်လည်ပတ်ကြသူဦးရေကို လက်ချိုးရေတွက်လို့ရနေတယ်။ ခရီးမိုင်ဝေးကွာတာတွေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာတွေ၊ လူသိနည်းပါးနေသေးတာတွေကြောင့် ဖြစ်မယ်ထင်ပါတယ်။ မိမိတို့မောင်နှမတွေတောင် နယ်ခံညီဝမ်းကွဲ၊ ညီမဝမ်းကွဲတွေရှိနေလို့ ရောက်လာကြရတာပါ။

ကျောက်မှိုပွင့်ကြီးတွေကို လေ့လာပြီးကြတာနဲ့ ပင်လယ်ကမ်းစပ်နေရာကို ထွက်လာခဲ့ကြတယ်။ ဒါပေမဲ့ ကမ်းစပ်နဲ့ကျောက်မှိုပွင့်ကြီးတွေနေရာက တစ်ဆက်တစ်စပ်တည်းပါ။ ပေနှစ်ရာကျော်၊ သုံးရာလောက်ကျယ်ဝန်းတဲ့ ဧရိယာကြီးတစ်ခုဖြစ်ပေါ်နေတာသာဖြစ်ပါတယ်။ အရင်တစ်ခေါက်လာခဲ့တဲ့အချိန်တုန်းက ဒီနေရာမှာ ရေတက်ချိန်၊ ပင်လယ်ရေတွေအပြည့်နဲ့ လှိုင်းတံပိုးတွေရိုက်ခတ်နေခဲ့တယ်။ မိမိတို့ခရီးဖော်အဖွဲ့တွေက ကျောက်လှေကားလေးတွေကနေဆင်းပြီး အောက်ကိုရောက်တဲ့အချိန်မှာ ပင်လယ်ရေတွေက ကျောက်မှိုပွင့်ကြီးတွေရဲ့ကျောက်မှိုတိုင်ကြီးတွေအောက်ခြေကို ရောက်လာတဲ့အထိ တရိပ်ရိပ်တက်လာနေပြီဖြစ်လို့ မြန်မြန်လေ့လာကြည့်ရှု၊ မြန်မြန်ဓာတ်ပုံတွေရိုက်ယူခဲ့ရပြီး သဲခုံတန်းတွေပေါ်ကို မြန်မြန်ပြန်တက်လာခဲ့ကြရတယ်။ အဲဒီအချိန်တုန်းက ကျောက်မှိုပွင့်ကြီးတွေနဲ့ သဲခုံတန်းတွေရှိရာကို ပင်လယ်အတွင်းကနေ တဝုန်းဝုန်းတဒိုင်းဒိုင်းရိုက်ခတ်လာတဲ့ လှိုင်းလုံးကြီးတွေကကြောက်မက်ဖွယ်ရာကြီးတွေပါ။ ဒီလိုကြီးမားပြင်းထန်တဲ့လှိုင်းလုံးကြီးတွေကြောင့် ပင်လယ်ထဲမှာရပ်နားထားကြတဲ့ ငါးဖမ်းစက်လှေတွေ နစ်မြုပ်ကုန်လေမလားဆိုပြီး စိုးရိမ်စိတ်တွေနဲ့ ကြည့်ရှုခဲ့မိပေမဲ့ တစ်စီးတလေမှ နစ်မြုပ်ခဲ့ခြင်းမရှိပါဘူး။ ဒါပေမဲ့ လှိုင်းလုံးကြီးတွေပေါ်မှာ နစ်မြုပ်လုမတတ်ယမ်းခါလှုပ်ရှားနေကြရတယ်။

အခုတစ်ခေါက် မိမိတို့မောင်နှမတွေ ရောက်လာခဲ့ကြတဲ့အချိန်က ပင်လယ်ရေတက်ခြင်းလဲမရှိ၊ ပင်လယ်ရေလှိုင်းတွေ ဆိုးဆိုးရွားရွားပြင်းထန်ခြင်းလဲမရှိတာကြောင့် ကံကောင်းတယ်လို့ဆိုရပါမယ်။ ဒါကြောင့်ဘင်္ဂလားပင်လယ်အော်အစပ်မှာ အထပ်ထပ်လှလှပပရှိနေတဲ့ ကျောက်ကလပ် ခေါ် ကျောက်မှိုပွင့်ကြီးတွေကို အေးအေးဆေးဆေး လေ့လာကြည့်ရှုခွင့်ရနေကြပါတယ်။ အချိန်ရတုန်း ဆက်လက်လေ့လာလိုက်ကြပါအုံးမယ်။

## အနွယ်တော် ရုပ်ရှင်ဇာတ်ကား Premiere Show ကို ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံ၌ ကျင်းပ



**ရန်ကုန် မတ် ၂၆**

အနွယ်တော် ရုပ်ရှင်ဇာတ်ကား Premiere Show ကို မတ် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အနွယ်တော် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို သက်ဦးမောင်က ရေးသားထားပြီး ရိုက်ကွင်းဇာတ်ညွှန်းကို မင်းကိုစိုး (နတ်သံကွင်း) က ရေးသားထားကာ ဒါရိုက်တာ ကိုဇော် (အရုဏ်ဦး)၊ တွဲဖက်ဒါရိုက်တာ အိ (အရုဏ်ဦး)၊ နေလင်းတို့က Triple SIX ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဥသြက ဒီဇာတ်ကားမှာ မေသူဆိုတဲ့ ကာရိုက်တာကနေ ပါဝင်ထားပါတယ်။ ပုဂံမြို့က Guide ပေါ့။ ကက်ကက်လန်နေတဲ့ စွာတဲ့ Guide လေးလို့လဲ ပြောလို့ရပါတယ်။ ပုဂံဘုရားဖူးလာသူတွေကို ကိုယ်က ပုဂံဘုရားသမိုင်းတွေကို ဘာသာပြန်ရတာပါ။ ဒီကားမှာ သရုပ်ဆောင်တွေလဲအများကြီးပါတယ်။ ဟာသဇာတ်မြူးကားလေးမို့ အကုန်ကြည့်လို့ကောင်းတဲ့ ဟာသလေးတွေပါပါတယ်။ ပါဝင်ထားကြတဲ့ သရုပ်ဆောင်တွေအကုန် သူ့ကာရိုက်တာနဲ့သူ တော်တော်လေးပီပြင်ကြပါတယ်"ဟု သရုပ်ဆောင် ဥသြသံသာက ပြောပြသည်။

အနွယ်တော် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် မြင့်မြတ်၊ ကျော်ကျော်ဗိုလ်၊ ရှင်မွေလ၊ ဂျိုကာ၊ ဆင်မ၊ နေလင်း၊ ဝိုင်းဝိုင်းလည်၊ အောင်သီဟ၊ ခြူးလေး၊ ဝေလာရီ၊ ဥသြသံသာနှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

## John Wick မှုကွဲရုပ်ရှင်ဇာတ်ကားသစ်ကို မင်းသား ဒွန်နီယန်းက တာဝန်ယူရိုက်ကူးမည်

**နယူးယောက် မတ် ၂၆**

Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ John Wick မှုကွဲရုပ်ရှင်ဇာတ်ကားသစ်ကို အက်ရှင်မင်းသား ဒါရိုက်တာ ဒွန်နီယန်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း မတ် ၂၅ ရက်သတင်းများအရ သိရသည်။

အဆိုပါဇာတ်ကားသစ်သည် John Wick : Chapter–4 ဇာတ်ကားမှမျက်မမြင်ကြေးစားလူသတ်သမား Caine ကို အဓိကဇာတ်ကောင်အဖြစ် ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားတွင် မင်းသား ဒွန်နီယန်းက အဓိကဇာတ်ကောင် Caine အဖြစ် ကိုယ်တိုင် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

မင်းသား ဒွန်နီယန်းသည် John Wick : Chapter–4 (2023) ၌ မျက်မမြင် ကြေးစားလူသတ်သမား Caine အဖြစ် သရုပ်ဆောင်ခဲ့သူဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် အဆိုပါဇာတ်ကား၏ တရားဝင်ဇာတ်ကားနာမည်နှင့် ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

၎င်းဇာတ်ကားသစ်ရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဧပြီလအတွင်း စတင်ရန် Lionsgate ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## Royal King Film, Production & Distribution က ရိုက်ကူးမည့် အတိတ်ခါးခါး ရုပ်သံဇာတ်လမ်းတွဲ ကန်တော့ပွဲပေးအခမ်းအနား ကျင်းပ

**ရန်ကုန် မတ် ၂၆**

Royal King Film, Production & Distribution က ရိုက်ကူးမည့် အတိတ်ခါးခါး ရုပ်သံဇာတ်လမ်းတွဲကန်တော့ပွဲပေး အခမ်းအနားကို မတ် ၂၅ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်ၤန်းကျွန်းမြို့နယ်ရှိ ကျိုက္ကစံစေတီတော်ကြီးတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အတိတ်ခါးခါး ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့်ဇာတ်ညွှန်းကို ယွန်းသခင်က ရေးသားထားပြီး ဒါရိုက်တာ တင်အောင်ကျော်က Royal King Film, Production & Distribution အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော့်ကိုတော့ ဒီဇာတ်လမ်းတွဲထဲမှာ ဆရာဝန်တစ်ယောက်နေရာက မြင်တွေ့ရမှာပါ။ ကိုယ်ကူညီထားတဲ့ ကောင်မကလေးကို အဆုံးစွန်ထိ လိုက်စောင့်ရှောက်ပေးတဲ့သူပါ။ ရိုမန့်ဆန်ဆန်ကိုမှ အတိတ်ကဖြစ်ရပ်လေး



ကို ပြန်ပြီးတော့ ကူညီဖြေရှင်းပေးတဲ့သူပါ။ ဆရာဝန်နဲ့ပတ်သက်တဲ့အရာလေးတွေ ကြိုပြင်ဆင်ထားပါတယ်။ ဇာတ်လမ်းက နည်းနည်းဆန်းတဲ့ ဇာတ်လေးပါ။ အတိတ်တွေက ခါးခဲ့တာကို ရင်ဆိုင်ဖြေရှင်းရမှာပါ။ ဒီဇာတ်ကားမှာ ဝါရင့်အနုပညာရှင်တွေလဲပါတဲ့ ဇာတ်လေးဆိုတော့ ပရိသတ်အကြိုက်တွေ့စေမဲ့ နည်းနည်းလောင်တာလေးတွေ ပါပါတယ်" ဟု အဆိုပါ အတိတ်ခါးခါး ရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင်သရုပ်ဆောင်မည့် သရုပ်ဆောင် ညိမ်းသော်က ပြောပြသည်။

အဆိုပါ အတိတ်ခါးခါး ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ညိမ်းသော်၊ ဂျွန်နိုင်းအောင်၊ စွဲငြိထင်၊ မိုကိုခန့်၊ ကောင်းဟိန်း၊ ဘုန်းလျှံ၊ နန်းဆုဦး၊ ပွင့်နဒီမောင်၊ နှိုင်းယှဉ်မြင့်မိုရ်၊ ဘေဘီမောင်၊ ဝါဝါအောင်နှင့် အနုပညာရှင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

## Gundam အက်ရှင်ဇာတ်ကား၌ မင်းသား မိုက်ကယ်မင်ဒို ပါဝင်မည်

**နယူးယောက် မတ် ၂၆**

Netflix နှင့် Legendary ကုမ္ပဏီတို့၏ Gundam အက်ရှင်ဇာတ်ကားသစ်၌ မင်းသား မိုက်ကယ်မင်ဒို ပါဝင်မည်ဖြစ်ကြောင်း မတ် ၂၅ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် Gundam ဇာတ်ကား၏ ဇာတ်လမ်းဇာတ်အိမ် အသေးစိတ်နှင့် မိုက်ကယ်မင်ဒို ပါဝင်သရုပ်ဆောင်ရမည့် ဇာတ်ကောင်နေရာကို မသိရသေးကြောင်း သိရသည်။

မင်းသား မိုက်ကယ်မင်ဒိုနှင့် Netflix ကုမ္ပဏီတို့သည် 72 Hours အမည်ရှိ ဇာတ်ကားအတွက် လက်တွဲ ဆောင်ရွက်ခဲ့ဖူးကြောင်း သိရသည်။

Gundam ဇာတ်ကားတွင် မင်းသား မိုက်ကယ်မင်ဒိုသည် မင်းသမီး ဆစ်ဒနီဆွင်နေး၊ မင်းသား နိုအာစင်တီနီယိုတို့နှင့်အတူ သရုပ်ဆောင်ရမည် ဖြစ်ကြောင်း သိရသည်။

Gundam ဇာတ်ကားကို ဒါရိုက်တာ ဂျင်မစ်ကယ်က တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းကိုယ်တိုင်ရေးသားထားသည်။

Gundam ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ယခုနှစ် ဧပြီလအတွင်း ဩစတြေးလျနိုင်ငံ၌ စတင်ရန် ထုတ်လုပ်သူများက စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



## ဆီဆိုင်မြို့နယ် ထီတမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆီဆိုင် မတ် ၂၆**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ထီတမောင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သိန်းနွဲ့ဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စသည့်ရည်ရွယ်ချက်များဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၉၅ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် ဆီဆိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ထီတမောင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၁ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ သုံးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၇ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၄၉၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ချိုသန်းညွန့်

# 81st Armed Forces Day commemorative dinner held


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla host the 81st Armed Forces Day commemorative dinner.

**Nay Pyi Taw March 26**

This evening, a commemorative dinner hosted by Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla was held at the Zeyathiri Beikman precinct in Nay Pyi Taw to mark the 81st Armed Forces Day.

At the start of the commemorative dinner, fireworks displays were set off from the Armed Forces Day parade ground and Bayintnaung Yeiktha in celebration of the 81st Armed Forces Day.

Subsequently, Senior General Min Aung Hlaing and his wife Daw Kyu Kyu Hla warmly greeted attendees who came to the 81st Armed Forces Day commemorative dinner. Those in attendance included: Vice-Chairman of the Commission Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win; Commission Secretary Commander-in-Chief (Army) General Ye Win Oo and wife; Commission Member Chief of General Staff (Army, Navy and Air) General Kyaw Swa Lin and wife; Commander-in-Chief (Navy) Admiral Htein Win and wife; Commander-in-Chief (Air) General Tun Aung and wife; Commission members; Union-level officials and their wives; senior military officers from the Office of the Commander-in-Chief and their wives; families of the Thirty Comrades; families of retired Commanders-in-Chief of Defence Services; retired senior military officers (Army, Navy and Air); Independence Mawgunwin recipients; advisors; deputy ministers; retired military ambassadors; military attachés and officials from foreign embassies; representatives from Ethnic Armed Organizations that have signed the Nationwide Ceasefire Agreement (NCA); chairpersons and officials from political parties; family members and relatives of recipients of the Aung San Thuriya Award; officials, soldiers, and their family members and relatives who have received the Thiha Thura, Thura, and Military Gallantry Medals and Heroism Commendation Badges; members of the Myanmar War Veterans Organization; personnel from the Myanmar Police Force, Fire Services Department, and Myanmar Red Cross Society; chairpersons and officials from various associations; artists who participated in the Armed Forces Day feature film; winners of competitions for march songs, military songs, poems, short stories, and novels; members of university training corps; teachers and students from the Nationalities Youth Resources Development University; and specially invited guests.

Afterwards, the Senior General and his wife, together with those attending the ceremony, partook of the commemorative dinner.

Before and during the dinner, vocalists from the Myawady Music Band under the supervision of the Directorate of Public Relations and Psychological Warfare, Office of the Commander-in-Chief (Army), including military personnel and police officers from the Myanmar Police Force, performed commemorative songs to foster a fervent patriotic spirit.

Following the commemorative dinner, Senior General Min Aung Hlaing and his wife cordially greeted the attendees and then enjoyed the fireworks display held to mark the successful ceremony, after which they departed from the event.

Subsequently, as the second part of the ceremony, Vice-Chairman of the Commission Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and attendees watched a cultural performance featuring vocal, dance, and traditional Yein dance accompanied by a full orchestra from the Myawady Music Band under the supervision of the Directorate of Public Relations and Psychological Warfare, staged inside the Zeyathiri Beikman theater hall.

After the performance, the Vice-Senior General presented commemorative bouquets to the military performers and cordially greeted the attendees.

In honour of the 81st Armed Forces Day, a beautiful light display has been arranged along the main entrance road to the Office of the Commander-in-Chief (Army) compound, featuring illuminated representations of naval vessels, aircraft, helicopters, military vehicles, and statues of the three monarchs who founded the first, second, and third Myanmar empires. 100


Senior General Min Aung Hlaing and wife Daw Kyu Kyu Hla greet the attendees who came to the 81st Armed Forces Day commemorative dinner.


Senior General Min Aung Hlaing toasts a foreign diplomat.


Fireworks being set off from the Armed Forces Day parade ground.


Fireworks being set off from the Armed Forces Day parade ground.

# Families of Tatmadaw (Army, Navy and Air) led by SSPC Vice Chairman Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and wife pay respect to retired senior Tatmadaw officers who will attend the 81st Anniversary of Armed Forces Day ceremony


Vice-Senior General Soe Win and wife Daw Than Than Nwe, and families of the Tatmadaw (Army, Navy and Air) paying respect to the retired senior Tatmadaw officers who will attend the 81st Anniversary of Armed Forces Day ceremony.

**Nay Pyi Taw March 26**

A ceremony in which families of the Tatmadaw (Army, Navy and Air) paid respects to retired senior military officers who had served in the Tatmadaw and who will attend the 81st Anniversary of Armed Forces Day parade to be held on 27 March 2026 was held this afternoon at Bayinnaung Villa in Nay Pyi Taw.

The ceremony was attended by 18 retired senior Tatmadaw officers and their nine wives, totalling 27. On behalf of Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing, SSPC Vice Chairman Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and his wife Daw Than Than Nwe, Commission Secretary Commander-in-Chief (Army) General Ye Win Oo and his wife, Commission member Chief of the General Staff (Army, Navy and Air) General Kyaw Swa Lin and his wife, and senior Tatmadaw officers from the Office of the Commander-in-Chief and their wives paid respect to the retired senior Tatmadaw officers and their wives.

On the occasion, the Vice-Senior General extended greetings. On behalf of the Chairman of the State Security and Peace Commission, Commander-in-Chief of Defence Services Senior General Min Aung Hlaing, the Vice-Senior General respectfully extend greetings and pay homage to all guardians of the Tatmadaw who will attend this 81st Anniversary Armed Forces Day ceremony. He would also like to express, on behalf of the entire Tatmadaw, his gratitude and pride in having the opportunity to meet all the guardians of the Tatmadaw who have proudly attended the 81st Anniversary Armed Forces Day ceremony. It can be said that this year's 81st Anniversary Armed Forces Day ceremony is a special one.

Prior to the Armed Forces Day ceremony, a free and fair multiparty democratic general election, led by the State Security and Peace Commission, was successfully held in three phases across 263 townships. A total of 54.28 per cent of eligible voters cast their votes voluntarily in an orderly manner. The people, based on their convictions, cast their votes for the parties and individuals they believed could successfully serve the interests of their communities, townships, and the nation. At present, the representatives elected by the people have already begun carrying out their duties in the Pyidaungsu Hluttaw, the Pyithu Hluttaw, and the Amyotha Hluttaw. In the coming days, the President and Vice Presidents will be elected, and a new democratic government will soon emerge. The responsibilities of the State will then be handed over to the newly formed democratic government.

Similarly, within the Tatmadaw, after the conclusion of the 81st Armed Forces Day ceremony, there will be changes n the leadership. Regardless of who assumes command, the Tatmadaw will continue to advance in accordance with the succession of its leaders, the guidance of its senior mentors, instructors, and advisors, and following established military doctrines and policy directions. The Tatmadaw will diligently carry out its primary responsibility of national defence and will also cooperate in alignment with the policies of the State government. Up to the present time, the Tatmadaw's ability to lead the nation and fulfill its defence duties has been made possible by the decisions and guidance of successive senior commanders, mentors, instructors, and advisors, from the pre-independence period through independence to the present. Furthermore, on behalf of all members of the Tatmadaw, their families, and senior mentors, instructors, and advisors, the Tatmadaw expresses the hope that these leaders will continue to provide sound guidance. Whoever leads, as long as the Tatmadaw remains the sole mother and father of its institution and faithfully follows the established hierarchical leadership and guidance, it will continue to carry out its primary responsibilities in national defence, safeguard the three core duties, and fully perform the nation's responsibilities within the framework of policies set by the State government.

Afterward, the Vice-Senior General and wife, senior military officers and their wives paid their humble respects to the retired Tatmadaw officers on behalf of families of the Tatmadaw (Army, Navy and Air) in accordance with Myanmar traditions.

Then, General Thein Sein (Retired) spoke on behalf of the retired Tatmadaw officers, saying it is a fine tradition to invite and pay respect to those who performed respective duties in the Tatmadaw on every Armed Forces Day and the Tatmadaw is required to be always rejuvenated and a competent, strong and capable one. A democratic government will emerge within a few days and the government will take measures for betterment of the country, the rule of law, well-being of the people and socioeconomic development of the country. It is necessary to restore stability of the country to do so, the role of the Tatmadaw is very crucial. Therefore, concerted efforts must be made to be a capable Tatmadaw to perform the major duties of the Tatmadaw or national defence and security duties responsibly.

Afterward, the Vice-Senior General and his wife and senior military officers and their wives humbly presented honorary gifts to the retired military officers and their wives personally.

Then, the Vice-Senior General and the senior military officers posed for documentary photographs with the retired Tatmadaw officers and their wives.


Then, the Vice-Senior General and his wife cordially greeted the retired Tatmadaw officers and their wives.

100


## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Vice Chairman of SSPC Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and wife greet retired senior military officers and wives, who will attend the parade of the 81st Anniversary of the Armed Forces Day



Vice-Senior General Soe Win and wife Daw Than Than Nwe greet a retired senior military officer.



Vice-Senior General Soe Win and wife Daw Than Than Nwe greet a retired senior military officer.

**Nay Pyi Taw March 26**

On behalf of Chairman of the State Security and Peace Commission Commander-in-Chief of Defence Services Senior General Min Aung Hlaing and wife, Daw Kyu Kyu Hla,Vice Chairman of SSPC Deputy Commander-in-Chief of Defence Services Vice-Senior General Soe Win and wife, Daw Than Than Nwe, greeted retired senior military officers who served duties at the military and their wives at Bayintnaung Villa in Nay Pyi Taw this morning. Those retired senior military officers and their wives will attend the parade of the 81st Anniversary of the Armed Forces Day which falls on 27 March 2026.

On the occasion, the Vice-Senior General and wife respectfully greeted the retired senior military officers and wives and cordially asked about health and social needs and fulfilled their requirements.

At the meetings, the Vice-Senior General thanked the retired senior military officers who will attend the parade. He then explained the endeavours to maintain fine traditions of the Tatmadaw and to built an efficient Armed Forces, and emphasis being placed by the Tatmadaw on peace and stability of the State. The retired senior military officers expressed pleasure and honor for the opportunity to attend the parade and the care and protection provided for the soldiers as parents and teachers in accord with the fine traditions of the Tatmadaw and gave other advice. 100

# Myaung Township sees 100% completion of harvesting lablab bean

**Myaung March 26**

All plantations of lablab bean planted last cold season were harvested in Myaung Township of Sagaing Region, according to the Sagaing Region Agriculture Department.

In Myaung Township, during the winter cropping season, a total of 1,461 acres of lablab bean were cultivated. Harvesting of these lablab bean fields began in January this year, and as of today, harvesting has been completed on 100 per cent of the cultivated acreage, with an average yield of 15.27 baskets per acre.

"During the winter cropping season in Myaung Township, we were able to cultivate 1,461 acres of lablab bean. At present, harvesting has been fully completed across all acres. To ensure good yield and quality of the crop, we worked together with farmers to provide necessary high-quality and pure seeds, agricultural inputs, and post-harvest technology training," said Daw Myat Moe Win, District Manager of the Agriculture Department in Sagaing District.

In Myaung Township, the Township Agriculture Department has also carried out awareness and extension activities to help farmers expand the cultivated area of lablab bean, improve yields, adopt Good Agricultural Practices (GAP), use high-quality and pure seeds, and cultivate high-yielding varieties.

The crops planted in GAP system have higher quality than the others planted in other agricultural techniques, fetch higher prices than other similar crops with the opportunities to export them to foreign market. Hence, local farmers can true their dreams of improving socioeconomic life.

206

# Malaysia announces fuel control measures amid rising oil prices

**Kuala Lumpur March 26**

The Malaysian government has announced a series of fuel management measures to ensure sufficient supply, manage subsidy spending and curb smuggling activities amid rising global oil prices and supply uncertainties.

Malaysian Prime Minister Anwar Ibrahim said on Thursday that the measures focus on three key areas, including adjustments to the subsidized petrol program, fuel purchase limits and stricter enforcement against leakages and smuggling.

Under the first measure, the government will revise the eligibility cap for its BUDI95 subsidized petrol program from 300 liters to 200 liters per month, effective on April 1. However, the subsidized price will remain at 1.99 ringgit (about 0.49 U.S. dollar) per liter.

The second measure involves temporary limits on fuel purchases per transaction to ensure fair distribution and prevent hoarding and smuggling, while the third measure is stricter enforcement against fuel subsidy leakages and smuggling. Authorities have been instructed to intensify monitoring and enforcement, as subsidy leakages were estimated to reach hundreds of millions of ringgit monthly.

Xinhua

# OECD sees global growth at 2.9 pct in 2026 amid Middle East tensions

**Paris March 26**

Global economic growth is projected to ease to 2.9 percent in 2026 from 3.3 percent in 2025, before edging up to 3.0 percent in 2027, the Organization for Economic Cooperation and Development (OECD) said in its latest Economic Outlook on Thursday.

The report said that the evolving conflict in the Middle East will test the resilience of the global economy. A prolonged period of higher energy prices would add markedly to business costs, raise consumer price inflation, and have adverse consequences for growth.

Prior to the conflict's escalation, global growth remained resilient due to strong AI-related investment and production as well as favourable fiscal conditions, the report said. Following the fighting in the Middle East, surging energy prices and heightened uncertainty have raised costs and dampened demand, offsetting earlier growth momentum, it added.

According to the report, economic growth in the United States will moderate from 2.0 percent in 2026 to 1.7 percent in 2027, as strong AI-related investment is gradually offset by a slowdown in real income growth and consumer spending. In the euro area, economic growth is expected to ease to 0.8 percent in 2026, as higher energy prices weigh on activity, before rising to 1.2 percent in 2027, supported by stronger defense spending.

Xinhua

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း မတ် ၂၆**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ငှက်ပျောအစုံ အဖီးရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ဒေသထွက် ငှက်ပျောသီးများကို ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းက ငှက်ပျောအစုံ အဖီးရေ ၅၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ငှက်ပျောအစုံအဖီးရေ ၇၅၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဖေဖော်ဝါရီလထဲမှာ ငှက်ပျောအစုံ အဖီးရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဒေသထွက် ငှက်ပျောကို ရေလမ်းကြောင်းအပြင် ကုန်းလမ်းကြောင်းကနေပါ တင်ပို့နေရပါတယ်။ ဒေသဈေးကွက်မှာလဲ ငှက်ပျောတွေကဝယ်ယူမှု များနေပါတယ်"ဟု ကျောင်းကုန်းမြို့နယ် ငှက်ပျောရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီဝင်းက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငှက်ပျောသီးဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၇၅၀၀၀၊ ရခိုင်ငှက်ပျောသီးအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀၊ သီးမွှေးငှက်ပျောအဖီးရေ ၁၀၀ လျှင် ငွေကျပ် ၂၂၅၀၀၀ နှင့် ဆင်ဆွယ်ငှက်ပျောသီး အဖီးရေ ၁၀၀ လျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

**မုံရွာ မတ် ၂၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၆၈၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၆၅ ဒသမ ၇၆ တင်းထွက်ရှိခဲ့ကြောင်း သိရသည်။

"မုံရွာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲဧက ၆၈၆၀ ထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။



မုံရွာမြို့နယ်တွင် မြေပဲခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# စလင်းမြို့နယ် ရွာတန်းရှည်ကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း မတ် ၂၆**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် တာဝန်ရှိသူများက ရွာတန်းရှည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၂၅ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များနှင့်အတူ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ဖြည့်သွင်းထားရှိမှု ရှိ၊ မရှိ စီမံကိန်းညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ရွာတန်းရှည်ကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၇ ဦးကို ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း(VRFP) ငွေကျပ် ၄၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

**သန်းသန်းစိုး**




# ပူတာအိုမြို့နယ် မာမိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး



**ပူတာအို မတ် ၂၆**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြစိမ်းရောင်ကျေးရွာ စီမံကိန်း စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လန်းတောင်ကျေးအုပ်စု မာမိန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို မတ် ၂၅ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်၊ မိသားစုဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် မြို့ပြနှင့် ကျေးလက်လူနေမှုအဆင့်အတန်း ကွာဟမှုကို လျှော့ချနိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေကို ထုတ်ပေးခြင်းဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များနှင့်အညီ ချေးငွေရယူသည့်လုပ်ငန်းများကို အမှန်တကယ် အကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ ရန်ပုံငွေ လေလွင့်မှုမရှိစေရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုက်ရေး ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပူတာအိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၉၀ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက မာမိန်ကျေးရွာရှိ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ်သိန်း ၅၈၀ ၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ ခြောက်ဦးကို ငွေကျပ်သိန်း ၁၁၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၆၀ ကို စီမံကိန်းရန်ပုံငွေကျပ်သိန်း ၆၉၀ ထုတ်ချေးပေးခဲ့ကြောင်း ပူတာအိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်လင်းထံမှ သိရသည်။

**ချစ်ဦးကို**






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် အခမ်းအနားတက်ရောက်လာကြသူများက မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက သံစုံတီးဝိုင်းဖြင့်တွဲဖက်၍ အဆို၊ အကများ၊ ယိမ်းအကများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ရှေ့ဖုံးမှအဆက်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သီဆိုကပြ ဖြေဖျော်ခဲ့ကြသည့် စစ်သည်၊ စစ်သမီးများကို အမှတ်တရ ဂုဏ်ပြုပန်းခြင်း ပေးအပ်စဉ်။

ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီး၊ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းအောင်နှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ရဲဘော်သုံးကျိပ်ဝင်မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ မိသားစုဝင်များ၊ အငြိမ်းစားတပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများ၊လွတ်လပ်ရေးမော်ကွန်းဝင်ပုဂ္ဂိုလ်ကြီးများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်သားအငြိမ်းစားသံအမတ်ကြီးများ၊ နိုင်ငံခြားစစ်သံရုံးများမှ စစ်သံမှူးများနှင့် တာဝန်ရှိသူများ၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အောင်ဆန်းသူရိယဘွဲ့ ရရှိခဲ့သူများ၏ မိသားစုဝင်များနှင့် ဆွေမျိုးများ၊ သီဟသူရဘွဲ့၊ သူရဘွဲ့နှင့် တပ်မတော်စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့၊ သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်ရရှိခဲ့ကြသည့် အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ၊ ဆွေမျိုးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့တို့မှပုဂ္ဂိုလ်များ၊ အသင်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် အနုပညာရှင်များ၊ စစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာ၊ ဝတ္ထုတို၊ ဝတ္ထုရှည်ပြိုင်ပွဲများတွင် ဆုရရှိကြသူများ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ တပ်ဖွဲ့ဝင်များ၊ တိုင်းရင်းသားဖွံ့ဖြိုးရေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ စစ်သည်၊ စစ်သမီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အဆိုရှင်များက မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေမည့် ဂုဏ်ပြုတေးသီချင်းများဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့က တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကာ အခမ်းအနားအောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်မှုကို ကြည့်ရှုအားပေးကြပြီး အခမ်းအနားမှ ပြန်လည်ထွက်ခွာကြသည်။

ဆက်လက်ပြီး အခမ်းအနားအစီအစဉ် ဒုတိယပိုင်းအဖြစ် ဇေယျာသီရိဗိမာန်သဘင်ဆောင်အတွင်း၌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ မြဝတီတေးဂီတအဖွဲ့မှ တပ်ဖွဲ့ဝင် စစ်သည်၊ စစ်သမီးများက သံစုံတီးဝိုင်းဖြင့်တွဲဖက်၍ အဆို၊ အကများ၊ ယိမ်းအကများဖြင့် သီဆိုတီးမှုတ်ဖျော်ဖြေတင်ဆက်ကြရာ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေး

ကြသည်။

ဖျော်ဖြေတင်ဆက်မှုအပြီးတွင် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စစ်သည်၊ စစ်သမီးများအား အမှတ်တရဂုဏ်ပြုပန်းခြင်းပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

၈၁ နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအဝင်လမ်းမကြီးတစ်လျှောက်တွင် တပ်မတော်ရေယာဉ်များ၊ လေယာဉ်၊ ရဟတ်ယာဉ်များ၊ ယာဉ်ယန္တရားများ၏ ပုံသဏ္ဌာန်များ၊ ပထမ၊ ဒုတိယနှင့် တတိယမြန်မာနိုင်ငံတော်တို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးရုပ်တုများကို မီးအလှအပများဖြင့် လှပစွာဂုဏ်ပြုပုံဖော်ထွန်းညှိထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြစဉ်။


နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။


၈၁ နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။



ဂုဏ်ပြုညစာစားပွဲ အခမ်းအနားအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် မီးရှူးမီးပန်းများပစ်ဖောက်နေမှုကို တွေ့ရစဉ်။


## ပြည်ပထွက်ခွာလိုသူ ပြည်သူများသို့ အသိပေးကြေညာချက်

၁။ လူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာအချက်အလက်များကောက်ယူ၍ ဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးခြင်းလုပ်ငန်းကို သက်ဆိုင်ရာလဝကမြို့နယ်ရုံးအားလုံး၌ ဥပဒေနှင့်အညီစိစစ်၍ အခမဲ့ဆောင်ရွက်ထုတ်ပေးလျက်ရှိပါသည်။

၂။ သို့ရာတွင် ပြည်ပထွက်ခွာလိုသည့် ပြည်သူများအနေဖြင့် ၎င်းတို့နှင့်သက်ဆိုင်သည့် လဝကမြို့နယ်ရုံးများ၌ UID နံပါတ်ဆောင်ရွက်ထုတ်ယူခဲ့ခြင်းမရှိဘဲ နယ်စပ်ဒေသများရှိ UID လုပ်ငန်းဆောင်ရွက်သည့်နေရာများ၌သာ UID နံပါတ်ရရှိရေးအတွက် အရေးတကြီးပြုလုပ်ဆောင်ရွက်လျက်ရှိကြသဖြင့် ယင်းနေရာ၌သာ လူစုလူဝေးများ ဖြစ်ပေါ်ခြင်း၊ လုပ်ငန်းဆောင်ရွက်မှုအချိန်နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လျက်ရှိပါသည်။

၃။ သို့ဖြစ်ပါ၍ အကြောင်းအမျိုးမျိုးဖြင့် ပြည်ပထွက်ခွာလိုသူ ပြည်သူများအနေဖြင့် သက်ဆိုင်ရာလဝကမြို့နယ်ရုံးများသို့ လူကိုယ်တိုင်သွားရောက်၍ UID နံပါတ် ကြိုတင်ထုတ်ယူဆောင်ရွက်ထားကြပါရန်နှင့် အခက်အခဲများရှိခြင်း၊ ငွေကြေးတောင်းခံခြင်းများရှိပါက အီလက်ထရောနစ်မှတ်ပုံတင်စနစ်ဦးစီးဌာန၏ Facebook စာမျက်နှာဖြစ်သည့် www.facebook.com/ eIDDept မှတစ်ဆင့် ဆက်သွယ်တိုင်ကြားဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၅၇/ ၂၀၂၆**
၁၃၈၇ ခုနှစ် တန်ခူးလဆန်း ၁၀ ရက်
(၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတက နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည်-

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးဇော်မျိုးနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒေါ်စန်းမော်အေး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒေါ်စနေမ | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | |
|---|---|---|
| ၁။ | ဗိုလ်မှူးအောင်နိုင်မိုးလှိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးရဲဇော်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဗိုလ်မှူးရှားလူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဗိုလ်ကြီးမင်းကြည်ဟိန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်သက်ပိုင်မြင့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်ပြည့်စုံအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | တတ-၁၂၆၉၁၉ ဒုတိယတပ်ကြပ်သူရိန်အောင် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာစွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**ရဲဗလတံဆိပ်**

| | | |
|---|---|---|
| ၁။ | မောင်အောင်ဖြိုးပိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | မောင်ပိုင်သက်ကျော်(ခေါ်) မောင်မျိုးဇင်သက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | မောင်ကောင်းမင်းထက် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဦးရဲလင်း အရပ်သား/ ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဦးကျော်ဇင်ဝင်း အရပ်သား/ရိပ်သာ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဦးကျော်ရဲထွဋ် | စစ်ကိုင်းတိုင်းဒေသကြီး |
| ၇။ | ဦးဇော်မင်းထွန်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၈။ | ဦးမောင်ဆွေဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၉။ | ဦးနေထက်လင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၀။ | ဦးတင်မိုးဝင်း | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၁။ | ဦးစောဦး | စစ်ကိုင်းတိုင်းဒေသကြီး |
| ၁၂။ | ဦးဆန်းလင်း | မကွေးတိုင်းဒေသကြီး |
| ၁၃။ | ဦးသူရိန်ထွန်း | မကွေးတိုင်းဒေသကြီး |
| ၁၄။ | ဦးဟိန်းစည်သူ | မကွေးတိုင်းဒေသကြီး |
| ၁၅။ | ဦးစံတင်ဝင်း | မကွေးတိုင်းဒေသကြီး |
| ၁၆။ | ဦးကျော်ဇေဦး | မကွေးတိုင်းဒေသကြီး |
| ၁၇။ | ဦးရန်နိုင်ဦး | မကွေးတိုင်းဒေသကြီး |
| ၁၈။ | ဦးမျိုးမင်းသူ | မကွေးတိုင်းဒေသကြီး |
| ၁၉။ | ဦးမင်းလွင် | မကွေးတိုင်းဒေသကြီး |
| ၂၀။ | ဦးထက်ဝေဦး | မကွေးတိုင်းဒေသကြီး |
| ၂၁။ | ဦးကျော်လင်းဦး | မကွေးတိုင်းဒေသကြီး |
| ၂၂။ | ဦးဌေးလွင် | မကွေးတိုင်းဒေသကြီး |
| ၂၃။ | ဦးမြင့်ခိုင် | မကွေးတိုင်းဒေသကြီး |
| ၂၄။ | ဦးမင်းနိုင်ဦး | မကွေးတိုင်းဒေသကြီး |
| ၂၅။ | ဦးသန့်ဇင်ဦး | မကွေးတိုင်းဒေသကြီး |
| ၂၆။ | ဦးလှိုင်မင်းဆွေ | မကွေးတိုင်းဒေသကြီး |
| ၂၇။ | ဦးဟိန်းသန့်ကို | မကွေးတိုင်းဒေသကြီး |
| ၂၈။ | ဦးဇော်မျိုးအောင် | မကွေးတိုင်းဒေသကြီး |
| ၂၉။ | ဦးသိန်းဇော်ဦး | မကွေးတိုင်းဒေသကြီး |
| ၃၀။ | ဦးဇော်မျိုးငြိမ်း | မကွေးတိုင်းဒေသကြီး |
| ၃၁။ | ဦးအေးဇော် | မကွေးတိုင်းဒေသကြီး |
| ၃၂။ | ဦးလင်းထင် | မကွေးတိုင်းဒေသကြီး |

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ယာယီသမ္မတ**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ၈၁ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော် အရာရှိကြီးတစ်ဦးနှင့်ဇနီးကို သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က သွားရောက်၍ တွေ့ဆုံဂါရဝပြုနှုတ်ဆက်သည်။

ထိုသို့ တွေ့ဆုံဂါရဝပြုနှုတ်ဆက်ရာတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီးတို့သည် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့်ဇနီးများကို တစ်ဦးချင်းလိုက်လံဂါရဝပြုနှုတ်ဆက်ခဲ့ပြီး ကျန်းမာရေး၊ လူမှုရေးဆိုင်ရာလိုအပ်ချက်များကို ရင်းနှီးနွေးထွေးစွာမေးမြန်း၍ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

တွေ့ဆုံစဉ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ယခုကဲ့သို့တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ တက်ရောက် ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိမှု၊ တပ်မတော်၏အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်လျက် စွမ်းရည်ထက်မြက်သည့် တပ်မတော်ဖြစ်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက်တပ်မတော်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိမှုများကို ဆွေးနွေးပြောကြားခဲ့ရာ အငြိမ်းစားတပ်မတော်အရာရှိကြီးများက ယခုကဲ့သို့ တပ်မတော်နေ့စစ်ရေးပြအခမ်းအနားသို့ တက်ရောက်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ရမှု၊ တပ်မတော်၏ ကောင်းမွန်သည့် အစဉ်အလာများနှင့်အညီ မိဘဆရာသမားသဖွယ် ပြုစုကူညီစောင့်ရှောက်မှုများအတွက်လည်း အထူးဝမ်းမြောက်ကျေးဇူးတင်ဂုဏ်ယူလျက်ရှိမှုနှင့် အခြားသြဝါဒစကားများကို ပြန်လည်ပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ၈၁ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော် အရာရှိကြီးတစ်ဦးကို သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန အသိပေးကြေညာချက်

မော်တော်ယာဉ်များတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနကထုတ်ပေးသည့် မော်တော်ယာဉ်နံပါတ်ပြားမဟုတ်ဘဲ အခြားနံပါတ်ပြားတပ်ဆင်ခြင်း၊ မူလနံပါတ်ပြားကို အလှဆင်ပြုပြင်ထားသည့် နံပါတ်ပြားများတပ်ဆင်ခြင်း၊ အလှဆင်နံပါတ်ပြားများတပ်ဆင်ခြင်း၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များတွင် အသံပိုမိုကျယ်လောင်စေရန် အသံထိန်းကိရိယာများ ပြောင်းလဲတပ်ဆင်ခြင်း၊ အသံထိန်းကိရိယာဖြုတ်၍မောင်းနှင်ခြင်း၊ ဆူညံသံဖြစ်ပေါ်စေသည့် ကိရိယာတပ်ဆင်အသုံးမပြုကြရန်နှင့် တပ်ဆင်အသုံးပြုသော မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် သုံးဘီးတပ်ယာဉ်များကို ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေအရ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ယာဉ်ထိန်းရဲတပ်ဖွဲ့**

# ၈၁ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့





နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများကို မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာဂါရဝပြုကန်တော့ကြစဉ်။



ကန်တော့ခံ အငြိမ်းစားတပ်မတော်အရာရှိကြီးများကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန် (အငြိမ်းစား)က ဩဝါဒစကား ပြောကြားစဉ်။

**နေပြည်တော် မတ် ၂၆**

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် ၈၁ နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားသို့ ပါဝင်တက်ရောက်ကြမည့်တပ်မတော်တွင်တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစားတပ်မတော်အရာရှိကြီးများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဂါရဝပြုကန်တော့သည့် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဂါရဝပြုကန်တော့သည့်အခမ်းအနားသို့ အငြိမ်းစားတပ်မတော်အရာရှိကြီး ၁၈ ဦးနှင့် ဇနီး ကိုးဦး စုစုပေါင်း ၂၇ ဦးတို့ ကန်တော့ခံတက်ရောက်ကြပြီး နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကော်မရှင်အတွင်းရေးမှူး ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တက်ရောက် ဂါရဝပြုကန်တော့ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဂါရဝပြုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ယခုကဲ့သို့ ၈၁ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို တက်ရောက်ရန် ရောက်ရှိနေကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများ အားလုံးကို နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကိုယ်စား ရိုသေစွာ နှုတ်ခွန်းဆက်သဂါရဝပြုပါကြောင်း၊ ၈၁ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနားကို ဂုဏ်ယူစွာတက်ရောက်လာကြသည့် တပ်မတော်၏ အမိအဖ၊ ဆရာသမားများအားလုံးကို စုံစုံညီညီ တွေ့ဆုံရသည့်အတွက် တပ်မတော်တစ်ရပ်လုံးကိုယ်စား ကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ ယခုနှစ် ၈၁ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသည် ထူးခြားသည့်အခမ်းအနားဖြစ်သည်ဟု ဆိုရမည်ဖြစ်ကြောင်း၊ တပ်မတော်နေ့အခမ်းအနား မတိုင်မီကာလတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်က ဦးဆောင်ကျင်းပသည့် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အပိုင်း သုံးပိုင်းဖြင့် ၂၆၃ မြို့နယ်တွင် ကျင်းပခဲ့ရာ မဲပေးခွင့်ရှိသည့် လူဦးရေ၏ ၅၄ ဒသမ ၂၂ ရာခိုင်နှုန်း ယုံကြည်ချက်ဖြင့် ရွေးချယ်မဲပေးခဲ့ကြကြောင်း၊ ယခုအခါ ပြည်သူများက ရွေးချယ်ပေးခဲ့ကြသည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့ အသီးသီး၌ လုပ်ငန်းများ စတင်ဆောင်ရွက်နေကြပြီဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ကာ ဒီမိုကရေစီအစိုးရသစ်တစ်ရပ် ပေါ်ထွန်းလာတော့မည်ဖြစ်ကြောင်း၊ အဆိုပါ ပေါ်ထွန်းလာမည့် ဒီမိုကရေစီအစိုးရအသစ်ကို နိုင်ငံတော်တာဝန် လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း။

အဆက်၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ လမ်းညွှန်ချက်များအတိုင်း၊ စစ်ပညာရပ်များအတိုင်း၊ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း ဆက်လက် လျှောက်လှမ်းကြမည်ဖြစ်ကြောင်း၊ တပ်မတော်၏အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ဆက်လက်၍ တာဝန်ကျေပွန်စွာ ထမ်းဆောင်သွားမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရ၏ မူဝါဒနှင့်အညီလည်း လက်တွဲညီညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုအချိန်ထိ နိုင်ငံတော်ကို ဦးဆောင်နိုင်ခြင်းသည်၊ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးတာဝန်များ



ကန်တော့ခံ ဗိုလ်ချုပ်ကြီးသိန်းစိန်(အငြိမ်းစား)ထံ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာဂါရဝပြုပေးအပ်စဉ်။

မိမိဆန္ဒအလျောက် စည်းကမ်းစနစ်တကျဖြင့် လာရောက်ဆန္ဒမဲပေးခဲ့ကြသည် အထိ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ကြောင်း၊ ပြည်သူများကလည်း မိမိတို့၏ ရပ်ရွာ၊ မြို့နယ်၊ တိုင်းပြည်အကျိုးကို အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်သည့် ပါတီနှင့် လူပုဂ္ဂိုလ်တို့ကို အလားတူ တပ်မတော်အပိုင်းတွင်လည်း ၈၁ နှစ်မြောက် တပ်မတော်နေ့ အခမ်းအနား ပြီးဆုံးသည့်နောက်ပိုင်းတွင် ခေါင်းဆောင်ပိုင်း အပြောင်းအလဲများ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ မည်သူဦးဆောင်သည်ဖြစ်စေ တပ်မတော်အနေဖြင့် တပ်မတော်၏ ခေါင်းဆောင်အစဉ် ကို ထမ်းဆောင်နိုင်ခြင်းသည် ခေတ်အဆက်ဆက် လွတ်လပ်ရေးမတိုင်မီ၊ လွတ်လပ်ရေးရပြီးနှင့် လက်ရှိကာလအထိ အဆင့်ဆင့်သော တပ်မတော်ခေါင်းဆောင်ကြီးများ၊ အမိအဖ၊ ဆရာသမားများ၏ သွန်သင်ဆုံးမမှုများ၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ၏ **စာမျက်နှာ ၂၀ သို့**

# အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ ပြုလုပ်



တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် မတ် ၂၆**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(ကျိုင်းတုံ)၌ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းရှိ အိမ်တွင်းမှုခန်းမ၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ကြီး၊ ဆရာ၊ဆရာမများ၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းအုပ်ကြီးက တိုင်းမှူးနှင့် တက်ရောက်လာကြသူများကို ကျောင်းသမိုင်း၊ သင်တန်းဆိုင်ရာအချက်အလက်များ၊ သင်ကြားပို့ချခဲ့သည့် သင်ခန်းစာများကိုရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းအတွက် ချီးမြှင့်ငွေများ၊ သင်တန်းထူးချွန်ဆုများ၊ သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ ထူးချွန်ဆုရရှိကြသူများနှင့် တာဝန်ရှိသူအသီးသီးက လက်ခံရယူကြပြီး သင်တန်းသားများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ငင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သင်တန်းသူများ၏ စက်မှုလက်မှုလက်ရာများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**စာမျက်နှာ ၁၉ မှအဆက်**

အဆင့်ဆင့် လက်ဆင့်ကမ်းသွန်သင်ဆုံးမမှုများကြောင့် ရပ်တည်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ဆက်လက်၍လည်း မိမိတို့၏တပ်မတော်ကို တပ်မတော်၏ အမိအဖများအားလုံးနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ အားလုံးတို့က ကောင်းမွန်သော လမ်းညွှန်ဆုံးမမှုများ ပြုပေးနိုင်ပါရန် တပ်မတော်သားများနှင့် မိသားစုဝင်များကိုယ်စား ပန်ကြားလိုပါကြောင်း၊ မည်သူဦးဆောင်သည်ဖြစ်စေ တပ်မတော်သာအမိ၊ တပ်မတော်သာအဖဖြစ်ပြီး အဆင့်ဆင့်သောခေါင်းဆောင်မှုများနှင့် ချမှတ်ထားသော လမ်းညွှန်ချက်များကို တစ်သဝေမတိမ်းလိုက်နာပါက အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ပြီး ဒို့တာဝန်အရေးသုံးပါးကို ဆက်လက်စောင့်ထိန်း၍ နိုင်ငံတော်အစိုးရ၏ ချမှတ်ထားသည့်မူဝါဒဘောင်အတွင်းမှ တိုင်းပြည်၏တာဝန်ကို ကျေပွန်စွာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ငင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများကိုယ်စား အငြိမ်းစားတပ်မတော်အရာရှိကြီးများကို မြန်မာ့ရိုးရာထုံးတမ်းအစဉ်အလာနှင့်အညီ ရိုသေစွာ ဂါရဝပြုကန်တော့ကြသည်။

ထို့နောက် ကန်တော့ခံ အငြိမ်းစားတပ်မတော်အရာရှိကြီးများ ကိုယ်စား ဗိုလ်ချုပ်ကြီးသိန်းစိန် (အငြိမ်းစား)က တပ်မတော်နေ့ရောက်တိုင်း တပ်မတော်တွင် တာဝန်အသီးသီးထမ်းဆောင်ခဲ့သူများကို ဖိတ်ကြားကန်တော့ခြင်းသည် ကောင်းမွန်သည့် အစဉ်အလာတစ်ရပ်ဖြစ်ကြောင်း၊ တပ်မတော်ကြီးသည် ထာဝစဉ်နုပျိုနေရန်လိုအပ်ပြီး အရည်အချင်းပြည့်ဝသည့် တပ်မတော်၊ အင်အားပြည့်ဝသည့် တပ်မတော်၊ စွမ်းအင်ထက်မြက်သည့် တပ်မတော်ဖြစ်နေရန်လိုအပ်ကြောင်း၊ မကြာမီရက်ပိုင်းအတွင်း ဒီမိုကရေစီအစိုးရတစ်ရပ် ပေါ်ထွက်လာမည်ဖြစ်ပြီး အဆိုပါအစိုးရသည် တိုင်းပြည်ကောင်းမွန်စေရန်၊ တရားဥပဒေစိုးမိုးရန်၊ ပြည်သူလူထု၏ စားဝတ်နေရေးအဆင်ပြေရန်နှင့် နိုင်ငံလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် တိုင်းပြည်တည်ငြိမ်အေးချမ်းရန် လိုအပ်သည့်အတွက် တပ်မတော်၏အခန်းကဏ္ဍသည် လွန်စွာအရေးကြီးကြောင်း၊ ထို့ကြောင့် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် စွမ်းရည်ပြည့်စုံသည့် တပ်မတော်ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများကို ကိုယ်တိုင်ကိုယ်ကျ ရိုသေစွာ ဂါရဝပြုပေးအပ်ကြသည်။

ထို့နောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တပ်မတော်အရာရှိကြီးများသည် အငြိမ်းစား တပ်မတော်အရာရှိကြီးများနှင့် ဇနီးများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၂၆ ခုနှစ် မတ် ၂၆ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၀၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အစိုးရဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် မတ် ၂၆**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၆ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲ စတုတ္ထနေ့ကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာနတို့၌ ကျင်းပလျက်ရှိရာ စာဖြေစာရင်းသွင်း ၉၄၉၆ ပါး/ဦးအနက် ၇၂၆၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၄၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။ (သတင်းစဉ်)

# ၈၁ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရ သွေးလှူဒါန်းနေမှုများကို ကြည့်ရှုအားပေးကြပြီး သွေးလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၆**

၈၁ နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌ ယနေ့နံနက်ပိုင်းတွင် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ရာ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သူရနှင့် တာဝန်ရှိသူများ၊ စေတနာရှင်သွေးလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ စေတနာရှင် သွေးလှူရှင်များကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သွေးပေါင်ချိန်ခြင်း၊ သွေးအုပ်စုခွဲခြားခြင်းများ ဆောင်ရွက်ပေးသည်။ ထို့နောက် သွေးလှူရှင်များက သတ်မှတ်နေရာအသီးသီးတွင် စုပေါင်းသွေးလှူဒါန်းကြသည်။ ထိုသို့သွေးလှူဒါန်းနေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြပြီး သွေးလှူရှင်များအတွက် အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အားဆေးများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## နေပြည်တော်ရှိ တပ်မတော်ပန်းခြံသို့ အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလှေလာနိုင်ရန် ဖွင့်လှစ်ထားရှိမည်

၈၁ နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရှိ တပ်မတော်ပန်းခြံ၌ ရေပန်းများ၊ မီးအလှများတပ်ဆင်ထားရှိပြီး တပ်မတော်နေ့ အထိမ်းအမှတ် မီးရှူးတိုင်၊ ပထမ၊ ဒုတိယ၊ တတိယ မြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော အနော်ရထာ၊ ဘုရင့်နောင်၊ အလောင်းဘုရား မင်းမြတ်သုံးပါးရုပ်တုတို့အား အများပြည်သူ မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှု အပန်းဖြေလှေလာနိုင်ရန် တပ်မတော်ပန်းခြံကို **မတ် ၂၇ ရက်မှ ၃၁ ရက်ထိ နေ့စဉ် ညနေ ၅ နာရီခွဲမှ ည ၉ နာရီခွဲထိ** ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီ**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

## လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ နှစ်ရပ်ဖွဲ့စည်းမှု အတည်ပြု



နေပြည်တော် မတ် ၂၆

တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီထံသို့ နိုင်ငံတကာမှပေးပို့လာသည့် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို မှတ်တမ်းတင်ခြင်းနှင့် လွှတ်တော်အခွင့်အရေးကော်မတီနှင့် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ နှစ်ရပ်ဖွဲ့စည်းမှုကို လွှတ်တော်၏ အတည်ပြုချက်ရယူ အတည်ပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၃၇၃ ဦး ရှိသည့်အနက် ယနေ့အစည်းအဝေးသို့ဦးရေ ၃၇၀ တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၂၀ ရှိသည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ အတည်ပြုမှတ်တမ်းတင်သည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသား ပြည်သူ့ကွန်ဂရက်ဥက္ကဋ္ဌ၊ ဘယ်လာရုစ်သမ္မတနိုင်ငံ Belaya Rus ပါတီဥက္ကဋ္ဌ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ၊ တရုတ်ပြည်သူ့ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံတကာရေးရာဌာနဝန်ကြီးနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့က ပေးပို့လာသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ အသိပေးတင်ပြပြီး မှတ်တမ်းတင်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်ကသဘောတူသည့်အတွက် လွှတ်တော်အခွင့်အရေး ကော်မတီဥက္ကဋ္ဌအဖြစ် တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်မောင်အုန်း၊ အတွင်းရေးမှူးအဖြစ် ထားဝယ်မဲဆန္ဒနယ်မှ ဒေါက်တာ ကျော်ကျော်ဌေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် လွှတ်တော်အခွင့်အရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက်ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ ဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီဥက္ကဋ္ဌအဖြစ် ကျိုင်းတုံ မဲဆန္ဒနယ်မှ ဦးသန်းထွန်းဦး၊ အတွင်းရေးမှူးအဖြစ် ပုသိမ်မဲဆန္ဒနယ်မှ ဦးသန်းထွန်း အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေး တို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေး ကော်မတီဖွဲ့စည်းပြီးဖြစ်၍ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို လွှတ်တော်အခွင့်အရေးကော်မတီက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်သို့အသိပေး တင်ပြသည်။

ထို့နောက် တတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးပဉ္စမနေ့ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို အသိပေးကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင်များစာရင်း**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | တပ်ကုန်း မဲဆန္ဒနယ် | ဦးမောင်မောင်အုန်း | ဥက္ကဋ္ဌ |
| ၂။ | တောင်ငူ မဲဆန္ဒနယ် | ဒေါက်တာ ကျော်ဦး | အဖွဲ့ဝင် |
| ၃။ | ပုဗ္ဗသီရိ မဲဆန္ဒနယ် | ဦးလှဆွေ | အဖွဲ့ဝင် |
| ၄။ | မူဆယ် မဲဆန္ဒနယ် | ဦးအောင်ဇော်မိုး(ခေါ်)<br>ဦးအောင်ဇော်မိုးထွန်း | အဖွဲ့ဝင် |
| ၅။ | ကော့မှူး မဲဆန္ဒနယ် | ဦးအောင်မျိုးသန်း | အဖွဲ့ဝင် |
| ၆။ | ဒိုက်ဦး မဲဆန္ဒနယ် | ဒေါ်သိင်္ဂီမြင့်ရည် | အဖွဲ့ဝင် |
| ၇။ | ဖျာပုံမဲဆန္ဒနယ် | ဒေါ်စိုးစိုးရီ | အဖွဲ့ဝင် |
| ၈။ | မင်းတုန်း မဲဆန္ဒနယ် | ဦးစိုးနိုင် | အဖွဲ့ဝင် |
| ၉။ | ဖာပွန် မဲဆန္ဒနယ် | ဦးစောဝင်းထိန် | အဖွဲ့ဝင် |
| ၁၀။ | ဝါးခယ်မ မဲဆန္ဒနယ် | ဦးသန်းနိုင် | အဖွဲ့ဝင် |
| ၁၁။ | မြို့သစ်မဲဆန္ဒနယ် | ဦးစိုးဝင်း | အဖွဲ့ဝင် |
| ၁၂။ | ခန္တီးမဲဆန္ဒနယ် | ဦးဂုဏ်ဝမ်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်ချုပ် ရဲကျော်သူ | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး<br>တင်သောင်းလင်း | အဖွဲ့ဝင် |
| ၁၅။ | ထားဝယ်မဲဆန္ဒနယ် | ဒေါက်တာ ကျော်ကျော်ဌေး | အတွင်းရေးမှူး |

**ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ အဖွဲ့ဝင်များစာရင်း**

| စဉ် | မဲဆန္ဒနယ် | အမည် | တာဝန် |
|---|---|---|---|
| ၁။ | ကျိုင်းတုံ မဲဆန္ဒနယ် | ဦးသန်းထွန်းဦး | ဥက္ကဋ္ဌ |
| ၂။ | ပဲခူး မဲဆန္ဒနယ် | ဦးမင်းခန့်ကျော် | အဖွဲ့ဝင် |
| ၃။ | ဖောင်းပြင် မဲဆန္ဒနယ် | ဦးခင်မောင်ထွန်း | အဖွဲ့ဝင် |
| ၄။ | ဘုတ်ပြင်း မဲဆန္ဒနယ် | ဦးအောင်လင်းလှိုင် | အဖွဲ့ဝင် |
| ၅။ | ကျွန်းစု မဲဆန္ဒနယ် | ဦးအောင်ကျော်နှင်း | အဖွဲ့ဝင် |
| ၆။ | ကလော မဲဆန္ဒနယ် | ဒေါက်တာ နန္ဒာလှမြင့် | အဖွဲ့ဝင် |
| ၇။ | တမူး မဲဆန္ဒနယ် | ဦးအောင်ကိုလတ် | အဖွဲ့ဝင် |
| ၈။ | တောင်သာ မဲဆန္ဒနယ် | ဦးတိုးဝင်း | အဖွဲ့ဝင် |
| ၉။ | ပေါင်းတည် မဲဆန္ဒနယ် | ဒေါ်ဆွေဆွေသင်း | အဖွဲ့ဝင် |
| ၁၀။ | ဗိုလ်တထောင် မဲဆန္ဒနယ် | ဦးဉာဏ်ဝင်းထိုက် | အဖွဲ့ဝင် |
| ၁၁။ | ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ် | ဒေါ်စမ်းစမ်းဌေး | အဖွဲ့ဝင် |
| ၁၂။ | ကျောင်းကုန်း မဲဆန္ဒနယ် | ဒေါက်တာ ထိန်ဝင်း | အဖွဲ့ဝင် |
| ၁၃။ | တပ်မတော်သားကိုယ်စားလှယ် | ဗိုလ်မှူးချုပ် အောင်စိုး | အဖွဲ့ဝင် |
| ၁၄။ | တပ်မတော်သားကိုယ်စားလှယ် | ဒုတိယဗိုလ်မှူးကြီး လှနိုင် | အဖွဲ့ဝင် |
| ၁၅။ | ပုသိမ် မဲဆန္ဒနယ် | ဦးသန်းထွန်း | အတွင်းရေးမှူး |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

# တတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ



**နေပြည်တော် မတ် ၂၆**

တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၁၃ ဦးစလုံး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းပြည့်ဖြစ်သဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာကာ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်ဦး၊ အတွင်းရေးမှူးအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဇင်မင်းထက် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့်သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ဥပဒေကြမ်းကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ပြည်သူ့ငွေစာရင်းကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးချစ်ဆွေ၊ အတွင်းရေးမှူးအဖြစ် တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူ အနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးသန်းအောင်အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် ပြည်သူ့ငွေစာရင်း ကော်မတီ ဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အခွင့်အရေးကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ Jeng Phang နော်တောင်၊ အတွင်းရေးမှူးအဖြစ် ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၁)မှ ဦးအောင်တင်မြင့် အပါအဝင် အဖွဲ့ဝင် ၁၅ ဦး၏ အမည်စာရင်း၊ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့် လွှတ်တော်အခွင့်အရေး ကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်း တို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ်(၂)မှ ဦးလှသိန်း၊ အတွင်းရေးမှူးအဖြစ် ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ် အမှတ်(၂)မှ ဦးရန်နိုင်ဦး အပါအဝင် အဖွဲ့ဝင်၁၅ ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုအမျိုးသား လွှတ်တော်၏အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသဖြင့်

**စာမျက်နှာ ၂၃ ကော်လံ ၃ သို့**

| အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ | | | |
|---|---|---|---|
| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
| ၁။ | ဒေါ်နွယ်နွယ်ဦး | ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဦးရှားရယ် | ကယားပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဦးသန်းထွန်း | ရခိုင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဒေါ်ခင်ပပဦး | ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဦးနိုင်ဝင်းအောင် | ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၇။ | ဦးဟိန်းမင်းဦး | မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၈။ | ဦးမိုးမြင့် | တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၉။ | ဦးအေးပိုင် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၀။ | ဒေါ်ကျိန်ငိုက်မန် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဦးစိုးကြည် | တနင်္သာရီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ဗိုလ်မှူးချုပ်မြင့်သောင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးကြီးလှိုင်ဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်ကြီးဒေါ်ဖြိုးဖြိုးဝေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးဇင်မင်းထက် | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |

| အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ | | | |
|---|---|---|---|
| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
| ၁။ | ဦးချစ်ဆွေ | ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်သီဂီဝင်းရွှေ | စစ်ကိုင်းတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၃။ | ဒေါ်မိမိကျော်ထွန်း | ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးချစ်ဝေ | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၅။ | ဦးဗိုလ်သိန်းနိုင် | မန္တလေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၆။ | ဒေါ်အေးချမ်းမုံ | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်ကျော်လင်း (ခေါ်) ဦးထိန်လင်း | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဒေါ်ထားထားနု | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်ကျော်မင်း | ရောဝတီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၁၀။ | ဦးဇော်ဇော်မြင့် | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်စိုးစိုးမြင့် | မွန်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | ခွန်ဝင်းဦး | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်ဝင်းကိုကို | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးဖြိုးမင်းဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးသန်းအောင် | တနင်္သာရီတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အတွင်းရေးမှူး |

| အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ | | | |
|---|---|---|---|
| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
| ၁။ | Jeng Phang နော်တောင် | ကချင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါက်တာကျော်ထွန်း | ရှမ်းပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၃။ | ဦးရဲမြင့်ထွန်း | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၄) | အဖွဲ့ဝင် |
| ၄။ | ဦးတင့်ဇော် | ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးခင်ဇော်ထွန်း | ကရင်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၆။ | ဒေါ်နီနီမာ | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၇။ | ဦးကျော်တင် | မန္တလေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၈။ | ဦးသိန်းဇော် | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်မင်းနိုင် | ချင်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်ဌွေး | မကွေးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်မြမြသက် | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စိုင်းဝင်းနိုင် | ရှမ်းပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်ချုပ်ကျော်သူရအေး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဗိုလ်မှူးကြီးစိုးရွှေ | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးအောင်တင်မြင့် | ရောဝတီတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အတွင်းရေးမှူး |

❖ **အသိပေးထုတ်ပြန်မှုအဆက်**


ယင်းအချိန်တွင် Gas ကားဖြစ်ပါက **"Gas ဆိုင်တွင်သာ ဝယ်ယူရန်"** စာသားပေါ်လာမည် ဖြစ်ပါသည်။

Gas ဆိုင်တွင်သာ ဝယ်ယူရန်

ဓာတ်ဆီ၊ ဒီဇယ်ဆီကားများဖြစ်ပါက မော်တော်ယာဉ်နံပါတ်၊ တစ်ပတ်အတွင်း ဝယ်ယူခွင့်ပမာဏ၊ ဝယ်ယူပြီးသည့်ပမာဏ၊ ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ ပေါ်လာမည်ဖြစ်ပါသည်။

| ယာဉ်အမှတ်- 1A/1111 | |
|---|---|
| ယခုအပတ်အတွက်ဝယ်ယူခွင့်ပြုသည့်ပမာဏ | ၃၅ လီတာ |
| ဝယ်ယူပြီးသည့်ပမာဏ | ၀ လီတာ |
| ဝယ်ယူရန်ကျန်ရှိသည့်ပမာဏ | ၃၅ လီတာ |

ဝယ်ယူမည့်ဆီအမျိုးအစားနှင့်ပမာဏကို ဖြည့်သွင်းပြီး ဝယ်ယူနိုင်မည်ဖြစ်ပြီး ရောင်းချသည့်ဆိုင်နံပါတ်၊ တည်နေရာ၊ ဆီပမာဏများ အလိုအလျောက် Server သို့ ဝင်ရောက်သွားပါမည်။




ဝယ်ယူသည့်ပမာဏကို ရောင်းချပါမည်။

ဒုတိယအကြိမ်ထပ်မံဝယ်ယူသည့်အချိန်တွင် Quota ကုန်နေပါက ဝယ်ယူခွင့်မပြုကြောင်း ဖော်ပြပေးပါမည်။




သတ်မှတ်ပေးသည့် Quota ကို တစ်ပတ်အတွင်း အပြီးအပြတ် ဝယ်ယူရပါမည်။

ခရီးဝေးသွားရောက်မည့်ယာဉ်များအတွက် မူလဝယ်ယူထားသည့် စက်သုံးဆီငွေရှင်းပြေစာကိုပြသ၍ ရောက်ရှိရာ အခြားတိုင်းဒေသကြီး၊ ပြည်နယ်ရှိ အရောင်းဆိုင်များတွင် Scan ဖတ်၍ ထပ်မံဝယ်ယူနိုင်မည် ဖြစ်ပါသည်။

ခရီးဝေးပြေးဆွဲနေသည့် အထူးဘတ်စကား၊ လူမှုကူညီရေးယာဉ်၊ လူနာတင်ယာဉ်၊ နိဗ္ဗာန်ယာဉ်၊ စည်ပင်အမှိုက်သိမ်းယာဉ်၊ ရေပုပ်စုပ်ယာဉ်စသည့်ယာဉ်များကို Quota များ သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ Scan ဖတ်၍ မှတ်တမ်းတင်ထားပြီး Online Monitoring စနစ်ဖြင့် ကြပ်မတ်ထိန်းကျောင်းသွားပါမည်။

ကုန်တင်ယာဉ်ကြီးများအနေဖြင့် မြို့ပြင်ရှိ စက်သုံးဆီဆိုင်များတွင်သာ QR Code စနစ်ဖြင့် ဖြည့်သွင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

စက်မှုလယ်ယာကဏ္ဍတွင် အသုံးပြုသည့် ထွန်စက်၊ လယ်ယာသုံးစက်ကိရိယာများ၊ အိမ်တွင်းစက်မှုလုပ်ငန်းများနှင့် မီးစက်များအတွက် စွမ်းအင်ဝန်ကြီးဌာနက သတ်မှတ်ပေးထားသည့်ပုံစံတွင် ဖြည့်စွက်၍ နီးစပ်သောအရောင်းဆိုင်များတွင် မှတ်တမ်းထားရှိ၍ ရောင်းချပေးမည် ဖြစ်ပါသည်။

စက်သုံးဆီအရောင်းဆိုင်များအနေဖြင့် Bar Code သို့မဟုတ် QR Code ဖတ်၍ ရောင်းချပေးထားမှုနှင့် ပုံစံတွင်ဖြည့်စွက်၍ ရောင်းချပေးထားသည့် စက်သုံးဆီပမာဏကိုသာ ပြန်လည်ဖြည့်တင်းခွင့်ရရှိမည်ဖြစ်ပါသည်။

ယာဉ်တစ်စီးချင်းအနေဖြင့် တစ်ပတ်စာဝယ်ယူခွင့်အကြိမ်ရေနှင့် ပမာဏကို ထုတ်ပြန်ပေးမည်ဖြစ်ပြီး သတ်မှတ်ချက်အတိုင်း ရောင်းချပေးသွားမည်ဖြစ်ပါသဖြင့် ပြည်သူများအဆင်ပြေချောမွေ့စွာ စက်သုံးဆီဝယ်ယူခွင့်ရရှိနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

**စွမ်းအင်ဝန်ကြီးဌာန**

**ယာဉ်အုပ်စုနှင့် စက်စွမ်းအားအလိုက် တစ်ပတ်အတွင်းဝယ်ယူခွင့်ရှိမည့်စက်သုံးဆီပမာဏအခြေပြဇယား**

| စဉ် | ယာဉ်အုပ်စု | စက်စွမ်းအား | တစ်ပတ်အတွင်းဝယ်ယူခွင့်ရှိမည့် ပမာဏ(ဓာတ်ဆီ/ဒီဇယ်ဆီ) | | တစ်ပတ်အတွင်းအများဆုံး ဝယ်ယူနိုင်မည့်အကြိမ်ရေ |
|---|---|---|---|---|---|
| | | | လီတာ | ဂါလန် | |
| ၁ | ဆိုင်ကယ် | - | ၈ | ၁.၈ | ၂ ကြိမ် |
| ၂ | သုံးဘီး | - | ၂၅ | ၅.၅ | ၃ ကြိမ် |
| ၃ | ထရော်လာဂျီ | - | ၃၀ | ၆.၆ | ၃ ကြိမ် |
| ၄ | အိမ်စီးမော်တော်ယာဉ်နှင့် ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်) (Saloon, Station Wagon, Jeep စသည်) | ၂၀၀၀ စီစီ အထိ | ၃၅ | ၇.၇ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၄၀ | ၈.၈ | ၂ ကြိမ် |
| | | ၃၀၀၀ စီစီ အထက် | ၄၅ | ၉.၉ | ၂ ကြိမ် |
| | Taxi (နံပါတ်အနီ) (Saloon, Van စသည်) | ၂၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၁၀၀ | ၂၂ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီ အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| ၅ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင် ဝန်ပေါ့ (Light Duty ) ယာဉ် (နံပါတ်အနက်နှင့်အနီ) (Light Truck, Truck, Pickup စသည်) | ၂၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၂ ကြိမ် |
| | | ၂၀၀၀ စီစီ အထက် | ၁၁၀ | ၂၄.၂ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၆ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာကုန်တင် ဝန်လေး (Heavy Duty)ယာဉ် (နံပါတ်အနက်/အနီ)(Truck စသည်) | ၆၀၀၀ စီစီ အထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီ အထက် | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၇ | Tractor Head ယာဉ် (နံပါတ်အနက်/အနီ) | ၈၀၀၀ စီစီ အထိ | ၂၀၀ | ၄၄ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီ အထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၈ | Dump Truck ယာဉ် (နံပါတ်အနက်/အနီ) | ၆၀၀၀ စီစီ အထိ | ၁၂၀ | ၂၆.၄ | ၂ ကြိမ် |
| | | ၆၀၀၀ စီစီ အထက်မှ ၈၀၀၀ စီစီ အထိ | ၁၅၀ | ၃၃ | ၂ ကြိမ် |
| | | ၈၀၀၀ စီစီ အထက် | ၂၅၀ | ၅၅ | ၂ ကြိမ် |
| | မှတ်ချက်။ ခရီးဝေးထွက်ခွာပါက ခရီးလမ်းတစ်လျှောက်ရှိ အရောင်းဆိုင်များတွင် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ | | | | |
| ၉ | ပုဂ္ဂလိကနှင့်ဌာနဆိုင်ရာယာဉ် (နံပါတ်အနက်)(Bus , Micro Bus, Mini Bus, City Bus စသည်) | ၂၀၀၀ စီစီ အထိ | ၇၀ | ၁၅.၄ | ၃ ကြိမ် |
| | | ၂၀၀၀ စီစီ အထက်မှ ၃၀၀၀ စီစီ အထိ | ၉၀ | ၁၉.၈ | ၃ ကြိမ် |
| | | ၃၀၀၀ စီစီနှင့်အထက် | ၁၁၀ | ၂၄.၂ | ၃ ကြိမ် |
| | ပုဂ္ဂလိကခရီးသည်တင်(Bus)ယာဉ် (နံပါတ်အနီ) | Quota သတ်မှတ်ခြင်းမပြုဘဲ ထည့်သွင်းသည့်ပမာဏကိုသာ Scan ဖတ်၍ မှတ်သားပါမည်။ | | | - |
| ၁၀ | လူမှုကူညီရေးယာဉ်/လူနာတင်ယာဉ်/ နိဗ္ဗာန်ယာဉ်၊စည်ပင်အမှိုက်သိမ်းယာဉ်/ရေပုတ်စုပ်ယာဉ် စသည့် ယာဉ်များ | အဆိုပါယာဉ်များကို Quota သတ်မှတ်ခြင်းမရှိဘဲ အရောင်းဆိုင်များမှ လိုအပ်သည့်ပမာဏအတိုင်း စိစစ်ရောင်းချပေးသွားပါမည်။ | | | - |

**စာမျက်နှာ ၂၂ မှအဆက်**

အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် တတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးတတိယနေ့ကိုရပ်နားလိုက်ပြီး အစည်းအဝေး စတုတ္ထနေ့ကျင်းပမည့်နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေး ကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အမျိုးသားလွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ**

| စဉ် | အမည် | မဲဆန္ဒနယ် | တာဝန် |
|---|---|---|---|
| ၁။ | ဦးလှသိန်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | ဥက္ကဋ္ဌ |
| ၂။ | ဒေါ်ခင်ရွှေမြင့် (ခေါ်) ဒေါ်နှောင်းထွေး | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၃။ | ဦးအောင်စိုး | ပဲခူးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၄။ | ဒေါ်ကျော့ယဉ်ဝင်း | စစ်ကိုင်းတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၅။ | ဦးကျော်စိန်လှ | ရခိုင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၆။ | ဒေါ်ယဉ်မင်းထိုက် | မွန်ပြည်နယ် (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၇။ | ဦးမြိုးဝေလင်း | ပဲခူးတိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အဖွဲ့ဝင် |
| ၈။ | ဦးခင်မောင်တင့် | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၃) | အဖွဲ့ဝင် |
| ၉။ | ဦးအောင်သီဟ | ရန်ကုန်တိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၅) | အဖွဲ့ဝင် |
| ၁၀။ | ဦးခင်မောင်သန်း | မကွေးတိုင်းဒေသကြီး (မဲအများဆုံးရသူအနိုင်ယူစနစ်) မဲဆန္ဒနယ်အမှတ် (၆) | အဖွဲ့ဝင် |
| ၁၁။ | ဦးဇော်မင်းထူး | ကယားပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၂။ | စောမြတ်ထွဋ်ဝင်း (ခေါ်) ကိုဆို | ကရင်ပြည်နယ် (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၁) | အဖွဲ့ဝင် |
| ၁၃။ | ဗိုလ်မှူးချုပ်အောင်အောင် | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၄။ | ဒုတိယဗိုလ်မှူးကြီးဝင်းမြင့်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| ၁၅။ | ဦးရန်နိုင်ဦး | ရန်ကုန်တိုင်းဒေသကြီး (အချိုးကျကိုယ်စားပြုစနစ်) မဲဆန္ဒနယ်အမှတ် (၂) | အတွင်းရေးမှူး |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကိုလျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၈၁ နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း ၈၁ နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "တိမ်ပင်လယ်ခရီးကြမ်း" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့် ဝတ္ထုစာမူဆုရရှိသူ စာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၆

၈၁ နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "တိမ်ပင်လယ်ခရီးကြမ်း" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ခဲ့ကြသည့် အနုပညာရှင်များနှင့် ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူဆုရရှိသူစာပေပညာရှင်များအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ညှိ့ခန်းမဆောင်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက ဂုဏ်ပြုအမှာစကားပြောကြားသည်။



စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း "တိမ်ပင်လယ်ခရီးကြမ်း" ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင် ထူးခန့်ကျော်အား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။



စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်း "တိမ်ပင်လယ်ခရီးကြမ်း" ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင် မြယာအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်စဉ်။

ထို့နောက် စိတ်ဓာတ်ရေးရာနှင့် လူထုဆက်ဆံရေးကော်မတီဥက္ကဋ္ဌ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက "တိမ်ပင်လယ်ခရီးကြမ်း"ဇာတ်လမ်းတွင် ပါဝင်ခဲ့သည့် သရုပ်ဆောင်များဖြစ်ကြသည့် နက္ခတ်၊ ထူးခန့်ကျော်၊ နေနေဒ်၊ မြယာ၊ အောင်ကျော်ထွန်း၊ စိုးသီဟ၊ နက်ရှိုင်းကို၊ နေလင်းရှိန်၊ ပိုင်အုပ်စိုးအောင်၊ ခိုင်ဇော်နှင့် ဉာဏ၊ ဇာတ်လမ်း၊ ဇာတ်ညွှန်း လင်းထင်မောင်မောင်၊တွဲဖက်ဒါရိုက်တာလေးနိုင်မိုး၊ စီစဉ်ကြီးကြပ်သူ အောင်ကျော်ဦး၊ Production Team သူရကိုကို၊ Stunt Team မိုးစက်၊ ဂီတမှူးဗညားရဲရင့်နှင့် ဒါရိုက်တာ အကယ်ဒမီတင်အောင်စိုး (ပန်းမြို့တော်) တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်ပြည့်စုံလင်းက ၈၁ နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲများတွင် စစ်ချီသီချင်းပြိုင်ပွဲ၌ ပထမဆုရရှိသူ အောင်ဇော်ဦး (ရဲတီးဝိုင်း)၊ ဒုတိယဆုရရှိသူ မိုးမြင့်ဦး (လုပ်သား-ရုပ)၊ တတိယဆုရရှိသူ ခန့်ငြား (ကေတုမတီ)၊ စတုတ္ထဆုရရှိသူ ဇော်မျိုးထွန်း (အုပ်ခွဲတပ်ကြပ်ကြီး)၊ ပဉ္စမဆုရရှိသူ ဗိုလ်ထိန်(မီးသတ်)၊ စစ်သည်တေးသီချင်း ပြိုင်ပွဲ၌ ပထဆုရရှိသူ စုစုဇော်(သီရိခေတ္တရာ)၊ ဒုတိယဆုရရှိသူ ခင်ငြိမ်းချမ်းစိုး(သဇင် FM)၊ တတိယဆုရရှိသူ ကျော်ဆွေအောင်၊ စတုတ္ထဆုရရှိသူ ကေသီအောင်၊ ပဉ္စမဆုရရှိသူ လှိုင်ဝင်းထွန်း၊ ကဗျာ(ဝါသနာရှင်) ပြိုင်ပွဲ၌ပထမဆုရရှိသူ ထွန်းထွန်း(လားရှိုး)၊ ဒုတိယဆုရရှိသူ မြတ်မင်းသန့်၊ တတိယဆုရရှိသူ ရဲကျော်၊ စတုတ္ထဆုရရှိသူ ကြေးမုံဖြိုးသန့်(ရွှေရတု)၊ ပဉ္စမဆုရရှိသူ ထာဝရမွန် (ဂုဏ်ထူးတန်း)တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်က ၈၁ နှစ်မြောက် တပ်မတော်နေ့ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူပြိုင်ပွဲတွင် ကဗျာ(အလွတ်တန်း)၌ ပထမဆုရရှိသူ ရဲမင်းစိုး၊ ဒုတိယဆုရရှိသူ မြတ်ထွဏ်းနောင်၊ တတိယဆုရရှိသူ မျိုးစစ်သည်၊ စတုတ္ထဆုရရှိသူ ဘုန်းမောင်ဝင်း(ဖျာပုံ)၊ဝတ္ထုတို(ဝါသနာရှင်)၌ ပထမဆုရရှိသူ မနောဖြူ၊ ဒုတိယဆုရရှိသူ မနောသစ်(ပခုက္ကူ)၊ တတိယဆုရရှိသူ ရဲမွန်ကျော်၊ စတုတ္ထဆုရရှိသူ မောင်အေးချမ်း (ခနုဖြူ)၊ ပဉ္စမဆုရရှိသူ ကိုစောဝ(ပထဝီဝင်)၊ ဝတ္ထုတို(အလွတ်တန်း)၌ ပထမဆုရရှိသူ ကျော်တေဇ(ဥက္ကလာ) ဒုတိယဆုရရှိသူ မုန်းမောင်မောင်၊ တတိယဆုရရှိသူ နွေးထက်လှိုင်၊ စတုတ္ထဆုရရှိသူ မင်းလပြည့် (ဟားခါး)၊ ပဉ္စမဆုရရှိသူ မောင်မောင်လွင် (ရွှေဘိုသား)တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း။

စာမူပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်မှူးချုပ်ရဲရင့်အောင်က ၈၁ နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုစာမူ ပြိုင်ပွဲတွင် ဝတ္ထုရှည်(ဝါသနာရှင်)၌ ပထမဆုရရှိသူ အမောင်၊ ဒုတိယဆုရရှိသူ ရှားမိန်း၊ တတိယဆုရရှိသူ ကျော်စိုး(ဒိုက်ဦး)၊ စတုတ္ထဆုရရှိသူ ဟန်ညွန့်(ယဉ်ကျေးမှု)၊ ပဉ္စမဆုရရှိသူ တင်ဦး(ရန်ကင်း)၊ ဝတ္ထုရှည် (အလွတ်တန်း)၌ ပထမဆုရရှိသူ ပိုင်ဇင်ဇော် (သတ္တု)၊ ဒုတိယဆုရရှိသူ ခန့်ပိုင်၊ တတိယဆုရရှိသူ ဘုန်းရဲနိုင်(ဂန့်ဂေါ)၊ စတုတ္ထဆုရရှိသူ မောင်စူးရှ(အနောက်ရိုးမ)၊ ပဉ္စမဆုရရှိသူ ရဲခေါင်တို့ကို ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို လည်းကောင်း အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊လေ) ဗိုလ်ချုပ်ကြီးကျော်စွာလင်းက တက်ရောက်လာကြသူများကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး အဖွဲ့ဝင်များနှင့်အတူ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြား အတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းသုံးယာဉ်များ နှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများ၊လုပ်ငန်းစီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



မန္တလေး မတ် ၂၆

၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈ နှစ်အောက် အမျိုးသား ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံ မြို့နယ်ရှိ အောင်မြေမန္တလာအားကစား ကွင်း၌ကျင်းပရာ အခမ်းအနားသို့ မန္တလေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဘောလုံး ဆပ်ကော်မတီမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူနည်းပြများနှင့် ပြိုင်ပွဲဝင် ဘောလုံးအားကစားသမားများ၊ အားကစား ဝါသနာရှင်ပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၆ခုနှစ် မေ ၁၉ ရက်မှ ဇွန် ၃ ရက်ထိ နေပြည်တော်တွင်ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် ၁၈နှစ် အောက် အမျိုးသားဘောလုံးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ဘောလုံးအသင်းမှ အောင်မြင်မှုရရှိစေရန်နှင့် ထူးချွန်ထက်မြက်သော မျိုးဆက်သစ်အားကစားသမားများပေါ်ထွက်လာစေရန် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ကြောင်းဖြင့် ပြောကြားပြီး ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက် ၁၈နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်အားပေးစကားများပြောကြားကာ အားကစားပစ္စည်းများ ပေးအပ်၍ အခမ်းအနားအစီအစဉ် အတိုင်းဆက်လက်ကျင်းပပြီး မလှိုင်မြို့နယ်အသင်းနှင့် ကျောက်ပန်းတောင်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်



ဆရာတော်ထံ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

# စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်ရှိ ရွေးမူမပျက် ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးခဲ့သည့် သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင် ပြုပြင်ခြင်း ရေစက်ချအလှူတော်မင်္ဂလာကျင်းပပြုလုပ်

နေပြည်တော် မတ် ၂၆

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးရဲကျော်သူကျောင်းတိုက်ရှိ မိုခါမုန်တိုင်း ဒဏ်ကြောင့် ပျက်စီးသွားခဲ့သော သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင်တို့ကို ရွေးမူမပျက်ပြုပြင်တည်ဆောက် မွမ်းမံပြီးစီးခဲ့သဖြင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကျောင်းတိုက်ရှိ သိမ်တော်ကြီး၌ပြုလုပ်ရာ စစ်တွေမြို့ နန္ဒာရာမ ပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တနန္ဒာသိရီ အမှူးပြုသည့် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ စန်းရွှေ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်စွာဦး၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက နန္ဒာရာမပရိယတ္တိစာသင်တိုက်ဦးစီးပဓာန နာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ပညာလင်္ကာရကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။ ယင်းနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဦးရဲကျော်သူကျောင်းတိုက်ရှိ သကျမုနိသိမ်တော်ကြီးနှင့် ပင်မကျောင်းဆောင်တို့ကို ရွေးမူမပျက်ပြင်ဆင်ခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ အပ်ငွေလုပ်ငန်းအဖြစ် ငွေကျပ် ၁၀၀၃ ဒသမ ၇၆၈ သန်း၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေကျပ် ၅၄၃ ဒသမ ၆၂၀ သန်း စုစုပေါင်း ငွေကျပ် ၁၅၄၇ ဒသမ ၃၈၈ သန်းနှင့် အနောက်ပိုင်းတိုင်းစစ် ဌာနချုပ် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များက အုတ်အချပ် ၂၀၀၀၀ ထည့်ဝင်လှူဒါန်းမှုတို့ဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(ဖြ၀၁)

# ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံ



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို တွေ့ဆုံစဉ်။

နေပြည်တော် မတ် ၂၆

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုမိန်းမြို့၊ လဲချားမြို့၊ ကာလိမြို့၊နမ့်စန်မြို့၊လင်းခေး မြို့နယ်တို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ခရေရိပ်သာ၌ပြုလုပ်ရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်းနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သတင်းရရှိသည်။

(ဖြ၀၁)

# သန်လျင်မြို့နယ်၊ ဒလမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် မတ် ၂၆

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဝင်းခနီးကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များ၊ ဒေသခံပြည်သူများကို အဆိုပါကျေးရွာရှိ မနောမယကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၁၁၈ ဦးကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ခနုတ်စံပြကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို အဆိုပါရပ်ကွက်ရှိ သာသနာ့ဗိမာန်ဓမ္မာရုံ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၅၃ ဦးကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ တပ်နယ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။(ဖြ၀၁)



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အဖွဲ့ဝင် ရှစ်ဦးနှင့် AA အဖွဲ့ဝင် ၁၀ ဦးတို့ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်ထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက လက်နက်အပ်နှံစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးကို ဆုကြေးငွေများပေးအပ်စဉ်။

**နေပြည်တော် မတ် ၂၆**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်၍ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အဖွဲ့ဝင် အမျိုးသား ရှစ်ဦး၊ AA အဖွဲ့ဝင် အမျိုးသား ၁၀ ဦး စုစုပေါင်း ၁၈ ဦးတို့သည် လက်နက်၊ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧရာဝတီခန်းမ၌ ကျင်းပပြုလုပ်သည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသည့် ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့မှ တစ်ဦး၊ အင်္ဂပူမြို့နယ်မှ တစ်ဦး၊ ရေကြည်မြို့နယ်မှ တစ်ဦး၊ ရွှေသောင်ယံမြို့နယ်မှ တစ်ဦး၊ ဟိုင်းကြီးကျွန်းမြို့နယ်မှတစ်ဦး၊ လေးမျက်နှာမြို့နယ်မှ တစ်ဦး၊ ကြံခင်းမြို့နယ်မှ တစ်ဦး၊ မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်မှ တစ်ဦး၊ ရခိုင်ပြည်နယ် သံတွဲမြို့နယ်မှ နှစ်ဦး၊ မြေပုံမြို့နယ်မှ တစ်ဦး၊ မြောက်ဦးမြို့နယ်မှ နှစ်ဦး၊ ရမ်းဗြဲမြို့နယ်မှ တစ်ဦး၊ ဂွမြို့နယ်မှ နှစ်ဦး၊ ပုဏ္ဏားကျွန်းမြို့နယ်မှ တစ်ဦးနှင့် မောင်တောမြို့နယ်မှ တစ်ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ပြုလုပ်ရာ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းမှူး ဗိုလ်ချုပ်စိုးကျော်ထက်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသူများနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများကို အသိပညာပေး အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA-1 အမျိုးအစားမောင်းပြန်ရိုင်ဖယ်ငါးလက်၊ MA-3 အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်၊ MA-11 အမျိုးအစား မောင်းပြန်ရိုင်ဖယ်တစ်လက်၊ SIG SAUER အမျိုးအစားပစ္စတို တစ်လက်၊ ၃၅ တောင့်ဝင်ကျည်အိမ် ကိုးခု၊ SIG SAUER အမျိုးအစား ပစ္စတိုကျည်အိမ် တစ်ခု၊ BA-91 လက်ပစ်ဗုံး တစ်လုံး၊ ၅ ဒသမ ၅၆ မမ ကျည် ၂၈၃ တောင့်၊ ၇ ဒသမ ၆၂ မမ ကျည် ၂၃ တောင့်နှင့် USA 380 AUTO အတောင့် ၂၀ တို့ကို လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအတွက် သေနတ် တစ်လက်လျှင် ဆုကြေးငွေကျပ်သိန်း ၅၀ နှုန်းဖြင့် သေနတ် ခုနစ်လက်အတွက် ငွေကျပ်သိန်း ၃၅၀၊ ပစ္စတိုတစ်လက်အတွက် ငွေကျပ်သိန်း ၂၀၊ လက်ပစ်ဗုံးတစ်လုံးအတွက် ဆုကြေးငွေကျပ် သုံးသိန်းနှင့် အလင်းဝင်ရောက်လာသူ တစ်ဦးလျှင် သုံးသိန်းကျပ်နှုန်းဖြင့် ၁၈ ဦးအတွက် ၅၄ သိန်းကျပ် စုစုပေါင်းချီးမြှင့်ငွေကျပ် ၄၂၇ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူများကိုယ်စား အုပ်ထိန်းသူ တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများကို ခံဝန်ကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံခဲ့ကာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က တက်ရောက်လာသူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့် အကျပ်ကိုင်၍ အတင်းအဓမ္မစုဆောင်းခံကြရခြင်း၊အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများကို ခြိမ်းခြောက်ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကိုမိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့်အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများကို ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"အကြမ်းဖက် အဖွဲ့အစည်းထဲကို ကျွန်တော်ရောက်သွားရတဲ့ အကြောင်းရင်းက ကျွန်တော်တို့ ရန်ကုန်မှာ အလုပ်လုပ်နေရင်းနဲ့ Tiktokကနေပြီး ချိတ်ဆက်မိသွားတယ်။ ကျွန်တော်တို့ကို သံတွဲကို



ပို့တယ်။ ရောက်သွားတဲ့အချိန်ကစပြီးတော့ ကျွန်တော်တို့တွေ ပင်ပန်းဆင်းရဲဒုက္ခတွေမျိုးစုံခံခဲ့ရတယ်။သူတို့တွေရဲ့စနစ်ကလဲ ကျွန်တော်တို့လုံးဝမကြိုက်ဘူး။ မူးရူးလာတဲ့အချိန်ဆိုရင် ရဲဘော်ကို ရဲဘော်မှန်းလဲမသိ။ ဆဲဆိုတယ်။ ရိုင်းပျတယ်။ ရိုက်နှက်မှုတွေက အများကြီးကို ပိုဆိုးတယ်။ AA တွေ ကျွန်တော်တို့ကို လာမခေါ်ခင်တုန်းကတော့ ကျွန်တော်ပြောတယ်။ ကျွန်တော်ပြန်လို့ရရင် ပြန်မယ်။ ကျွန်တော်မနေချင်ဘူးလို့။ တောထဲလဲ မဝင်ချင်ဘူးလို့ပြောတဲ့ အချိန်မှာ မင်းတို့ပြန်လို့မရဘူးတဲ့။ ဒီဘက်ကိုလာပြီးတော့ ပြန်လို့ရှိရင် အရှင်ထွက်တော့မရဘူး။ အသေထွက်ပဲရမယ်လို့ပြောတယ်။သင်တန်းနည်းပြတွေက ကျွန်တော်တို့ကို ဆက်ဆံတဲ့ပုံစံတွေကတော့ ရင့်သီးတယ်။ ရိုင်းပျတယ်။ အသိစိတ်ဓာတ်အရမ်းနည်းတော့ သင်တန်းသားတစ်ယောက်နဲ့ သင်တန်းနည်းပြတစ်ယောက်က သူတို့သင်ကြားမှုပဲ မှန်တယ်။ သူတို့ပြောတာပဲမှန်တယ်။ သူတို့ခိုင်းတာပဲလုပ်ဆိုတဲ့ပုံစံမျိုးနဲ့ ဆက်ဆံပြီးတော့ ကျွန်တော်တို့ကို သင်တန်းပေးတယ်။ ကျွန်တော်သင်တန်းတက်ပြီးသွားလို့ ရှေ့တန်းရောက်လာတဲ့အချိန်မှာတော့ ကာကင်းမှာပဲ နေရတယ်။ ကာကင်းမှာ AA တွေနဲ့ နေရတယ်။ AA တွေက သူတို့ခိုင်းတာလုပ်၊ တစ်ခါတလေကျ သူတို့ဘက်က မှားတာရှိလို့ ပြန်ပြောရင် ဖြတ်ကန်တာတို့သတ်ဆွဲခိုင်းပြီး ပါးရိုက်တာတို့ လုပ်တယ်။ တချို့ AA တွေဆိုလဲ သူများတကာအိမ်တွေပေါ်တက် အဝတ်အစားတွေ မွှေနေတာ၊ ကျွန်တော်တို့တွေက မကြိုက်လို့ပြောတော့ ကျွန်တော်တို့ကို သတ်ဆွဲခိုင်းပြီး ပါးရိုက်တယ်။ အလင်းဝင်ဖို့ကျွန်တော်တွေးတယ်။ တစ်လ နှစ်လလောက်ထိကို ကျွန်တော် တွေးနေတယ်။ ကြိုးစားလို့မရဘူး။ကျွန်တော်တို့ကို စောင့်ကြည့်တဲ့ဟာတွေရှိတယ်လေ။ အခုလိုမျိုး ကျွန်တော်တို့လို အလင်းဝင်လာတဲ့သူတွေကို အခမ်းအနားကြီးနဲ့ နွေးနွေးထွေးထွေးကြိုဆိုပေးကြတဲ့အတွက် တပ်မတော်က လူကြီးမင်းများ၊ အရာရှိများနဲ့ ရဲဘော်အပေါင်းတို့ကို အားလုံးကျေးဇူးတင်ပါ



တယ်လို့ ကျွန်တော်ပြောချင်ပါတယ်"ဟု ပြောသည်။

"ဒီကိုရောက်လာပြီးတော့ အကုန်လုံးအဆင်ပြေတယ်။ ကျွန်တော်တို့စားရသောက်ရတာက ကျွန်တော်တို့အလင်းဝင်တဲ့သူတွေကို အခမ်းအနားနဲ့ကြိုဆိုတယ်။ ထောက်ပံ့ကြေးတွေလဲ ပေးတဲ့အတွက် နိုင်ငံတော်နဲ့ တပ်မတော်ကို အထူးကျေးဇူးတင်ပါတယ်။ အခုတောထဲမှာ ကျန်ခဲ့တဲ့ ညီအစ်ကိုမောင်နှမတွေကို ကျွန်တော်လို အလင်းဝင်ဖို့ အကုန်လုံးကိုဖိတ်ခေါ်တယ်။ အလင်းဝင်လာဖို့အတွက်ကိုလဲ ကျွန်တော် မျှော်လင့်မိပါတယ်"ဟု ပြောသည်။



"ကျွန်တော် အရင်တုန်းက သာမန်ပြည်သူပါ။ ကျွန်တော်နိုင်ငံရေးတွေဘာတွေလဲ စိတ်မဝင်စားဘူး။ မိသားစုတွေနဲ့ အေးအေးချမ်းချမ်းနေတယ်။

စာမျက်နှာ ၂၇ သို့

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲ ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ရွှေဘို မတ် ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ထောပတ်ပဲဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ထောပတ်ပဲ ၄၁၄၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ထောပတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၅၂၂ ဧက၊ ခင်ဦးမြို့နယ်တွင် ၇၀၉ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၁၉၀၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၁၀၁၅ ဧက စုစုပေါင်း ၄၁၄၆ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၈၆ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ ထောပတ်ပဲ ၄၁၄၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ထောပတ်ပဲ စိုက်ခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ထောပတ်ပဲ စိုက်ပျိုးမှုကတော့ အောင်မြင် ဖြစ်ထွန်းကြပါတယ်။ ထောပတ်ပဲကို ဆောင်းရာသီမှာပဲ စိုက်ပျိုးကြပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဒေသခံတောင်သူများက ထောပတ်ပဲများကို သီးသန့်စိုက်ပျိုးကြသကဲ့သို့ သီးထပ်သီးညှပ်အနေဖြင့်လည်း စိုက်ပျိုးကြကြောင်း သိရသည်။

ထောပတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့် အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ထောပတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းလှမြို့နယ် စက်စက်ယိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

မင်းလှ မတ် ၂၆

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက စက်စက်ယိုကျေးရွာ၌ ၁၃ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို မတ် ၂၅ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူက မြစိမ်းရောင် ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်၊ တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်အခြားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ရန်ပုံငွေ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း စက်ဝန်းကာလနှင့် အတိုးနှုန်း သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၇၁ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင် ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စက်စက်ယိုကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၆ ဦးကို ငွေကျပ် ၅၃ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၈ ဦးကို ငွေကျပ် ၁၇ ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၇၄ ဦးကို မြစိမ်းရောင် ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၇၁ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ကိုညို

# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ရေကြည် မတ် ၂၆

ရောဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ကေသီလင်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇန်နဝါရီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၇၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဖေဖော်ဝါရီလအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၉၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်က ရက် ၉၀ ဆန်ကို ပြီးခဲ့တဲ့ ဖေဖော်ဝါရီလ ပထမပတ်ကနေစတင်ပြီး ဝယ်ယူအားကောင်းခဲ့တာပါ။ ဒီဘက်က ရက် ၉၀ ဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၉၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ရေကြည်မြို့နယ်က ရက် ၉၀ ဆန်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ ရက် ၉၀ ဆန်တွေ အများအပြား အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချနေတဲ့ ရက် ၉၀ ဆန်တွေက အရည်အသွေး ကောင်းမွန်ပါတယ်"ဟု ရေကြည်မြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကေသီလင်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၇၀၀၀ ထိ ဈေးပေါက်ခဲ့ကြောင်း၊ အဆိုပါ ရက် ၉၀ ဆန်များကို အဆက်မပြတ် တင်ပို့ရောင်းချနေရခြင်းကြောင့် ပွဲရုံပိုင်ရှင်များ၊ စိုက်ပျိုးရေးတောင်သူများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း သိရသည်။

ကျော်ကျော်လင်း

# ပွင့်ဖြူမြို့နယ် စံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပွင့်ဖြူ မတ် ၂၆

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်အုပ်ကျေးရွာအုပ်စု စံပြကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို မတ် ၂၅ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက စံပြကျေးရွာ၌ ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ရန်ပုံငွေဖြင့် ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးလက်စီးပွား မြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF) လုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

စံပြကျေးရွာ၌ ဆိတ်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့လေးဖွဲ့မှ အသင်းသား၊ အသင်းသူဦးရေ၂၀ ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ်သန်း ၃၀ ထုတ်ချေးပေးထားပြီး အသင်းသား၊ အသင်းသူ ဦးရေ ၂၀ က ဆိတ် ၃၆ ကောင်ကို မွေးမြူလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်ထံမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

စာမျက်နှာ ၂၆ မှအဆက်

စုဆောင်းရေးရောက်တော့ တစ်လလောက်ထိတော့ နားရတယ်။ စုဆောင်းရေး ကန့်သွင်းထားတဲ့ အချိန်မှာ ကတုတ်ကျင်းတူးတာတို့ ဘန်ကာဆောက်တာတို့အဆောက်အအုံဆောက်တာတို့ သင်တန်းကွင်းအတွက် မြေနေရာရှင်းတာတို့ အဲ့ဒါမျိုးတွေ ကျွန်တော်တို့လုပ်ရပါတယ်။ သစ်ပင်ခုတ်၊ ဝါးခုတ်တာ၊ အဲဒါမျိုးတွေ အစုံလုပ်ရပါတယ်။ စားတာကတော့ မနက်ပိုင်းကို ဆန်ပြုတ်တိုက်ပါတယ်။ နေ့လယ်ပိုင်းကို ငါးနီတူ တစ်ယောက်ကို ၁၀ဖတ်၊ ၁၅ ဖတ်လောက်ပဲရတယ်။ လှော်ကျွေးပါတယ်။ တစ်ခါတလေ မြေပဲထောင်းပြီး ငရုတ်သီးနဲ့ ကြော်တဲ့ဟာလဲ ကျွေးတယ်။ ကွင်းထဲမှာရှိတဲ့ ကင်ပွန်းချဉ်အရိုင်းတွေ ခူးပြီး ချဉ်ဟင်းချက်စားရတာရှိပါတယ်။ ဆန်ကတော့ မိုးမိထားလို့ အခဲဆန်မျိုးတွေလဲ ရှိပါတယ်။ သင်တန်းကာလတစ်လျှောက်လုံး မိုးလင်းမိုးချုပ် လူမဆန်စွာခိုင်းတယ်။ ကန်တယ်။ ကျောက်တယ်။ ပြေးသွားပြီဆိုရင်လဲ ပြန်ဖမ်းတယ်။ ပြန်ဖမ်းမိရင် သင်တန်းသားအစုံပေ့ါ။ ၅၀ ရှိရင် ၅၀၊ ၁၀၀ ရှိရင် ၁၀၀ တစ်ယောက် ငါးချက်စီ ရိုက်ခိုင်းပါတယ်။ ပြီးတော့ သံခြေချင်းနဲ့ ထောင်သဘောမျိုး ဆောက်ထားတဲ့ အဆောက်အအုံမှာ ထားပါတယ်။ ဒီဖိနှိပ်မှုကတော့ တော်တော်လေးကြီးမားပါတယ်။ ဒါကို ကျွန်တော်တို့က COMPLAIN တက်ခွင့်မရှိပါဘူး။ ပြန်လည်ပြောဆိုခွင့်မရှိပါဘူး။ တပ်မတော်ဘက်က ကျွန်တော်တို့အပေါ် ဆက်ဆံတာကတော့ ဥပဒေဘောင်အတွင်းကို ဝင်ရောက်လာတဲ့အတွက် သူတို့ဘက်ကလဲ လှိုက်လှိုက်လှဲလှဲဝမ်းပန်းတသာနဲ့ ကြိုဆိုကြပါတယ်။ အခုလို ကျွန်တော်တို့ အသိစိတ်ဓာတ်နဲ့ အလင်းဝင်လာတာကို လှိုက်လှိုက်လှဲလှဲပြန်လည်ပြီးတော့ ကြိုဆိုပေးတဲ့ တပ်မတော်အကြီးအကဲတွေရော ပြည်သူတွေရော အားလုံးကိုလဲ ကျွန်တော် ကျေးဇူးတင်ပါတယ်။ တော်လှန်ရေးခေါင်းစဉ်တပ်ထားပြီးတော့ အဲဒီအရိပ်အောက်မှာ လက်ရှိတိုက်နေကြတဲ့ ညီအစ်ကိုတွေရော တိုင်းရင်းသားအားလုံးရော လက်နက်နဲ့ငြိမ်းချမ်းရေးကို လာရောက်လဲလှယ်ပေးပါ။ လက်နက်မဲ့အလင်းဝင်ချင်လဲ လာရောက်ပြုလုပ်ပါ။ ဒီဘက်မှာက အားလုံးလုံခြုံပါတယ်။ ဘေးကင်းပါတယ်။မိသားစုကို ဒုက္ခပေးခြင်းမျိုး ဘာတစ်ခုမှ မရှိပါဘူး။ ရောက်လာတဲ့လူတွေ အပေါ်မှာလဲ လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်းကို ကျွန်တော်တို့ကလဲ အာမခံပါတယ်။ ကျွန်တော်တို့လဲ လက်ရှိမှာ အလင်းဝင်လာတဲ့ လူတွေပါပဲ"ဟု ပြောသည်။ (၅၀၁)



# တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ



တောင်ကြီး မတ် ၂၆

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်လွှတ်တော်ရုံး၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံကျော်က ပြည်နယ်လွှတ်တော်သို့ တက်ရောက်ခွင့်ရှိသူ လွှတ်တော်ကိုယ်စားလှယ် ၉၉ ဦး၊ တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၃၃ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ် ၁၃၂ ဦးရှိသည့်အနက် ၁၂၈ ဦး တက်ရောက်ပြီး ရာခိုင်နှုန်းအားဖြင့် ၉၆ ဒသမ ၉၇ ရာခိုင်နှုန်းရှိသည့်အတွက် ပြည်နယ်လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေးထံမှ ပေးပို့သောသဝဏ်လွှာကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်သို့ ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးစိုင်းထွန်းစိန်က ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီ၊ ဒေသန္တရစီမံကိန်းနှင့် ဘဏ္ဍာငွေအရအသုံးဆိုင်ရာကော်မတီတို့၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့် လျာထားချက်များနှင့်စပ်လျဉ်း၍ ဖတ်ကြားရှင်းလင်းတင်ပြပြီး ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကော်မတီများတွင် ထည့်သွင်းဖွဲ့စည်းမည့် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၏ အမည်စာရင်းကို ပြည်နယ်လွှတ်တော်သို့ ဖတ်ကြားတင်ပြသည်။

တတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို မတ် ၃၀ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

စိုင်းအယ်ဘဲ

# တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ




မန္တလေး မတ် ၂၆

တတိယအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် မန္တလေးတိုင်းဒေသကြီး လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် ၇၂ ဦး၊ လွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သတင်း မီဒီယာသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုးက ဥပဒေပြုရေးဆိုင်ရာ ကော်မတီ၊ တိုင်းရင်းသားလူမျိုးများ အရေးဆိုင်ရာကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးဆိုင်ရာ ကော်မတီများဖွဲ့စည်းရေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ယင်းကော်မတီများအား ဖွဲ့စည်းရန်လျာထားသည့် အဖွဲ့ဝင်ဦးရေ၊ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ကော်မတီဝင်တို့၏ အမည်စာရင်းများကို လွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်က ယင်းကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။ ၎င်းနောက် ကော်မတီ ဖွဲ့စည်းခြင်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းကို ပေးသွင်းနိုင်ကြောင်း ကြေညာသသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက ပေးပို့လာသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌကဖတ်ကြားပြီး လွှတ်တော်တွင် မှတ်တမ်းတင်သည်။

မန္တလေး တိုင်းဒေသကြီး လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပြီး အစည်းအဝေး တတိယနေ့ကို မတ် ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မြင့်မော်ထွန်း(ပြန်/ဆက်)



# တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ ကျင်းပ

ဘားအံ မတ် ၂၆

တတိယအကြိမ် ကရင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ဘားအံမြို့ ပြည်နယ်လွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ၂၃ ဦးအနက် ၂၂ ဦး တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်စိစစ်ရေးနှင့် အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာ စိစစ်ရေးကော်မတီများ ဖွဲ့စည်းနိုင်ရေးအတွက် ကြေညာပြီး ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌက ယင်းကော်မတီများ၏ သက်တမ်း၊ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များနှင့်စပ်လျဉ်း၍ပြည်နယ်လွှတ်တော်သို့တင်ပြကာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း လွှတ်တော်ဥက္ကဋ္ဌက ကြေညာသသည်။

ဆက်လက်၍ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် စိစစ်ရေးနှင့် အခွင့်အရေးဆိုင်ရာကော်မတီ၊ ပြည်နယ်လွှတ်တော် ဥပဒေပြုရေးဆိုင်ရာကော်မတီနှင့် ပြည်နယ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာစိစစ်ရေးကော်မတီများ၏ အဖွဲ့ဝင်ဦးရေ၊ အဖွဲ့ဝင်များ၏ အမည်စာရင်း၊ ကော်မတီဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးတို့၏ အမည်စာရင်းများကို ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက သဘောတူညီကြသည့်အတွက် အတည်ပြုကြောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ကြေညာခဲ့ကြောင်း သိရသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)

# တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ ကျင်းပ

စစ်တွေ မတ် ၂၆

တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်လွှတ်တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့ စတင်ကျင်းပကြောင်းနှင့် အထမြောက်ကြောင်း ကြေညာသည်။ ယင်းနောက် တတိယအကြိမ် ရခိုင်ပြည်နယ်လွှတ်တော် ပထမပုံမှန်အစည်းအဝေး တတိယနေ့သို့ မတက်ရောက်နိုင်သည့် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားကာ ပြည်နယ်လွှတ်တော်၏အဆုံးအဖြတ်ကို ရယူသည်။

ဆက်လက်၍ပြည်ထောင်စုလွှတ်တော်နာယကက ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌထံသို့ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာကို လွှတ်တော်က မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း လွှတ်တော်သို့ အသိပေးပြောကြားသည်။

ထို့နောက် ရခိုင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းရန်လျာထားသည့် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေး လေ့လာရေးကော်မတီနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းများနှင့်စပ်လျဉ်း၍ အကြံပြုဆွေးနွေးရန် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်း တင်သွင်းလာခြင်းမရှိသဖြင့် ဖွဲ့စည်းမည့် ဥပဒေပြုရေးကော်မတီ၊ တိုင်းရင်းသားလူမျိုးများအရေးလေ့လာရေးကော်မတီနှင့်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီများ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းများနှင့်စပ်လျဉ်း၍ အတည်ပြုကြောင်း ကြေညာခဲ့ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဥရောပအခြေစိုက် Alpine Eagle ကုမ္ပဏီက ဒရုန်းရန်တိုက်ဖျက်ရေးစနစ် ထုတ်လုပ်မှု အရှိန်မြှင့်တင်မည်



ဥရောပအခြေစိုက် ဒရုန်းကာကွယ်ရေး နည်းပညာကုမ္ပဏီဖြစ်သော Alpine Eagle သည် ဒရုန်းများ၏ခြိမ်းခြောက်မှု အန္တရာယ်များ မြင့်တက်လာခြင်းကြောင့် ၎င်းတို့၏ Sentinel ဒရုန်းရန်တိုက်ဖျက်ရေးစနစ်ထုတ်လုပ်မှုကို အရှိန်မြှင့်တင်သွားမည်ဖြစ်ကြောင်း ထုတ်ဖော်ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက မတ် ၂၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါအစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် Alpine Eagle ကုမ္ပဏီသည် ဂျာမနီနိုင်ငံ မြူးနစ်မြို့အနီးတွင် စတုရန်းမီတာ ၂၀၀၀ ကျယ်ဝန်းသော ထုတ်လုပ်မှုစက်ရုံသစ်တစ်ခုကို ဖွင့်လှစ်သွားရန် စီစဉ်ထားသည်။ ဤစက်ရုံသစ်သည် ရန်သူ့ဒရုန်းများကို ကြားဖြတ်ဟန့်တားမည့် Interceptor ဒရုန်းများ ထုတ်လုပ်ရေးကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်သည်။

ထုတ်လုပ်မှုပမာဏကို အလျင်အမြန်တိုးမြှင့်နိုင်ရန်အတွက် Alpine Eagle သည် နယ်သာလန်နိုင်ငံအခြေစိုက် DeltaQuad ကုမ္ပဏီမှထုတ်လုပ်သော DeltaQuad Evo ဒရုန်းကို ၎င်းတို့၏စနစ်အတွင်းသို့ ပေါင်းစပ်အသုံးပြုသွားမည်ဖြစ်သည်။ ဤသို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် လက်ရှိ ရှိပြီးသားထုတ်လုပ်မှုစွမ်းအားကို အသုံးချနိုင်ရုံသာမက ဥရောပအတွင်းရှိ ထောက်ပံ့ရေးကွင်းဆက်များကိုပါ အဓိက အားထားနိုင်မည်ဖြစ်သည်။

ယခုချဉ်းကပ်မှုသည် အောင်မြင်ပြီးသား ဒရုန်းစနစ်တစ်ခုအပေါ်တွင် Alpine Eagle ကုမ္ပဏီထုတ် အဆင့်မြင့် အာရုံခံကိရိယာများနှင့် ဆော့ဖ်ဝဲပိုင်းဆိုင်ရာ အစိတ်အပိုင်းများကို ပေါင်းစပ်လိုက်ခြင်းဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဒရုန်းဖျက်စနစ်များကို အလျင်အမြန် တပ်ဆင်ထုတ်လုပ်နိုင်ပြီး လိုအပ်သည့် စစ်မြေပြင်များသို့ ချက်ချင်းတပ်ဖြန့်စေလွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

Sentinel စနစ်သည် လေကြောင်းရန်ကာကွယ်ရေး တစ်နည်းအားဖြင့် ဒရုန်းရန်ကာကွယ်ရေးအတွက် အထူးထုတ်လုပ်ထားသော ဒရုန်းရန်တိုက်ဖျက်ရေး စနစ်တစ်ခုဖြစ်သည်။ ၎င်းကို အာရုံခံပလက်ဖောင်းများနှင့် ကြားဖြတ်ဟန့်တားရေး ဒရုန်းများကို တစ်ခုတည်းသော လုပ်ငန်းလည်ပတ်မှုစနစ်အောက်တွင် ကွန်ရက်ချိတ်ဆက်ထားသည့်ပုံစံဖြင့် တည်ဆောက်ထားသည်။ ဤစနစ်သည် ရန်သူ့ဒရုန်းများကို ထောက်လှမ်းခြင်း၊ ခြေရာခံခြင်းနှင့် တိုက်ခိုက်ချေမှုန်းခြင်း လုပ်ငန်းစဉ်များကို အချိန်နှင့်တစ်ပြေးညီ စီမံခန့်ခွဲနိုင်စွမ်းရှိသည်။ Sentinel သည် Active နှင့် Passive အာရုံခံကိရိယာနှစ်မျိုးလုံးကို ပေါင်းစပ်အသုံးပြုထားသည်။ ထို့ပြင် ပစ်မှတ်ကို ပိုမိုတိကျစွာ ခွဲခြားသတ်မှတ်နိုင်ရန်နှင့် ခြေရာခံနိုင်ရန်အတွက် စက်ပေါ်ပါရှိသော Data Fusion နည်းပညာကို အသုံးပြုကာ အချက်အလက်များကို ပေါင်းစပ်တွက်ချက်ပေးသည်။

အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများအပေါ် ခန့်မှန်းချက်များအရ ဒေါ်လာသန်း ၂၅၀ ခန့်သာကုန်ကျသော ဒရုန်းများဖြင့် တိုက်ခိုက်ချိန်တွင် ၎င်းတို့ကို ဟန့်တားရန်အတွက် ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံကျော်ထိ အသုံးပြုခဲ့ရကြောင်း သိရသည်။

ဤကဲ့သို့သော ကုန်ကျစရိတ်မမျှတမှုကြောင့် ဥရောပအပါအဝင် ကမ္ဘာတစ်ဝန်းလုံးတွင် ဈေးနှုန်းသက်သာသော ဒရုန်းအမြောက်အမြားကို တွက်ခြေကိုက်စွာ တုံ့ပြန်နိုင်မည့် စနစ်သစ်များအပေါ် စိတ်ဝင်စားမှု မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

Alpine Eagle သည် ၂၀၂၄ ခုနှစ်တွင် ဂျာမနီစစ်တပ်၌ စတင်တပ်ဖြန့်ခဲ့ပြီးနောက် ယခုအခါ ဗြိတိန်နှင့် နယ်သာလန်နိုင်ငံများထိ ၎င်း၏လုပ်ငန်းများကို ချဲ့ထွင်နိုင်ခဲ့ပြီဖြစ်သည်။ ထို့ပြင် ကုမ္ပဏီသည် အမေရိကန်၊ ဗြိတိန်တပ်မတော်များနှင့်အတူ ဒရုန်းရန်ကာကွယ်ရေး လက်တွေ့စမ်းသပ်မှုများ၌ပါဝင်ခဲ့သဖြင့် ပြင်းထန်သော စစ်မြေပြင်အခြေအနေများတွင် ၎င်းတို့၏နည်းပညာကို ထိရောက်စွာ စမ်းသပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**Alpine Eagle to Increase Counter-UAS Production as Drone Threats Rise** ကို ဘာသာပြန်ဆိုထားပါသည်။

## အစ္စရေးကXCalibur လေဆာစနစ်ကို လေယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်မည့် ပုံစံသစ်ဖြင့်ထုတ်လုပ်မည်ဖြစ်



အစ္စရေးနိုင်ငံ၏ Elbit Systems ကုမ္ပဏီသည် ၎င်းတို့၏ XCalibur စွမ်းအားမြင့် လေဆာစနစ်များကို လေယာဉ်များတွင် တပ်ဆင်အသုံးပြုနိုင်မည့်ပုံစံသစ်ဖြင့် ထုတ်လုပ်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်ဟု Interesting Engineering သတင်းဌာနက မတ် ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤနည်းပညာကို အဓိကအားဖြင့် တိုက်လေယာဉ်များနှင့် ရဟတ်ယာဉ်များတွင် တပ်ဆင်ရန်ရည်ရွယ်ထားပြီး ဒရုန်းများနှင့် ဒုံးကျည်ကဲ့သို့သော ခြိမ်းခြောက်မှုများကို ကုန်ကျစရိတ်အနည်းဆုံးဖြင့် ချေမှုန်းနိုင်ရန် ဖန်တီးထားခြင်းဖြစ်သည်။

ယခင်က ဒရုန်းတစ်စင်း သို့မဟုတ် ဒုံးကျည်တစ်စင်းကို ပစ်ချရန်အတွက် အလွန်ဈေးကြီးသော ကြားဖြတ်တိုက်ခိုက်ရေးဒုံးကျည်များကို အသုံးပြုခဲ့ရာ စီးပွားရေးအရ တွက်ခြေမကိုက်သည့် စိန်ခေါ်မှုကို ယခုနည်းပညာက ကျော်လွှားနိုင်လိမ့်မည်ဖြစ်သည်။ အစ္စရေး၏ Iron Dome တွင် အသုံးပြုသည့် Tamir ကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်တစ်စင်းလျှင် ဒေါ်လာ ၄၀၀၀၀ မှ ၁၀၀၀၀၀ ထိ ကုန်ကျသော်လည်း၊ လေဆာရောင်ခြည်ကို အသုံးပြုမည်ဆိုပါက တစ်ချက်ပစ်လျှင် ကန်ဒေါ်လာ ဆင့်အနည်းငယ်သာ ကုန်ကျမည်ဖြစ်သည်။

ရန်သူ့ဘက်က ပစ်လွှတ်လိုက်သည့် ဒရုန်း သို့မဟုတ် ဒုံးကျည်တန်ဖိုးထက် ၎င်းကို ပစ်ချရသည့်စရိတ်က ပိုမိုသက်သာသွားမည် သို့မဟုတ် အလွန်နည်းပါးသွားမည်ဆိုပါက စစ်ပွဲ၏ အခြေအနေမှာ ပြောင်းပြန်ဖြစ်သွားမည်ဖြစ်သည်။ ထိုအခါ ကြားဖြတ်တားဆီးသည့် လက်နက်များက ဈေးကြီးနေမည်မဟုတ်ဘဲ ရန်သူ့ဘက်က ပစ်လွှတ်သည့် ဒရုန်းများကသာ ပို၍ ကုန်ကျစရိတ်များသည့် အစိတ်အပိုင်းဖြစ်လာမည်။ Elbit ကုမ္ပဏီ၏ ဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ Bezhalel Machlis က ၂၀၂၅ ခုနှစ်ကုန်ပိုင်းတွင် ယခုသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။ ၎င်းအစီအစဉ်အရ တိုက်လေယာဉ်များအတွက် အပြင်ဘက်မှ ချိတ်ဆွဲနိုင်သော (Pod-type)စနစ်နှင့် ရဟတ်ယာဉ်များအတွက် "Sting"ဟု ခေါ်ဆိုသည့် ပုံစံကွဲများကို ထုတ်လုပ်ပေးသွားမည် ဖြစ်သည်ဟု သိရသည်။

အစ္စရေး၏ လေယာဉ်တင်လေဆာလက်နက်စနစ်သည် ကမ္ဘာ့လေကြောင်းရန်ကာကွယ်ရေးသမိုင်းတွင် ကုန်ကျစရိတ် အချိုးအဆပြောင်းလဲခြင်း ဟု ခေါ်ဆိုနိုင်သည့် အရေးပါသော အလှည့်အပြောင်းတစ်ခုဖြစ်သည်။ လက်ရှိတွင် ဒေါ်လာသိန်းချီတန်သော ကြားဖြတ်ဒုံးကျည်များဖြင့် ဒေါ်လာ ထောင်ဂဏန်းသာတန်သည့် ရန်သူ့ဒရုန်းများကို ခုခံနေရသည့် တွက်ခြေမကိုက်သော စစ်ပွဲပုံစံကို ဤလေဆာနည်းပညာက အဆုံးသတ်ပေးမည်ဖြစ်သည်။ အထူးသဖြင့် မြေပြင်အခြေစိုက်စနစ်များ၏ အားနည်းချက်ဖြစ်သော ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အဟန့်အတားများကို လေယာဉ်ပေါ်မှနေ၍ ကျော်လွှားနိုင်ခြင်းက ပစ်မှတ်များကို စောစီးစွာ ရှာဖွေဖျက်ဆီးနိုင်သည့် ကြိုတင်ဟန့်တားမှုစွမ်းရည်ကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ပြင် စီအီးအို Machlis ၏ မှတ်ချက်အရ ဤလေဆာစနစ်သည် ခုခံရေးသက်သက်မဟုတ်ဘဲ အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် တိုက်ခိုက်ရေးကဏ္ဍများတွင်ပါ အသုံးချနိုင်ခြေရှိနေခြင်းကြောင့် အနာဂတ်စစ်မြေပြင်တွင် အလင်းနှုန်းစစ်ဆင်ရေးသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာတော့မည်ဖြစ်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Laser warfare: Israel plans to mount beam weapons on aircraft to intercept missiles faster** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# စိတ်ဓာတ်ကောင်းသာ ယူခဲ့ပါ

**ဆူးသစ်**

❖ ရေခြားမြေခြား သူစိမ်းတွေကြားမှာ အရည်အချင်းရှိမှ ရပ်တည်နိုင်မယ်ဆိုပေမဲ့ ရှေ့မှာပြောခဲ့တဲ့ဒုက္ခတွေသာ ပြုံကျလာရင် တော်ရုံခံနိုင်ရည်နဲ့ မရနိုင်ပါဘူး။ စိတ်ဓာတ်ကောင်းမှသာ ရပါလိမ့်မယ်။ ဒါကြောင့် စင်ကာပူကိုသွားအလုပ်လုပ်မယ်ဆိုရင် အဲဒီလူတွေကို တစ်ခုပဲ မှာချင်ပါတယ်။ ခံနိုင်ရည်ပြည့်ဝတဲ့ စိတ်ဓာတ်ကောင်းကောင်းသာ ယူခဲ့ပါလို့။ တကယ်တော့ ဒါဟာ စင်ကာပူမှ မဟုတ်ပါဘူး။ တခြားနေရာ၊ တခြားနိုင်ငံမှာပါ လိုအပ်တာပါ။ ခံနိုင်ရည်ရှိတဲ့ စိတ်ဓာတ်ကောင်းသာရှိလို့ကတော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် လုပ်နိုင်၊ ရပ်တည်နိုင်ပါတယ်။ ❖

ဒီတစ်ခါတော့ နိုင်ငံခြားကို လာချင်သူတွေ၊ အလုပ်ရှာမဲ့သူတွေကို ရည်ရွယ်ပြီး ပြောစရာရှိတာလေးတစ်ခု ပြောပြပါရစေ။ စင်ကာပူမှာ နှစ်နှစ်ခွဲကျော် အလုပ်လုပ်လာခဲ့ပြီးမှ အဲဒီကာလအတွင်း အလုပ်လာရှာခဲ့ကြတဲ့ လူပေါင်းများစွာကို ကြုံတွေ့ပြီးမှ ဆောင်းပါးကို ရေးဖြစ်တယ်လို့လဲ ဆိုပါရစေ။

တကယ်တမ်းကျတော့ သူများနိုင်ငံမှာ အလုပ်ရှာတယ်ဆိုတာ ကိုယ့်နိုင်ငံလိုတော့ ဘယ်လွယ်ပါ့မလဲလေ။ ဒီလိုပဲ သူများနိုင်ငံမှာ အလုပ်လုပ်ပြီဆိုရင်တော့ ကိုယ့်နိုင်ငံမှာထက် ပိုဆိုးဖို့များတယ်ဆိုတာ တွေးကြည့်ရင် သိနိုင်တဲ့အရာပါ။ ဒါပေမဲ့ အလုပ်ရ၊ ငွေရမယ်ဆိုတဲ့ အတွေးတစ်ခုကိုသာ ရင်မှာပိုက်ပြီး လာကြသူတွေအတွက်တော့ ကြိုတင်ပြင်ဆင်မှုမရှိဘဲ ကိုယ်ထင်သလို ဖြစ်မလာတဲ့အခါ ခံစားရတာ တော်တော်ဆိုးတတ်ပါတယ်။

မြန်မာနိုင်ငံမှာ အေးဂျင့်နဲ့အပ်ပြီး အလုပ်ရမှ လာသူတွေတောင် စင်ကာပူရောက်ပြီးကိုယ်လုပ်ရတဲ့ အလုပ်မှာ အဆင်ပြေမှ။ မပြေရင် တချို့ဆို အလုပ်ရပြီးမှ စိတ်ညစ်ရတာတွေလဲ တစ်ပုံကြီးပဲ။ ဒီတော့ စင်ကာပူကို ဒီအတိုင်းစလာပြီး ရှာမဲ့လူတွေအတွက်ကတော့ တော်တော်ခက်တာ သိသာပါတယ်။ အင်မတန် ကံကောင်းပါတယ်ဆိုမှ လွယ်လွယ်ကူကူ ရတာမျိုးပါ။

စင်ကာပူမှာ အလုပ်ရှာမယ်ဆိုရင် အသိရှိရင် ပိုအဆင်ပြေပါတယ်။ မလာခင်ကတည်းက အိမ်ကြို ရှာရပါတယ်။ အဲဒီအခါ ကိုယ့်ဆွေမျိုးသားချင်း၊ မိသားစုဝင်တွေရှိရင်တော့ အတိုင်းထက်အလွန်ပေါ့။ သူငယ်ချင်း၊ အသိမိတ်ဆွေက ရှာပေးတာတို့၊ သူတို့နဲ့ အတူ နေရတာမျိုးတို့ဆိုရင်တော့ ကိုယ့်ကံပါပဲ။

တစ်ခါက မိန်းကလေးတစ်ယောက် စင်ကာပူက သူ့သူငယ်ချင်းအိမ်မှာ လာငှားနေရင်း အလုပ်ရှာတယ်။ သူ့သူငယ်ချင်းက အစ်မအိမ်မှာနေတယ်။ သူပိုင်တဲ့ အိမ်မဟုတ်ဘူး။ ဒါပေမဲ့ အိမ်လခကို စင်ကာပူမှာနေကြတဲ့လူတွေယူတဲ့ လစာမျိုးယူတယ်။ အပြည့်ယူတယ်ပဲဆိုပါတော့။ ဒါပေမဲ့ အင်တာနက်က မရဘူး။ အလုပ်ရပြီးသား လူတစ်ယောက်အနေနဲ့ အင်တာနက်မရတဲ့အိမ်မှာနေရတာ မသိသာပေမဲ့ စင်ကာပူမှာ အလုပ်လာရှာတဲ့သူအတွက်ကျတော့ အင်တာနက်မှမသုံးရရင် တစ်ပိုင်းသေသွားသလိုပါပဲ။ ပြီးတော့ သူ့အနေနဲ့ အိမ်လခကို အင်တာနက်ပါတဲ့ အိမ်တွေမှာ ပေးရသလို ပေးထားရတာပါ။ ဒီတော့ စင်ကာပူမှာ သူငယ်ချင်းအိမ်တောင် ယုံလို့မရပါဘူးဆိုတာ ဒီဥပမာက သက်သေပါ။ စင်ကာပူကို စရောက်လာတဲ့ လူတစ်ဦးအတွက်တော့ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းဆိုသလိုပါပဲ။ သူလဲ တော်တော်စိတ်ပျက်သွားရှာပါတယ်။ ဗီဇာ တစ်လ ထပ်တိုးပြီး အလုပ်မရတော့ ပြန်သွားပါတယ်။ နောက်တစ်ကြိမ်ကိုတော့ အေးဂျင့်နဲ့အပ်ပြီး ပြန်လာပါတယ်။ အလုပ်ရသွားပေမဲ့ သူ့ငွေက အော်ကြီးဟစ်ကျယ် ဆူတတ်လွန်းလို့ ငိုရတာလဲ ခဏခဏပါပဲတဲ့။ ဒါက ဥပမာတစ်ခုပဲ ရှိပါသေးတယ်။ ဒါတောင် တွေးကြည့်ပါအုံး။ အလုပ်မရခင်ကလဲ စိတ်ပျက်ရ၊ ရတော့လဲ ငိုရနဲ့။ တွေးကြည့်ရင် တော်ရုံတန်ရုံ ခံနိုင်ရည်နဲ့ မရနိုင်ပါဘူး။

တချို့ဆို အလုပ်မရတော့ ကျောင်းဆက်တက်ဖို့ လုပ်ရပါတယ်။ Student Pass ရမှ နေခွင့်ဆက်ရတာကိုး။ ဒါလဲ အလကားမှမရတာ။ ကျောင်းအပ်ဖို့ ပိုက်ဆံလိုပါတယ်။ အလုပ်ရှာဖို့ ငွေသုံးရကတည်းက တော်တော်ကုန်နေပါပြီ။ ဒါပေမဲ့ အလုပ်မရမချင်း ဆက်ပြီး ရအောင်ရှာမယ်ဆိုတဲ့ စိတ်နဲ့တင်းထားရင်း ကျောင်းဆက်တက်ဖို့ ကြိုးစားရတော့ ငွေကုန်လူပန်းပေါ့။ ဒါတင်လားဆိုတော့ ဘယ်ကမလဲ။

တချို့က ကျောင်းတက်တာ နေခွင့်ရရုံသက်သက်ပါ။ တချို့က အလုပ်မရခင် ကျောင်းစာလဲရအောင် လုပ်မယ်ဆိုပြီး ကျောင်းတကယ်တက်ချင်ပေမဲ့ အလုပ်မရခင်တက်ရတဲ့ ကျောင်းမျိုးဆိုတာ စာတကယ် မသင်ဘဲ ကျောင်းဖြစ်ရုံ၊ အတန်းဖြစ်ရုံ၊ Pass ရရုံလုပ်ထားတာမျိုးပဲမို့ ငွေကုန်ပြီး စာတော့ ရမှာ မဟုတ်ပါဘူး။ ဒီကြားထဲ ကျောင်းတစ်ကျောင်းဆို မြန်မာနိုင်ငံက ငယ်ငယ်လေးကတည်းက ထွက်သွားပြီး ကြီးမှ သူ့ကိုယ်သူ စင်ကာပူနိုင်ငံသားလိုလုပ်ထားကာ မြန်မာနိုင်ငံက အလုပ်မရသေးသူတွေကျောင်းလာတက်မှန်းသိလို့ စာကောင်းကောင်းမသင်ဘဲ ငွေသာယူနေတဲ့ ကျောင်းအုပ်ဆိုတဲ့လူရှိတဲ့ ကျောင်းမျိုးပါ။ ကျောင်းလခ သုံးလစာ ကြိုသွင်းရပြီး ပထမလမှာ အလုပ်ရလို့များ၊ နောက်နှစ်လစာ ငွေပြန်အမ်းမယ် မထင်ပါနဲ့။ ပထမ သုံးလတောင် မကုန်သေးဘူး။ နောက်သုံးလစာ ကြိုတောင်းနေလို့ စိတ်ပျက်ရသူတွေ ဒုနဲ့ဒေးပါ။ ဒါတောင် မြန်မာပြည်ပေါက် **'စလုံး'** မလိုပေါ့။

ဒီတော့ အလုပ်မရလို့ ကျောင်းတက်တော့လဲ စိတ်ညစ်ရပြန်ကော။ သေချာတာက အလုပ်ရှာသူတွေကလဲ ကျောင်းကောင်းကောင်း မတက်ကြတော့ဘဲ စိတ်ညစ်တဲ့ဒဏ်ကို ကြိတ်မှိတ်ခံရပြန်တာပါပဲ။

အလုပ်ရှာတာမှာလဲ အခက်အခဲက အများကြီးပါ။ များသောအားဖြင့် အင်တာနက်က ရှာလို့ရပါတယ်။ ပြီးတော့ သတင်းစာမှာလဲ ရှာရပါတယ်။ ခက်တာက မတွေ့လိုက်နဲ့ တွေ့တဲ့ကြော်ငြာ တော်တော်များများက Singaporean နဲ့ PR သာလျှောက်ပါဆိုတာမျိုးတွေချည်းပဲ။ နည်းပါးလွန်းတဲ့ ကြော်ငြာတချို့သာ နိုင်ငံခြားသား လျှောက်နိုင်သည်တို့၊ ဘာကန့်သတ်ချက်မှ မပါတာတို့ တွေ့ရတတ်ပါတယ်။

ဒါပေမဲ့ လျှောက်တိုင်းလဲ အင်တာဗျူးခေါ်တာမှ မဟုတ်တာ။ တချို့ဆို နှစ်ပေါက်အောင် လျှောက်ရတာမျိုးလဲ ရှိပါတယ်။ တချို့က ရက်ပိုင်း။ တချို့က တစ်ပတ်၊ နှစ်ပတ်၊ ကံအပေါ်မူတည်ပြီး ရသွားတတ်ကြပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ လူ့ရဲ့သဘာဝက အင်တာဗျူးမရရင် စိတ်ပျက်တတ်တာပါပဲ။ ဒါတောင် အင်တာဗျူးရလို့ ကိုယ့်ကို ခန့်မခန့်ရှိသေးတယ်။ ခန့်ရင်တောင်မှ Pass ရဖို့ လျှောက်ရင် ကျ၊ မကျ ရှိသေးတယ်။

အင်တာဗျူးရတဲ့ လူတွေကကော တကယ်ပျော်နိုင်ပါရဲ့လားလို့ စဉ်းစားကြည့်ပါ။ အင်တာဗျူးမရသေးတဲ့သူတွေနဲ့စာရင်တော့ သူက မျှော်လင့်ချက်တွေ နီးလာလို့ ပျော်နိုင်တာပေါ့။ ဒါပေမဲ့ တကယ်ဗျူးတဲ့အခါ သူတို့ပြောတဲ့ English ကို ကိုယ်က နားမလည်တာ၊ ကိုယ်က ပြန်မပြောနိုင်တာ၊ သူတို့လိုအပ်ချက်နဲ့ ကိုယ့်မှာရှိတဲ့ အရည်အချင်းနဲ့ မကိုက်တာ စတာတွေ အများကြီးပါပဲ။ အဲဒီအတွက် သေချာတာကတော့ အလုပ်မရနိုင်ဘူးဆိုတာပါပဲ။ အင်တာဗျူးမရတုန်းကလဲ မရလို့၊ ရတော့လဲ အလုပ်ကမရနိုင်နဲ့ စိတ်ပျက်စရာပါပဲ။ အင်တာဗျူးကပြန်တော့ ခေါင်းငိုက်စိုက်နဲ့လေ။

နောက်တစ်မျိုးကျတော့ သူတို့လိုချင်တဲ့ အရည်အချင်းနဲ့ ကိုယ်နဲ့ကိုက်တယ်။ English လဲ ပြောနိုင်ဆိုနိုင်ပါပဲ။ သူကျတော့ ဘယ်မှာသွားထိလဲဆိုတော့ အလုပ်ချိန်ကများ၊ လစာကနည်း၊ လုပ်သက်ခွင့်ကနည်းနဲ့ အလုပ်တော့ ရနိုင်တယ်။ ခံစားခွင့်က လုပ်ရမှာနဲ့ ကွာနေပြန်ကော။ ဒီတော့ ချီတုံချတုံဖြစ်ပြီး သူရတဲ့ Pass နဲ့ ပြန်ချိန်ရပြန်ကော။ ကျောင်းလခ၊ နေစရိတ်တွေ ထပ်မပေးချင်တော့ နောက်ဆုံးမှာ ရတဲ့အလုပ်ကို မလုပ်ချင်ပေမဲ့ ခေါင်းညိတ်လိုက်ရကော။

ဒါလဲ အလုပ်ရပြီ မထင်ပါနဲ့။ Pass လျှောက်ပြီဆိုမှ သူတို့ဆီက Ministry of Manpower လို့ခေါ်တဲ့ MOM က လျှောက်လွှာကိုစစ်ဆေးပြီး ကျပ်ပါတော့တယ်။ တချို့က Reject ဆိုပြီး အပယ်ခံရတယ်။ တချို့က Pending ဆိုပြီး ဆိုင်းငံ့ထားတယ်။ တချို့ကတော့ Approved ဆိုပြီး တန်းကျသွားတယ်။

Reject သမားတွေမှာ တချို့က အသနားခံစာ ပြန်တင်တတ်ကြတယ်။ ရတဲ့လူလဲရတယ်။ မရတဲ့လူလဲ မရပါဘူး။ တချို့က ဒုတိယအသနားခံစာမှာ ရသွားတတ်ကြပေမဲ့ တချို့ကတော့ ဘယ်လောက်တင်တင် မရတတ်ကြပါဘူး။ တချို့ဆို ကုမ္ပဏီက သည်လူကို လိုအပ်နေပါတယ်ဆိုတာတောင် MOM က ခွင့်မပြုခဲ့ပါဘူး။ အဲဒီလိုလူမျိုးအတွက်တော့ ပိုပြီး ရင်နာဖို့ကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆင်ပြောင်ကြီး အမြီးကျမှတစ်တာကိုး။ တော်တော်စိတ်ပျက်ဖို့ကောင်းတဲ့ကိစ္စမျိုးပါပဲ။

နောက်တစ်မျိုး Pending ဆိုတာကတော့ Re-ject ဖြစ်သွားနိုင်သလို Approved ဖြစ်သွားနိုင်တာမျိုးပါ။ ဆိုင်းငံ့ထားတာ၊ တင်ကတည်းက အချက်အလက်လိုတာဖြစ်နိုင်သလို MOM က တစ်ခုခုကို တောင်းဆိုချင်တာ ဖြစ်နိုင်ပါတယ်။ အခုနောက်ပိုင်း စင်ကာပူမှာ MOM က Pending ဆိုရင် အသစ်ဝင်လာတာက IQ Test ဖြေခိုင်းတာပါ။ သူတို့ အထင်ကြီးပါတယ်ဆိုတဲ့ ဥရောပက အဖြူကောင်တွေတောင်ဖြေရပါတယ်။ တချို့ကျပါတယ်။ အောင်တဲ့သူတွေလဲ အောင်ပါတယ်။ အောင်ရင်တော့ Approved ဖြစ်ပါပြီ။ ကျရင်တော့ S Pass ကို တော်တော်နဲ့ လျှောက်လို့ မရတော့ဘူးလို့ သိရပါတယ်။ ဒီတော့ Pending သမားဟာ သိပ်စိတ်ပျက်စရာမရှိပေမဲ့ ရင်တော့ ခုန်ရပါတယ်။ စာမေးပွဲဖြေရတာကိုး။ စာမေးပွဲကြေးလဲ သွင်းရပါတယ်။ တချို့ကတော့ ကုမ္ပဏီက သွင်းပေးပါတယ်။ တချို့ကျတော့ ကိုယ့်ဘာသာ သွင်းပေးရပါတယ်။ ဒီတော့ မအောင်ရင် အလုပ်မရမဲ့အပြင် ငွေပါ ကုန်ပါတယ်။

အကောင်းဆုံးကတော့ ကုမ္ပဏီက Passလျှောက်ပြီးရင် Approved ဆိုမှ စိတ်ချမ်းသာရတာပါ။ ဒီတော့ Pass မရမချင်း စိတ်မအေးရသလို Pass ရပြီဆိုမှ စိတ်ချမ်းသာရမဲ့ဘဝပါ။ စင်ကာပူက လူတွေပြောနေကျစကားနဲ့ ပြောရရင် **"အလုပ်မရမချင်း စီကာစဉ်ကာ ပူရတဲ့စင်ကာပူပါ"**။ ဒါတောင် တချို့ဆို အင်တာဗျူးသွားတော့ ခွေးကိုက်ခံရတာ၊ အင်တာဗျူးမဲ့နေရာမှာ ဗျူးမဲ့လူကမရှိဘဲ အလုပ်လုပ်နေတဲ့ ကုလားတွေပဲရှိတာ။ အင်တာဗျူးမဲ့နေရာက ဟင်းလင်းပြင် ဘာမျှမဆောက်ထားတဲ့နေရာဖြစ်နေတာ စတဲ့အခက်အခဲတွေ ကြုံရပါသေးတယ်။

အလုပ်မရခင်က ရခဲ့တဲ့ စိတ်ရှုပ်စရာ၊ စိတ်ညစ်စရာ၊ စိတ်ဒုက္ခရောက်စရာတွေပြီးရင် အလုပ်ရရင် ရှိနေသေးတဲ့ ဒုက္ခတွေလဲ ပြောပြချင်ပါတယ်။

ပိုင်ရှင်နဲ့ စကားပြောရတာ အခက်အခဲရှိတာ၊ အလုပ်ကို နားမလည်တာ၊ ကိုယ့်ကို ကူမဲ့သူမရှိတာ၊ ကံဆိုးရင် တစ်ရုံးလုံး ကိုယ်တစ်ယောက်တည်း မြန်မာဖြစ်နေတာ။ ရှေ့မှာ ပြောခဲ့ဖူးသလို သူ့ဌေးက စိတ်ရှုးပေါက်တိုင်း ထအော်နေတာ။ တချို့ဆို ညနှစ်နာရီထိ အလုပ်လုပ်ရတာ။ တချို့ကတော့ ထိုင်လို့မရအောင် အလုပ်လုပ်ရတာ စုံနေတာပါပဲ။ ဒီတော့ တော်ရုံတန်ရုံစိတ်နဲ့ဆို မခံနိုင်ပါဘူး။

တချို့ ငိုကြတယ်။ တချို့ အလုပ်ပြောင်းတယ်။ တချို့ ပြန်ပြေးတယ်။ စုံနေတာပါပဲ။ အဲဒီအထဲမှာမှ စိတ်ဓာတ်ခိုင်သူတွေသာ ကျန်ရစ်ခဲ့တာပါပဲ။

စင်ကာပူကို အလုပ်လုပ်ဖို့ လာမယ်ဆိုရင်တော်ရုံတန်ရုံစိတ်ဓာတ်နဲ့ မရနိုင်ပါဘူး။ သေသေချာချာ ပြင်ဆင်ထုပ်ပိုးလာတဲ့ စိတ်ဓာတ်မျိုးနဲ့သာ ရမှာပါ။ ရေခြားမြေခြား သူစိမ်းတွေကြားမှာ အရည်အချင်းရှိမှ ရပ်တည်နိုင်မယ်ဆိုပေမဲ့ ရှေ့မှာပြောခဲ့တဲ့ ဒုက္ခတွေသာ ပြုံကျလာရင် တော်ရုံခံနိုင်ရည်နဲ့ မရနိုင်ပါဘူး။ စိတ်ဓာတ်ကောင်းမှသာ ရပါလိမ့်မယ်။

ဒါကြောင့် စင်ကာပူကိုသွားအလုပ်လုပ်မယ်ဆိုရင် အဲဒီလူတွေကို တစ်ခုပဲ မှာချင်ပါတယ်။ ခံနိုင်ရည်ပြည့်ဝတဲ့ စိတ်ဓာတ်ကောင်းကောင်းသာ ယူခဲ့ပါလို့။ တကယ်တော့ ဒါဟာ စင်ကာပူမှ မဟုတ်ပါဘူး။ တခြားနေရာ၊ တခြားနိုင်ငံမှာပါ လိုအပ်တာပါ။ ခံနိုင်ရည်ရှိတဲ့ စိတ်ဓာတ်ကောင်းသာရှိလို့ကတော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် လုပ်နိုင်၊ ရပ်တည်နိုင်ပါတယ်။

လောလောဆယ်မှာတော့ အလုပ်အတွက် စည်းကမ်းတွေ တင်းကျပ်နေတဲ့ စင်ကာပူရဲ့ အကြောင်းတွေကိုချပြရင်း ခံနိုင်ရည်ရှိတဲ့ စိတ်ဓာတ်ကောင်းတွေပါလာဖို့ တိုက်တွန်းလိုက်ရပါတယ်။

❖ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားများလိုအပ်...

❖ နိုင်ငံရေးမောင်းနှင်အားကောင်းမွန်မှသာ စီးပွားရေးမောင်းနှင်အားကောင်းမွန်မည်ဖြစ်ပြီး စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ ကာကွယ်ရေးစွမ်းပကားကို မြှင့်တင်နိုင်မည်ဖြစ်...

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှုသည် နိုင်ငံတစ်ခုအတွက် မဖြစ်မနေအရေးကြီးသည့်ကဏ္ဍမှ ပါဝင်သဖြင့် စီးပွားရေးအားကောင်းအောင် ဝိုင်းဝန်းဆောင်ရွက်ကြစေလို...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် ပြုလုပ်သော ဘားအံမြို့ရှိ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး

# ၈၁ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို သွားရောက်တွေ့ဆုံ ဂါရဝပြုနှုတ်ဆက်

နေပြည်တော် မတ် ၂၆

၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် ၈၁ နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား တက်ရောက်ရန် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ခေတ္တတည်းခိုနေထိုင်လျက်ရှိသည့် တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားတပ်မတော်အရာရှိကြီးများနှင့် ဇနီးများကို ယနေ့နံနက်ပိုင်းတွင်

စာမျက်နှာ ၁၈ ကော်လံ ၁ ☆



နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ကိုယ်စား နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်တို့က ၈၁ နှစ်မြောက် တပ်မတော်နေ့အခမ်းအနားသို့ တက်ရောက်ကြမည့် အငြိမ်းစားတပ်မတော်အရာရှိကြီးတစ်ဦး၏ မိသားစုဝင်များကို သွားရောက်တွေ့ဆုံဂါရဝပြုနှုတ်ဆက်စဉ်။

## မန္တလေးလျှင်ကြီး တစ်နှစ်ပြည့်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၆

မန္တလေးလျှင်ကြီး တစ်နှစ်ပြည့်အခမ်းအနားကို မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ မှစတင်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV-HD၊ MRTV-News၊ MRTV – NRC ၊ MRTV Farmers' Channel၊ MITV၊ MWD-HD၊ MWD Variety-HD၊ Readers' Channel ၊ Up to Date နှင့် MNTV ရုပ်သံလိုင်းများမှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ သဇင်FM ၊ FM ပုဂံ၊ မန္တလေးFM၊ ပဉ္စဝတီFM၊ ရွှေFM၊ ပတ္တမြားFM ၊ ချယ်ရီFM နှင့် Star FM တို့မှလည်းကောင်း၊ MRTV App,Radio App အပါအဝင် Online Media တို့မှလည်းကောင်း တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)


**ယနေ့ထုတ် ရတနာပုံသတင်းစာတွင် ၈၁ နှစ်မြောက် တပ်မတော်နေ့အထူးအချပ်ပို လေးမျက်နှာပါရှိပါသည်။**

## အဆင့်မြှင့်တင်ထားသည့် Bar Code/ QR Code များဖြင့် စက်သုံးဆီရောင်းချပေးသွားမည်ဖြစ်၍ ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးထုတ်ပြန်

နေပြည်တော် မတ် ၂၆

စက်သုံးဆီဝယ်ယူရာတွင် စက်စွမ်းအားအလိုက် ဝယ်ယူခွင့်ပမာဏကို သတ်မှတ်ပြီး ပိုမို၍ ပြည့်စုံသည့်စနစ်ဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့၊ တောင်ကြီးမြို့တို့တွင် ၂၇-၃-၂၀၂၆ ရက်မှစ၍ ရောင်းချသွားမည်ဖြစ်ပြီး ကျန်မြို့များတွင်လည်း ယခုစနစ်ကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။




ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ အာမခံမှုအမှတ်အသား (Hologram)

စနစ်ကို အသုံးပြုရာတွင် မော်တော်ယာဉ်၏ Wheel Tax တွင် အာမခံမှုအမှတ်အသား (Hologram) ပါရှိမှသာ အရောင်းဆိုင်ဝန်ထမ်းက Scan ဖတ်မည်ဖြစ်ပါသည်။

စာမျက်နှာ ၂၃ ကော်လံ ၁ ❖

OKKAN SUGAR MILL

ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး

FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la











Phone; 09973037364(Office), 09971922346(Mill) မြန်မာပြည်တွင်ထုတ်လုပ်သည် သကြားဖြူ White Sugar

# ရတနာပုံ

အထူးထုတ်

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နှောင်းတန်ခူးလဆန်း (၁၀)ရက် ၊ သောကြာနေ့ ၊ (27-3-2026)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

၂၀၂၆ ခုနှစ် ၈၁ နှစ်မြောက်

# တပ်မတော်နေ့ ကို ဂုဏ်ပြုပါ၏။



# ၈၁ နှစ်မြောက် တပ်မတော်နေ့သို့ ဂုဏ်ပြုညွှန်းသီ စာပန်းချီ

**နွှေကုံကျော်(မြို့လှ)**



ကမ္ဘာပေါ်ရှိ နိုင်ငံအများစုတွင် နိုင်ငံတော်လုံခြုံရေးအတွက် ဖွဲ့စည်းထားကြသည့် တပ်မတော်အသီးသီးရှိကြပေသည်။ ပေါ်ပေါက်လာပုံခြင်း မတူညီကြသော်ငြား တူညီမှုတစ်ချက်မှာ မိမိတို့နိုင်ငံတော်အား ပြည်တွင်းပြည်ပ ကျူးကျော်မှုအန္တရာယ်များမှ ကာကွယ်ရန်ဟူ၍ပင်ဖြစ်၏။ ကာကွယ်သည်ဟုဆိုရာ၌ အချို့နိုင်ငံများက ငွေကြေးထောက်ပံ့မှုဖြင့် စစ်သည်များကိုစုဆောင်းပြီး တပ်မတော်တစ်ရပ် ဖန်တီးကြသည်။ အချို့ကျတော့လည်း တာဝန်တစ်ရပ်အနေဖြင့် အမြဲတမ်းတပ်မတော်အဖြစ် စုဖွဲ့ကြသည်။ အချို့နိုင်ငံများမှာမူ မျိုးချစ်စိတ်တစ်ခုတည်းဖြင့် တပ်မတော်သားဘဝကိုခံယူကာ တပ်မတော်တစ်ရပ်ကို စုစည်းတည်ထောင်ကြခြင်းဖြစ်သည်။ ကျွန်ုပ်တို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တပ်မတော်သည်ကား လွတ်လပ်ရေးကို အကြောင်းပြု၍ သန္ဓေတည်ပေါက်ဖွားလာသော မျိုးချစ်တပ်မတော်ပင်ဖြစ်သည်။ ယခုဆိုလျှင် နယ်ချဲ့ဖက်ဆစ်တို့ကို အမိတိုင်းပြည်မှ အပြီးတိုင်မောင်းထုတ်တိုက်ပွဲဝင်ခဲ့သည့် တပ်မတော်နေ့ကြီးပေါ်ပေါက်ခဲ့သည်မှာ ၈၁ နှစ်တာကာလသို့ပင် ရောက်ရှိခဲ့ပြီဖြစ်ပါ၏။

၁၉ ရာစုကာလအတွင်း ကမ္ဘာအနှံ့အပြားကိုလိုနီစနစ်မင်းမူခဲ့ပြီး မြန်မာနိုင်ငံကိုလည်း သာသနာပြုပုဂ္ဂိုလ်များနှင့် ကုန်သည်များမှ အစပြုသည့် မျက်နှာဖြူပေါင်းစုံတို့ တစ်စတစ်စဝင်ရောက်လာခဲ့ကြသည်။ တွင်းထွက်ရတနာများ၊ အဖိုးတန်သစ်တောကြီးများ၊ ရှည်လျားသည့် ပင်လယ်ပြင်ကမ်းရိုးတန်း၊ ရေပေါ်ရေအောက် သယံဇာတမျိုးစုံတို့နှင့်တကွ စက်မှုကုန်ကြမ်းပစ္စည်းမျိုးစုံအတွက် အခြေခံကောင်းများ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံသည် ကိုလိုနီနယ်ချဲ့တို့ နှစ်သက်စရာ နယ်မြေတစ်ခုဖြစ်ခဲ့သည်။ အဆိုပါကောင်းခြင်းအဖြာဖြာနှင့်ပိုင်ဆိုင်ထားသောနိုင်ငံသို့ ရည်ရွယ်ချက်မကောင်းစွာနှင့် ရောက်ရှိလာကြသော နယ်ချဲ့မျက်နှာဖြူတို့သည် အခြေအနေပေးသည်နှင့် တိုက်ကွက်များဖော်ကာ သွေးတိုးစမ်းခဲ့ကြပြီး ၁၈၂၄ ခုနှစ်မှစတင်လိုက်သော အကဲစမ်းကျူးကျော်စစ်ပွဲသည် ၁၈၈၅ ခုနှစ်တွင် အဆုံးသတ်ကာ တစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီးသည်နှင့် ရသမျှအခွင့်အရေးဟူသမျှ ယူငင်ကြကာ ကုပ်သွေးစုပ်အမြတ်ထုတ်ယူခဲ့ကြသည်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ၌ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ရဲဘော်သုံးကျိပ်ဖြင့် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖွဲ့စည်းနိုင်ခဲ့ခြင်းသည် တိုင်းပြည်ကံကြမ္မာကို စတင်ပြောင်းလဲနိုင်ခဲ့ခြင်းဟုဆိုရပေမည်။ တဖြည်းဖြည်းချင်း အင်အားကြီးထွားလာသော ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စိုးရိမ်ပူပန်နေကြသည့် နယ်ချဲ့တို့သည် အကြောင်းပြချက်ရှာခဲ့ကြပြီး ၁၉၄၂ ခုနှစ်တွင် ဘီအိုင်အေအစား ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)အဖြစ် အင်အားများလျှော့၍ ပြောင်းလဲဖွဲ့စည်းစေခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြောင့် ဗြိတိသျှတို့ မြန်မာ့မြေပေါ်မှ ခေတ္တထွက်ခွာသွားသည့်နောက် ဖက်ဆစ်ဂျပန်တို့က ဇာတိရုပ်ပြလာကြသည်။ ၎င်းတို့၏အကြံကို ရိပ်စားမိသောကြောင့် ထိုကာလအတွင်း **“တော်လှန်ရေးတပ်ဦး”**ကို ဖွဲ့စည်းလိုက်ကြသည်။ ဖက်ဆစ်ဂျပန်တို့ကို တော်လှန်ပြီးနောက် ဗြိတိသျှတို့လက်မှ လွတ်လပ်ရေးကို နိုင်ငံရေးအရ တောင်း၍မရခဲ့လျှင် တော်လှန်ရေးကို ဆက်လက်ဆင်နွှဲမည်ဟူသော ရည်မှန်းချက်ဖြင့် **“တော်လှန်ရေးတပ်ဦး”**ကို ဖွဲ့စည်းခဲ့ခြင်းလည်းဖြစ်၏။ ထိုကာလများအတွင်း တိုင်းရင်းသားညီအစ်ကိုများသည်လည်း ဖက်ဆစ်ဆန့်ကျင်ရေးအတွက် ပိုမိုစည်းလုံးလာခဲ့ကြသည်။ လိုအပ်သည်များကို လျှို့ဝှက်ပြင်ဆင်ကြရင်း တပ်မတော်အတွင်း၌ စစ်ပညာအရပ်ရပ်ကို လေ့ကျင့်သင်ကြားပေးခဲ့သည်။ ၁၉၄၅ ခုနှစ် ဧပြီ ၂ ရက်တွင် ဖက်ဆစ်တို့ကို တစ်နိုင်ငံလုံးတစ်ပြိုင်နက်တော်လှန်ရန် သတ်မှတ်ထားသော်လည်း မဟာမိတ်တပ်ဦးသည် စစ်ကိုင်း၊ မန္တလေးမြို့များသို့ ထိုးဖောက်ဝင်ရောက်လာခဲ့ပြီဖြစ်၍ ဗိုလ်မှူးကြီးဗထူးသည် အခြေအနေအရ မတ် ၈ ရက်တွင် အထက်မြန်မာနိုင်ငံမှ စတင်တော်လှန်ခဲ့သည်။ ထို့ကြောင့် မူလက သတ်မှတ်ထားသည့်တော်လှန်ရမည့်ရက်ကိုမစောင့်တော့ဘဲ ၁၉၄၅ ခုနှစ် မတ် ၂၇ ရက်တွင် နယ်ချဲ့ဖက်ဆစ်တို့ကို မြန်မာ



တစ်နိုင်ငံလုံး တစ်ပြိုင်နက်တော်လှန်ရန် ကြေညာခဲ့သည်။ ထိုရက်မှာပင် လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ရဟန်းရှင်လူ ပြည်သူအပေါင်း၏ စုစည်းညီညာစွာတော်လှန်မှုကြောင့် ဖက်ဆစ်တို့အမိမြေပေါ်မှ ဆုတ်ခွာသွားကြရသည်။ မှတ်တမ်းများအရ ဖက်ဆစ်ဂျပန်အရေအတွက် ၂၀၀၀၀ ကျော်ကို သုတ်သင်နိုင်ခဲ့ပြီး ၃၀၀ ကျော်သုံ့ပန်းရရှိခဲ့သည်ဟု သိရသည်။

ထို့နောက်ပိုင်း နယ်ချဲ့ဗြိတိသျှတို့က ပြန်လည်ရောက်ရှိလာခဲ့ပြီး စစ်အုပ်ချုပ်ရေးအသွင်ဖြင့် တစ်စခန်းထလာကြပြန်သည်။ဖက်ဆစ်တော်လှန်ရေးကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်မှုဖြင့် တိုင်းရင်းသားညီနောင်များ အချင်းချင်း သွေးစည်းညီညွတ်နေသည်ကို မလိုလားသည့် ဗြိတိသျှတို့သည် ဆင်းမလားစီမံကိန်းဟုခေါ်သည့် စက္ကူဖြူစာတမ်းကို ကိုင်ဆောင်ကာ မြန်မာနိုင်ငံတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။ ၁၉၄၆ ခုနှစ် ဇန်နဝါရီတွင် ဘုရင်ခံ ဒေါ်မန်စမစ် မြစ်ကြီးနားသို့ သွားရောက်ပြီး **"ယင်းတို့၏စက္ကူဖြူစီမံကိန်းအရ မြန်မာနိုင်ငံထဲမပါဝင်ဘဲ တသီးတခြား နေလိုကနေနိုင်ကြောင်း၊ ကချင်အမျိုးသားများကို မိမိက ထောက်ပံ့ကူညီမှာဖြစ်ကြောင်း၊ ဆေးရုံများနှင့်ကျောင်းများကို အဆင့်အတန်းမီမီ ဆောက်လုပ်ပေးမည်ဖြစ်ကြောင်း"** ကချင်ပြည်သူလူထုကို ပြောဆိုစည်းရုံး၍ ကိုလိုနီလက်အောက်ခံအဖြစ် ထားရှိလိုမှုကို ပြသခဲ့လေသည်။ ထိုနည်းကဲ့သို့ပင် တောင်တန်းဒေသဆိုင်ရာမင်းကြီး မစ္စတာ စတီဗင်ဆင် ဆိုသူကလည်း လွိုင်ကော်သို့ သွားရောက်ပြီး **“မြန်မာနိုင်ငံအား ကိုယ်ပိုင်အုပ်ချုပ်ရေးပေးတော့မည်ဖြစ်၍ ကချင်၊ ကယား၊ ကရင်၊ ချင်းနှင့် ရှမ်းနယ်များကို စုပေါင်းကာ တောင်တန်းဒေသအုပ်ချုပ်ရေးအဖွဲ့ ဖွဲ့မည်ဖြစ်သောကြောင့် မိမိတို့အဖွဲ့တွင် ပါဝင်ရန်”**ဟူ၍ ဆိုခဲ့ပြန်သည်။ မည်သို့ပင် အခက်အခဲအကျပ်အတည်းများ ရှိနေခဲ့သည့်တိုင် တပ်မတော်၏ ဦးဆောင်မှု၊ တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စုပေါင်းပါဝင်မှုတို့ဖြင့် လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် ကြိုးစားနိုင်ခဲ့ကြသည်။

မြန်မာတို့၏ အားနည်းချက်ကို သိထားခဲ့ကြသည့်နယ်ချဲ့ဗြိတိသျှတို့အနေဖြင့် ၎င်းတို့အသက်သွင်းခဲ့သည့်တိုင်းရင်းသားစည်းလုံးညီညွတ်မှုမရှိစေရေးနည်းလမ်းကို နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်ခဲ့ကြသည်။ အကျိုးဆက်သည်ကား လွတ်လပ်ရေးရပြီး မကြာမီမှာပင် ဗမာပြည်ကွန်မြူနစ်ပါတီ တောခိုသွားခဲ့လေသည်။ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးသည် ၁၉၄၉ ခုနှစ် အတွင်း ဆိုးရွားသောအခြေအနေတွင် ရှိခဲ့လေသည်။ နိုင်ငံတော်၏ အာဏာစက်အနေဖြင့် တစ်နိုင်ငံလုံးမလွှမ်းခြုံနိုင်သည့်အတွက် ရန်ကုန်အစိုးရဟုပင် အခေါ်ခံရသည့်အချိန်တွင် ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော မြန်မာ့တပ်မတော်သည် ရှိသမျှသော လူ၊ လက်နက်၊ ခဲယမ်းတို့ဖြင့် အမိနိုင်ငံတော်ကြီး မပြိုကွဲစေရေးကို ကာကွယ်စောင့်ရှောက်ခဲ့ကြရသည်။ ပြည်တွင်းသောင်းကျန်းသူများကို နှိမ်နင်းရုံသာမက မြန်မာနိုင်ငံအရှေ့ပိုင်းသို့ ကျူးကျော်ဝင်ရောက်လာသည့် ပြည်ပ တရုတ်ဖြူများ၏အန္တရာယ်များ၊ အနောက်ဘက် ရခိုင်ဒေသမှ မူဂျာဟစ်ကုလားဆိုးများကိုလည်း နယ်မြေတည်တံ့ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ရေး၊ တိုင်းရင်းသားပြည်သူတို့စိတ်အေးချမ်းသာစွာ နေထိုင်စေရေးတို့အတွက် တိုက်ထုတ်ခဲ့ရပြန်သည်။

လွတ်လပ်ရေးရပြီးချိန်မှစ၍ ယနေ့တိုင်အောင် နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့ရသော နိုင်ငံရေး၊ အုပ်ချုပ်ရေးယန္တရားတို့ ယိုယွင်းပျက်စီးနေချိန်တိုင်း တပ်မတော်သည် တာဝန်ပေးအပ်ချက်အရသော်လည်းကောင်း၊ မိမိကိုယ်တိုင် တာဝန်သိသိဖြင့်သော်လည်းကောင်း နိုင်ငံတော်၏ရှေ့ရေးကြမ္မာကို ထိန်းကျောင်းပေးခဲ့ရသည်။နိုင်ငံတော်၏ အတိတ်သမိုင်းသင်ခန်းစာများအရ ပြည်ထောင်စု မပြိုကွဲရေး၊တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးမူဝါဒအဖြစ် ချမှတ်၍ တိုင်းပြည် နောက်တစ်ကြိမ် လွတ်လပ်ရေးမဆုံးရှုံးရစေရေးကြုံတွေ့ခဲ့ရသော သမိုင်းကို သင်ခန်းစာယူလျက် အကောင်းဆုံး ကာကွယ်စောင့်ရှောက်ပေးနေသည်မှာ ငြင်းမရသော အချက်ပင်ဖြစ်၏။ ထိုသို့ တပ်မတော်မှ နိုင်ငံတော်လုံခြုံရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အချိန်ကာလတစ်ခုအားဖြင့် တာဝန်ယူဆောင်ရွက်ရသည့်အပေါ် ပုဂ္ဂိုလ်ရေးနှင့် အသင်းအဖွဲ့စွဲ၊ ပြည်ပသွေးထိုးမှုအပေါ် ယုံကြည်မှုလွန်ကဲသူများကြောင့် တပ်မတော်နှင့် ပြည်သူရင်ကြားစေ့နိုင်ရေး ခက်ခဲခဲ့ရသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ လက်ထက်ကာလအတွင်း တပ်မတော်နှင့် ပြည်သူ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကြား ယုံကြည်မှုတည်ဆောက်နိုင်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းဆီ စတင်ရောက်ရှိခဲ့သည်။ ထိုမှတစ်ဆင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းနိုင်ခဲ့သည်။၂၀၁၀ ပြည့်လွန်ကာလများအတွင်း နိုင်ငံတစ်ဝန်း တိုးတက်မှုပေါင်းစုံသည် တပ်မတော်ဖောက်ပေးခဲ့သော ရွှေပြည်၊ ရွှေလမ်း၊ ရွှေပန်းဥယျာဉ်ကြီးပင်ဖြစ်သည်ကို မြင်အောင်ကြည့်စေလိုပါ၏။

> “ လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော မြန်မာ့တပ်မတော်သည် ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံ၏မြေပုံ ထာဝရတည်တံ့နေအောင် ကာကွယ်ပေးလျက်ရှိသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ပင်ဖြစ်ပေသည်။ ဖြတ်သန်းခဲ့ရာ သမိုင်းရေစီးကြောင်းထက် “တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်”ဟူသည့် ဆောင်ပုဒ်နှင့်အညီ မယိမ်းမယိုင်သော သစ္စာတရားများဖြင့် ကိုယ်ကျိုးမဖက် ပြည်ကျိုးကိုသာငဲ့ကွက်ခဲ့... ”

အဆုံးမသတ်နိုင်သော နိုင်ငံရေးသံသရာသည် ၂၀၂၀ ပြည့်နှစ်တွင် တစ်ကျော့ပြန်လာခဲ့ပါသည်။ ထိုစဉ်က အာဏာရပါတီအနေဖြင့် ဒုတိယအကြိမ် ရွေးကောက်ခံအစိုးရဖြစ်နိုင်ရေးအတွက် မတရားသည့်နည်းလမ်းပေါင်းစုံကို အသုံးပြုကာ မဲအသာရရှိရန် ကြိုးပမ်းခဲ့ကြသည်။ မတော်တဆမှားယွင်းမှုမဟုတ်။ နည်းနည်းပါးပါး မဲအရေအတွက်မဟုတ်။ မဲမသမာမှုများအတွက် တပ်မတော်အနေဖြင့် အများဆန္ဒနှင့်အညီ ထိုစဉ်က တာဝန်ရှိသူအဆင့်ဆင့်ဆီ အသိပေးခဲ့သည်။ ထုတ်ပြန်ချက်များဖြင့်လည်း တရားဝင်အသိပေးကြေညာခဲ့သည်။ သို့သော်လည်း ထိုစဉ်က တာဝန်ရှိသူများအနေဖြင့် တပ်မတော်နှင့် အခြားသော ပါတီများ၏ ဆန္ဒကို မျက်ကွယ်ပြုခဲ့ကြပါ၏။ ထိုအခြေအနေအပေါ် တပ်မတော်အနေဖြင့် လွှတ်ပေးထားလိုက်ပါမူ ထိုထက်ပိုဆိုးရွားသော တိုင်းပြည်ကြမ္မာနှင့် ကြုံလာနိုင်သည်မို့ အချိန်နှင့်တစ်ပြေးညီ ဥပဒေပါ လုပ်ထုံးလုပ်နည်းများအတိုင်း နိုင်ငံတော်ကို တာဝန်ယူပေးခဲ့ရသည်။ စတင်တာဝန်ယူခဲ့ချိန်ကပင် ရှေ့ဆက်သွားမည့် လုပ်ငန်းစဉ်များနှင့် ဦးတည်ချက်များကို အသိပေးခဲ့သည်။မြန်မာလည်းသိ၊ ကမ္ဘာလည်းသိအောင် မျိုးစုံအသိပေးခဲ့သည်။ တပ်မတော်အနေဖြင့် ပေးထားသည့် ကတိကဝတ်များနှင့်အညီ နိုင်ငံတော်ကို ဦးဆောင်ဦးရွက်ပြုခဲ့သည်။

မုန်တိုင်းပြီးနောက် လေပြည်လေညင်းတို့ ရောက်လာသည့်အတိုင်း နိုင်ငံရေးအကူးအပြောင်း ကာလတစ်ခုအတွင်း ဖြစ်ပေါ်ခဲ့ရသော အခြေအနေတိုင်းသည် ဖြစ်လေ့ရှိသော အရာများသာဖြစ်၏။ ပဋိပက္ခကာလတိုခြင်းနှင့် ရှည်ခြင်းတို့သာ ကွာခြားတတ်ကြသည်။ ကွာခြားရသည့် အကြောင်းရင်းမှာ နိုင်ငံသားတို့၏ နိုင်ငံရေးအသိအမြင်အားနည်းမှု၊ကြွယ်ဝမှု၊ဒီမိုကရေစီရင့်ကျက်မှု၊ မရင့်ကျက်မှုတို့နှင့် တိုက်ရိုက်သက်ဆိုင်နေပါ၏။ ပဋိပက္ခများပြီးလျှင် နဂိုမူလအခြေအနေထက် သာလွန်သည့် အခင်းအကျင်းတစ်ခုကို ဖော်ဆောင်နိုင်ခဲ့သည်သာဖြစ်လေသည်။

ယခုအချိန်တွင် ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ပြီဖြစ်သည်။ ပြီးစီးခဲ့သည့်ရွေးကောက်ပွဲကြီးသည် တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်ကြောင်းကိုလည်း နိုင်ငံတကာမီဒီယာများ၊ အသိသက်သေများရှေ့တွင် ဂုဏ်ယူဝင့်ကြွားစွာပြသနိုင်ခဲ့သည်။



အနှစ်ချုပ်ဆိုရပါလျှင် လွတ်လပ်ရေးကြိုးပမ်းမှုနှင့်အတူ ပေါက်ဖွားလာသော မြန်မာ့တပ်မတော်သည် ကမ္ဘာတည်သရွေ့ မြန်မာနိုင်ငံ၏မြေပုံ ထာဝရတည်တံ့နေအောင် ကာကွယ်ပေးလျက်ရှိသည့် တစ်ခုတည်းသော မျိုးချစ်တပ်မတော်ပင်ဖြစ်ပေသည်။ ဖြတ်သန်းခဲ့ရာ သမိုင်းရေစီးကြောင်းထက် **“တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှ သစ္စာမဖောက်”**ဟူသည့် ဆောင်ပုဒ်နှင့်အညီ မယိမ်းမယိုင်သော သစ္စာတရားများဖြင့် ကိုယ်ကျိုးမဖက် ပြည်ကျိုးကိုသာ ငဲ့ကွက်ခဲ့သည်။

အင်အားမတောင့်တင်း၊ စစ်ရေးစွမ်းရည်နည်းပါးခြင်း၏ရလဒ်ကို ယနေ့ကမ္ဘာကြီး၏ ခေတ်သစ်စစ်ပွဲ အခင်းအကျင်းများက သက်သေပြလျက်ရှိသည်။ မြန်မာ့တပ်မတော်သည် ဖြတ်သန်းခဲ့သည့် ခရီးရှည်အတွင်း တိုင်းပြည်နှင့် လူမျိုးအကျိုး ဦးဆွေးဆံမြည့်ထမ်းရွက်ခဲ့သကဲ့သို့ အနာဂတ်ကာလတွင်လည်း ယခုနှစ်အတွက် ချမှတ်ထားသည့် တပ်မတော်နေ့ဦးတည်ချက်များနှင့်အညီ ဆက်လက်သယ်ပိုးနေဦးမည်ဖြစ်ပါကြောင်း ရေးသားတင်ပြရင်း ၂၀၂၆ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သည့် ၈၁ နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုလိုက်ရပါသည်။

ကိုးကား

- ရွှေပြည်တော် မျှော်မဝေးပြီမို့
  စည်သူအောင်၊ မောင်မှတ်

## ဆက်၍ချီမည် ရှေ့သို့ဆီ

☆ ရွှေရောင်စိန်ရောင်၊ မကအောင်လျှင်
ထွန်းပြောင်ပြိုးပြက်၊ တလက်လက်နှင့်
မြင့်တက်ဂုဏ်ထွေ၊ တဝေဝေကား
ထူးထွေမှတ်တမ်း၊ အခန်းခန်းတည့်
ထုံမွှမ်းဝေဆာ၊ ရှိခဲ့ပါသည်
မြန်မာ ပြည်သူ့တပ်မတော်...။

☆ သန္ဓေတည်စ၊ ထိုစဉ်ကပင်
မြန်မာ့အရေး၊ လွတ်လပ်ရေးတွက်
သွေးသစ္စာတိုင်၊ မြဲမြဲခိုင်လျက်
နိုင်ငံချုပ်ခြာ၊ တည်တံ့ရာဟု
ကာကွယ်စောင့်ကြပ်၊ စဉ်မလပ်ခဲ့
မြင့်မြတ်လှသော တပ်မတော်...။

☆ ဖြတ်သန်းခဲ့ပါ၊ ခရီးတာဝယ်
ပြည်ရွာအဝန်း၊ ရောင်စုံလွှမ်းသည့်
သောင်းကျန်းသူမှျ၊ ဘယ်မကချေ
ပြည်ပကျူးသူ၊ တရုတ်ဖြူလည်း
ကျူငုတ်မကြွင်း၊ တိုက်ဖျက်ခွင်းသည်
သတင်းမွှေးသည့် တပ်မတော်...။

☆ ရန်ကိုသင်းသတ်၊ ဖြတ်လေးဖြတ်ဟု
မပြတ်သင်းထုံ၊ အောင်ခြင်းဂုဏ်နှင့်
“ကွန်လုံ” အောင်ပွဲ၊ ပိုင်ပိုင်နွှဲ၍
“မဲသဝေါ” “မိုင်းယန်း”၊ အခန်းခန်းလည်း
အောင်ပန်းဆင်ကာ၊ ယနေ့ခါမှူ
စဉ်လာထုံမွှမ်း၊ အောင်မြဲလမ်းသို့
“တောင်ခမ်း”မှသည်၊ အစချီလျက်
ပြည်ဖျက်ရန်ဆိုး၊ အမျိုးမျိုးကို
ရိုက်ချိုးသုတ်သင်၊ အောင်ပွဲဆင်သည်
ဂုဏ်အင်မြင့်သော တပ်မတော်...။

☆ အို...
အောင်ဂုဏ်လွှမ်းကျော်၊ တို့တပ်မတော်သည်
ရှေးသော်အစ၊ ကောင်းခြင်းခလျက်
ထိုမှဆက်ကာ၊ ယနေ့ခါထိ
ပြည်ရွာအတွက်၊ ချွေးသွေးဆက်၍
မပျက်တာဝန်၊ ထမ်းကျေပွန်ခဲ့
မွန်မြတ်ပျံ့သင်း၊ အောင်သတင်းတို့
ဆောင်ကြဉ်းရှေ့ဆီ၊ ဆက်၍ချီမည်
မြန်ပြည် အစွန့်ရှည်စေဖို့...။

**မောင်စိမ်းနောင်(လယ်ဝေး)**



**တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်။**